
ဂူထဲကတစ္ဆေ
နှင့်
အပမှီသောအရုပ်
မင်းဘုန်းသိခ်သူ၊ဂါဦးနွန်းကို
ဒီဇိုင်း-ယမုံဝိုး

ထုတ်ဝေသူ
ဦးဘုန်းဇော်
အရှေ့ဘက်ကောင်းကင်
စာပေထုတ်လုပ်ဖြန့်ချိရေး
(၀၀၂၃၉)
အမှတ် ၂၈၂၊ ပထမထပ်၊
လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊

ပုံနှိပ်သူ
ဦးသိန်းဦး
မြတ်ရတနာပုံနှိပ်တိုက်
(၀၀၆၅၂)
အမှတ်-၄၂၊ ၄၂ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

အုပ်ရေ- ၁၀၀၀ အုပ်
တန်ဖိုး- ၅၀၀ ကျပ်

မျက်နှာဖုံးပန်းချီ
ဝိုင်းဇော်

မျက်နှာဖုံးဒီဇိုင်း
ယမုံစိုး

အတွင်းသရုပ်ဖော်
ကိုကျော်ဦး

ကွန်ပြူတာစာစီ
ဇာနည်မော်

မျက်နှာဖုံးCTP
EAGLE

အတွင်းဖလင်
ရာဇာမျိုးဝင်း

စာအုပ်ချုပ်
(မျိုးကြီး)
မေတ္တာပန်း
စာအုပ်ချုပ်လုပ်ငန်း

ဖြန့်ချိရေး

အရှေ့ဘက်ကောင်းကင်

အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄


ရှုထဲကတစ္ဆေ
နှင့်
အပမှိုသောအရှုပ်
မင်းဘုန်းသိမ်သူဂါဦးနွန်းကို

# မာတိကာ


၁။ မင်းဘုန်းသိခ်သူ

လူထဲကတစ္ဆေ တစ္ဆေထဲကလူ ............... ၅

၂။ ဂါဦးနွန်းကို

တစ္ဆေနှင်းသောခက်ဘီးကလေး ............ ၉၆

၃။ ဂါဦးနွန်းကို

ညဖယ်ရီ ..................... ၁၁၄

၄။ ဂါဦးနွန်းကို

လူနာရှောင့် ................... ၁၂၄

၅။ ဂါဦးနွန်းကို

အပဖို့ခဲ့သော အနုရုပ်ကလေး ............ ၁၄၂

# လူထဲကတစ္ဆေ တစ္ဆေထဲကလူ

## မင်းဘုန်းသိခ်သူ



တိမ်နီ၊ တိမ်ပြာ၊ တိမ်ပြာတွေ ချစ်ချစ်တောက် လောင်ကျွမ်းခဲ့သော အနောက်ဘက်တောအုပ်ထိပ်ရှိ ဆည်းဆာရောင်များသည်လုံးဝချုပ်ငြိမ်းသွားပေပြီ။

တစ်နေကုန် ရုံဖန်ရုံခါ ဆိုသလို ရွာလယ်လမ်းမပေါ်စည်စည်ဝေဝေဖြစ်ခဲ့သော လမ်းမသည်လည်း ကျွဲ၊ နွားများလည်းအိပ်စင်တဲအောက်သို့ ရောက်ရှိသွားကြပြီဖြစ်သည်။ ကျေးငှက်သာရကာများ၊ နွားငေါက်သံ၊ လှည်းမောင်းသံများသည်လည်းမှောင်ရီပျိုးစအချိန်တွင် ကူးလူးသွားလာမှု မရှိတော့ပေ။ ရွာဦးကျောင်းဆီမှာ ရွာရိုးကိုးပေါက်၊ ကိုးကုန်းကိုးကျင်း သွားလာတတ်သော ကပ္ပိယအိုကြီး ဦးသာဒွေးပင် သည်လိုညချမ်းချိန်တွင်

အပြင်မထွက်တော့ပေ။ ရဟန်း၊ သံဃာများ ညခုနစ်နာရီ ဘုရားရှိခိုးဝတ်ပြုချိန်အတွက် မီးထွန်းခြင်း၊ လူစစ်ခြင်း စသည်တို့ကို ဆောင်ရွက်နေလောက်ပေပြီ။

ကျွန်တော်သည် ခြံအပြင်ဘက်ရှိ တဖြည်းဖြည်း ထူထဲနက်ရှိုင်းစပြုလာသော အမှောင်ထုကြီးဆီသို့ အတွေးတစ်ခုဖြင့် စောင့်မျှော်ကာ ငေးစိုက်ကြည့်နေမိပေသည်။ ခြံမြေကား ကျယ်ဝန်းလှသည်။ ခြံရှေ့တွင် ရှင်းလင်းနေသော်လည်း ခြံနောက်တွင် သရက်ပင်၊ မာလကာပင်၊ ကွမ်းသီးပင်များဖြင့် ဝေဝေဆာဆာရှိကာ အရှေ့တောင်ထောင့်ဘက်တွင် နွားတင်းကုပ်ရှိသည်။

ကျွန်တော်၏ဘထွေးနှင့် အစ်ကိုဝမ်းကွဲတော်စပ်သူ ကိုမြလွင်တို့သည် ယခုချိန်တွင် နွားတွေခြံတွင်းသွင်းကာ တိရစ္ဆာန်များ ခြင်မှက်မကိုက်အောင် ထင်းမီးဖိုကာ နန္ဒင်းတက်ဖြင့် ခြင်မှက်ပြေးအောင် ပြုလုပ်နေပေပြီ။ ကျွန်တော်၏အစ်မတစ်ဝမ်းကွဲ မလေးနွယ်က ရွာလယ်သို့ ခြံထွက်ပန်းများ သွားပို့ရာ ပြန်မရောက်လာသေးပေ။

ဒေါ်လေးကတော့ ဘုရားကျောင်းဆောင်အောက်တွင် ကွမ်းအစ်တစ်လုံးနှင့် အလုပ်ရှုပ်နေဆဲ။ ကျွန်တော်သည် မီးအိမ်ထွန်းညှိရန် နေရာမှထလိုက်သည်။ ထိုအချိန်တွင် ခြံထဲသို့ဝင်လာသော ခြေသံကိုကြားလိုက်ရသဖြင့် မီးထွန်းရန် ခေတ္တရပ်ဆိုင်းလိုက်မိသည်။

ခြံထဲသို့ လူတစ်ယောက် ဝင်လာခြင်းဖြစ်သည်။ သန်မာတောင့်တင်းကာ လုံချည်တိုတိုဝတ်ဆင်ထားသော လူတစ်ယောက်သည် မှုန်ဝါးဝါးအမှောင်ထုကိုဖြတ်ကာ အိမ်ထဲသို့ ရဲတင်းဖျတ်လတ်စွာ ဝင်လာခြင်းဖြစ်သည်။ ကျွန်တော်၏ဝမ်းကွဲအစ်ကို မဟုတ်ပေ။ ကျွန်တော် မမြင်ဖူးသော သူစိမ်းရွာသား လူတစ်ယောက်သာဖြစ်သည်။

"အမေ…အမေ"

နှစ်ခွန်းဆင့်ခေါ်လိုက်သော အသံကြောင့် ဒေါ်လေးသည် ကွမ်းသီးညှပ်နေရာမှ ရုတ်ခြည်းရပ်တန့်ပြီး အသံလာရာ အမှောင်ထုတွင်း လှမ်းမျှော်ရင်း -

"သား…အောင်ဂျမ်း"

"ဟုတ်တယ်…အမေ"

အသံနှင့်အတူ အိမ်ပေါ်သို့ရဲတင်းဖျတ်လတ်စွာ တက်ရောက်လာသည့်သူကို ဒေါ်လေးက သားဟု ပြန်နှုတ်ဆက်လိုက်သံသည် နူးညံ့သိမ်မွေ့လွန်းလှသည်။ အဲဒီပုဂ္ဂိုလ်ကို သားတစ်ယောက်ကဲ့သို့ ပြုမူဆက်ဆံလိုက်ပေကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သဘောအရ နူးညံ့နွေးထွေးမှုကို ခံစားလိုက်ရပေသည်။

ကျွန်တော် သဘောပေါက်လိုက်ပေပြီ။ အဘယ့်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်ကို ကျွန်တော်စောင့်မျှော်နေသောကြောင့်ပေတည်း။

ကျွန်တော်သည် ဒေါ်လေး၏ အောင်ဂျမ်းဟူသော အမည်ကို ကြားလိုက်ရသည်နှင့် နေရာမှဖျတ်ခနဲထကာ ခရီးဦးကြိုဆို ပြုလိုက်မိသည်။

"လာ…ညီလေး အောင်ဂျမ်း၊ ကိုယ်က ကိုဝေလွင်ပါ"

"ဪ…ဟုတ်ကဲ့"

အောင်ဂျမ်းသည် ကျွန်တော့်ကိုဖော်ရွေစွာ တစ်ချက်ပြုံးရင်း အိမ်ပေါ်သို့တက်လာသည်။ ဒေါ်လေးသည် အောင်ဂျမ်းကို သေချာစိုက်ကြည့်ရင်း –

"သား …အောင်ဂျမ်း၊ ဒါ သားကို သိပ်တွေ့ချင်နေတဲ့ ရန်ကုန်က ဒေါ်လေးရဲ့တူပဲ။ မိုးချုပ်လိုက်တာကွယ်။ မနက်မှဖြစ်ဖြစ်"

အောင်ဂျမ်းသည် လုံချည်တိုတိုပြင်ဝတ်ကာ ကြမ်းပြင်ပေါ်တွင်ပင် လွတ်လပ်စွာထိုင်ချလိုက်သည်။ ကျွန်တော့်ကိုလှမ်း၍ တလေးတစား ပြုံးပြလေသည်။

"အမေသိတဲ့အတိုင်းပဲ။ တစ်ခြံလုံး ကျွန်တော့်ကိစ္စတွေချည်းပဲ။ ခုတောင် နွားတွေခြံထဲသွင်းပြီး ထွက်လာတာ။ ဒီမှာ ညအိပ်မယ် အမေ"

"ကောင်းပါ့၊ မင်းမိဘတွေကို ပြောလာပခဲ့လား"

"ပြောခဲ့တာပေါ့အမေရ၊ မပြောလို့ ဖြစ်လား"

ဒေါ်လေးသည် အနည်းငယ်တွေဝေသွားသည်။

"သား…အခုဘယ်က လာတာတုန်း။ မြစ်ဘက်က လား၊ တာရိုးပေါ်ကလား"

"ဘယ်ကမှ လာတာမဟုတ်ဘူး အမေ၊ ကျွန်တော် သင်္ချိုင်းထဲက ဖြတ်လာတာ"

"အလိုတော်…ဘုရား၊ ဘုရား"

ဒေါ်လေးသည် ရင်ဘတ်ကိုလက်ဖြင့်ဖိကာ၊ မျက်လုံးပြူး ကာ အံ့သြတကြီး ဖြစ်သွားရှာသည်။ အောင်ဂျမ်းသည် ဘာမှ မဖြစ်သလို ရယ်ကျဲကျဲလုပ်နေသည်။

ကျွန်တော်သည် ဒေါ်လေးကိုတစ်လှည့်၊ အောင်ဂျမ်းကို တစ်လှည့်ကြည့်ကာ ထူးထူးဆန်းဆန်း ဖြစ်မနေမိသည်။ ဒေါ်လေး သည် တစ်ချက်ငိုင်တွေသွားကာ ရုတ်ခြည်းပြောင်းလဲသွားသော၊ မှုန်ရီဝေဝါးသွားသော မျက်ဝန်းညိုများဖြင့် တိုးတိတ်စွာ -

"သားက ဘယ်ကြောက်မှာလဲ။ တစ္ဆေတစ်ပိုင်း၊ လူတစ် ပိုင်းကိုး"

ညည်းညူရင်း လွမ်းဆွတ်ဟန်ဖြင့် ပြောလိုက်ရှာပေသည်။

ကျွန်တော့်အဖို့မှာကား လူထူးလူဆန်းတစ်ယောက်တော့ ဖြင့် မျက်ဝါးထင်ထင် တွေ့ရလေပြီဟု ဝမ်းသာအားရဖြစ်ကာ လွန်မင်းစွာ ဝမ်းသာသွားရသည်။

ဒေါ်လေးသည် မည်သည့်စကားမျှ မဆိုတော့ဘဲ ဘုရား ဝတ်ပြုရန် ဆီမီးထွန်းညှိပူဇော်နေသည်။ ကျွန်တော်သည် အောင်

ဂျမ်းထိုင်နေသော ဘေးမှာပင် ဝင်၍ထိုင်လိုက်မိပြီး အောင်ဂျမ်းကို အကဲခတ်ကြည့်မိသည်။

အသားညိုစပ်စပ် လေးထောင့်မကျတကျမျက်နှာ၊ မျက်ခုံးထူထူထဲထဲ၊ တောက်၍စူးရှသောမျက်လုံး၊ တုတ်ခိုင်သန်မာသော ခန္ဓာကိုယ်အချိုးအဆက်၊ အင်္ကျီအပြာကွက်စိပ်အနု၊ လုံချည်အနွမ်းကလေးနှင့် ရဲရင့်ပြတ်သားကာ မဟုတ်မခံစိတ်ရှိသည်ဟု အကဲခတ်မိပေသည်။

"အမေကလည်း အစ်ကို့အကြောင်း ပြောပါတယ်။ အစ်ကိုဟာ စာရေးဆရာဖြစ်တဲ့အကြောင်း၊ ကျွန်တော့်ကို တွေ့ချင်နေတဲ့အကြောင်း၊ ကျွန်တော့်အကြောင်းကို စိတ်ဝင်စားတယ်ဆိုလို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကလည်း အစ်ကိုလိုလူမျိုးကို ကျွန်တော့်အကြောင်းတွေကို အေးအေးဆေးဆေး ပြောပြချင်နေတာပါခင်ဗျာ။ အစ်ကိုသိတဲ့အတိုင်းပဲ လယ်ယာလုပ်ငန်းဆိုတာ အားလပ်တယ်မရှိပါဘူး။ ပင်လည်း ပင်ပန်းတာကိုး။ ဩော် အမေ၊ အဖေနဲ့ အစ်မကောဗျ၊ မမြင်ပါလား"

"နင့်အဖေနဲ့အစ်ကိုက နွားတဲမှာ။ အစ်မကရွာထဲ ပန်းသွားပို့လေရဲ့ကွယ်"

ဒေါ်လေးက စကားပြန်ဖြေပြီး ဘုရားဝတ်ပြုရန် ကျောင်းဆောင်ရှေ့တွင် ထိုင်သည်။ ခဏကြာလျှင် ဩကာသရွတ်သံ ကြားရသည်။

အောင်ဂျမ်းသည် ခြံထဲဝင်လာခါစက ပီဘိယောက်ျား ကြီးတစ်ယောက်ဟု ထင်မှတ်ရသော်လည်း အနီးကပ်စကားသံ ဆိုကြည့်သောအခါမှ အသက်နှစ်ဆယ်ပင် မပြည့်တတ်သေးသည့် လူငယ်လေးတစ်ယောက်ပါတကား။ လိမ္မာယဉ်ကျေးသည့် လူငယ်ကလေးတစ်ယောက်ပေတကား။ ကျွန်တော်၏ဘထွေး၊ ဒေါ်လေး၊ ညီအစ်ကို မောင်နှမတစ်ဝမ်းကွဲများကိုပင် အဖေ၊ အမေတဲ့။ အစ်ကို၊ အစ်မတဲ့။ ထိုအသံကလည်း တမင်လုပ်ကြံ ပြောသည့်အသံ၊ ဟန်ဆောင်ပန်ဆောင် မဟုတ်ဘဲ နွေးထွေးသော အသံ၊ ရင်ထဲမှလာသောအသံ။

အမှန်ကိုဝန်ခံရလျှင် အောင်ဂျမ်းသည် လူဝင်စားတစ်ယောက်သာတည်း။ ကျွန်တော်၏ဘထွေးနှင့် ဒေါ်လေးတို့၏ အကြီးဆုံးသားကြီး ကွယ်လွန်ပြီး တခြားရွာမှာ သွားရောက်ဝင်စားသည့် လူဝင်စားတစ်ယောက်ပင်ဖြစ်သည်။ ဘထွေး၏သားကြီးသည် ယခုချိန်ထိ မကွယ်လွန်ဘဲ ရှိမည်ဆိုပါက အသက်လေးဆယ်နီးပါးခန့်ရှိပေမည်။ ကျွန်တော်၏အစ်မဝမ်းကွဲက အပျိုကြီး၊ အသက် ၃၅ နှစ်ခန့်၊ အငယ်ဆုံးကိုထွေးက အသက် ၃၀။ နှစ်ယောက်စလုံး လူပျို၊ အပျို၊ လူလွတ်ကြီးတွေပင်။ အကြီးဆုံးက ကိုဘိုးဒန်။ ကိုဘိုးဒန်ကွယ်လွန်သည်မှာ နှစ်နှစ်ဆယ်ကျော် အစိတ်နီးပါး။

ယခု ကျွန်တော်၏မျက်မှောက်သို့ ရောက်နေသော

အောင်ဂျမ်းဆိုသော လူငယ်ကလေးသည် ကိုမျိုးလွင်သေ၍ တစ်ဖန်လူ့ဘဝသို့ ရောက်လာသော လူတစ်ယောက်။ သြော်…ဘဝ အိုးအိမ် အကြိမ်ကြိမ်ဟု ဆိုရပေမည်။ ယခုဘဝမှာတော့ အောင်ဂျမ်းသည် အသက်နှစ်ဆယ် မပြည့်တစ်ပြည့် လူငယ်ကလေးသာ။ ဒါပေမဲ့ ဘဝဟောင်းမှ မိဘများ၊ ညီအစ်ကိုမောင်နှမများကို အဖေ၊ အမေဟုလည်းကောင်း။ အစ်ကို၊ အစ်မဟုလည်းကောင်း ခေါ်နေဆဲပင်။ လူဝင်စားဘဝသည် ဆန်းကြယ်လှပေသည်။ အောင်ဂျမ်းသည် အတိတ်ဘဝမှဖြစ်စဉ်အားလုံး၊ သူပိုင်ဆိုင်သည့် ပစ္စည်း၊ ကွယ်ဝှက်ထားသည့်ပစ္စည်း အလုံးစုံ မမှားမယွင်း ပြောပြနိုင်သည်။ ရွာဦးကျောင်းဆရာတော်၏ဘွဲ့၊ သူငယ်ချင်းများ၊ ထူးခြားဖြစ်စဉ်များကို အမှားအယွင်းမရှိ ပြောပြနိုင်သူ ဖြစ်သည်။

"မောင်အောင်ဂျမ်း…ဒီမှာညအိပ်မယ်ဆိုတော့ ကိုယ်တို့ အေးအေးဆေးဆေး ပြောဆိုရတာပေါ့ကွာ"

"ဟုတ်ကဲ့…ကျွန်တော်လည်း အစ်ကို့ကို ပြောပြချင်တာတွေ အများကြီးပဲ။ အစ်ကို့လို စာရေးဆရာတစ်ယောက်ကို မခွင်းမချန် ပြောပြချင်နေတာ"

"ကျေးဇူးပဲကွာ။ လွတ်လွတ်လပ်လပ် ပြောလို့ရတယ်။ ပွင့်ပွင့်လင်းလင်းပေါ့။ ဟုတ်ပြီလား မောင်အောင်ဂျမ်း၊ သြော် နည်းနည်းနားပါဦး။ ပြီးမှ မောင်အောင်ဂျမ်းအကြောင်း ပြောတာပေါ့။ "သြော်…စကားမစပ် ဒီကိုလာတော့ ကျွန်တော် ဖြတ်

လမ်းဖြစ်တဲ့ သင်္ချိုင်းကို ဖြတ်လာတာခင်ဗျ"

"မကြောက်ဘူးလား။ ဒေါ်လေးက တစ္ဆေတစ်ပိုင်း၊ လူတစ်ပိုင်းလို့ ပြောလိုက်တယ်"

အောင်ဂျမ်းသည် ပွင့်လင်းစွာတစ်ချက် ရယ်မောလိုက်သည်။

"ကျွန်တော်အရင်ဘဝက တစ္ဆေဖြစ်ခဲ့တာကိုး။ ဘယ်လိုလုပ် ကြောက်မှာလဲ"

"သင်္ချိုင်းထဲက ဖြတ်လာတော့ မခြောက်လှန့်ဘူးလား"

ဒုတိယမ္ပိရယ်မောလိုက်ပြန်သည်။ ရယ်သံသည် ပေါ့ပါးလှသည်။

"ခြောက်လှန့်ဖို့ နောက်ကလိုက်လာကြတာပေါ့။ ဒါပေမဲ့ ကျွန်တော်က သရဲတစ္ဆေဘဝက လာတဲ့သူဆိုတော့ ကြောက်စိတ်လုံးဝမရှိဘူး။ ဒါနဲ့ မင်းတို့ငါ့ကိုခြောက်လှန့်ဖို့ စိတ်မကူးကြနဲ့ဟေ့။ ငါ တစ္ဆေဘဝက လာတာ။ ဒီသင်္ချိုင်းမှာ ငါနေတာ။ ဟောဒီမှာ ငါနေတဲ့ဟာဆိုပြီး ၊ ဇရပ်ဘေးက သမုံ့ပင်ကြီးကို လက်ညှိုးထိုးပြလိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော့်မိတ်ဆွေသွားကျိုးကြီးက သစ်ပင်ပေါ်ကနေ ခေါက်ထိုးဆင်းလာပြီး 'ဟေ့ ငါ့သူငယ်ချင်းကွ။ မင်းတို့ မခြောက်ကြနဲ့။ ဒီသမုံ့ပင်ကြီးမှာ သူ တစ္ဆေဘဝတုန်းက ငါနဲ့အတူတူနေခဲ့တာကွ။ သူက ကျွတ်လွတ်ပြီး လူဖြစ်နေတာ။ ငါက ကျန်နေတာ။ သွားကြ၊ ဝေးဝေး

သွားကြ၊ ဟိုဘက်က ဝက်မှင်ပြော ကိုယ့်နေရာကိုယ်သွား၊ မင်းတို့ ခြောက်လည်း သူကြောက်မှာ မဟုတ်ဘူး။ မောသွားမယ်’လို့ ပြောလိုက်လို့ အကုန်ရှဲသွားကြတာ”

“ညီလေးသူငယ်ချင်း သွားကျိုးကြီးက မကျွတ်သေးဘူး ပေါ့”

“ဟုတ်တယ် အစ်ကို၊ မကျွတ်သေးဘူး။ သူ့အကုသိုလ်က ကြီးတယ်။ ပဋ္ဌာန်းရွတ်ပြီး ပြန်လာတဲ့သံဃာတော်ဆီက လှူဖွယ်ဝတ္ထုငွေသားတွေ လမ်းကဖြတ်လုရင်း လက်လွန်သွားတာ။ သံဃာတော်ပျံလွန်တော်မူသွားတယ်ခင်ဗျ။ အဲဒီဝဋ်ကြွေးတွေက တော်တော်ကြီးမားတယ်။ ခုထက်ထိ မကျွတ်မလွတ်သေးဘူး။ တော်တော်များများ ကျွတ်လွတ်သွားကြပြီး သင်္ချိုင်းထဲမှာ မရှိကြတော့ဘူး။ ကျန်တဲ့လူလည်း ကျန်ပေါ့။ ကျွန်တော် ဒီကိုလာတော့ သွားကျိုးကြီးက ရွာထိပ်နတ်ကွန်းနားထိ လိုက်ပို့ပါတယ်။ ရွာထဲထိတော့ ဝင်ခွင့်မရဘူး။ လှည့်ပြန်သွားရှာတယ်။ ကျွန်တော့်ကို သိပ်ခင်မင်ရှာတာပါ”

ကျွန်တော့်မှာ အံ့ဩတကြီး အထူးအဆန်း ဖြစ်နေမိသည်။

“ကဲကွာ ...အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ခဏနားပါဦး။ ရေနွေးသောက်၊ မုန့်စား၊ ကိုယ့်မြို့က မုန့်တွေ ပါလာတယ်။ ပြီးမှ ကိုယ့်အခန်းထဲမှာ ညီလေးတစ္ဆေဘဝက ဖြစ်သမျှ၊ ကြုံသမျှတွေကို စီကာပတ်ကုံး ပြောပြပေတော့”

"ဟုတ်ကဲ့ပါ အစ်ကို၊ မခွင်းမချန် အကုန်ပြောပြမှာပါ"
"အိုကေ…ညီလေး"

❒

ကျွန်တော် ယာယီနေထိုင်ရန် ပေးထားသော အခန်းက လေးသည် ဆယ်ပေပတ်လည်ခန့်ရှိသည်။ အနောက်ဘက်တွင် စပါးအိတ်များ၊ ငှက်ပျောခိုင်များထားရာ စပါးခွံနှင့် ငှက်ပျောနံ့ကို ရနေသည်။ ခြံနှင့်လယ်ယာအနံ့ဟု ဆိုရမည်ပင်။

ကျွန်တော်သည် ဆိုလာမီးအိမ်ကလေးကို ထွန်းညှိလိုက် ပေရာ တစ်ခန်းလုံး လင်းလင်းချင်းချင်း ရှိသွားပေသည်။ ထို့နောက် ပြတင်းပေါက်ပွင့်သွားသည်နှင့် လေစိမ်းတွေ တသွင် သွင်ဝင်လာသည်။ နက်မှောင်ရှုပ်ထွေးလှသော သစ်ပင်တွေက တော့ ကျစ်လစ်သိပ်သည်းသော အမှောင်ထုအောက်တွင် မလှုပ် မယှက် ငေးငြိမ်ရပ်တန့်နေကြပေသည်။

အောင်ဂျမ်းသည် ကျွန်တော့်ရှေ့ရှိ ခုံတွင် ပေါ့ပါးလွတ် လပ်စွာ ဝင်ထိုင်သည်။ သူ၏အသွင်ဟန်ပန်သည် ဘထွေးတို့အိမ် သားကဲ့သို့ပင် ရင်းနှီးဖျတ်လတ်မှုရှိသည်။ ကျွန်တော်သည် ဆိုလာ မီးရောင်အောက်မှာပင် သူ၏မျက်နှာကို တစ်ချက်ကြည့်လိုက်မိ သည်။

အသက် ၂၀ တည်းဟူသော အရွယ်နှင့်မလိုက်ဖက် အောင် ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်းမှုကို တွေ့လိုက်ရသည်။

လယ်ယာအလုပ်၊ ခြံမြေအလုပ်ကို ဦးစီးလုပ်ကိုင်ရသဖြင့် သူ၏ လက်ဖဝါး၊ ခြေဖဝါးများသည် ကြမ်းတမ်းခက်မာနေပေလိမ့်မည်။ သို့သော် သူ၏မျက်လုံးများကား စူးရှတောက်ပြောင်လှသည်။

ထိုအောင်ဂျမ်းဆိုသော လူငယ်ကလေးသည် ဘထွေးနှင့် ဒွေးလေးတို့၏ ယခင်ဘဝက သားအကြီးဩရသကိုမျိုးလွင် ဝင်စားသည်ဆိုလျှင် ယုံချင်မှယုံပေလိမ့်မည်။ ဒုတိယကိုမြလွင်နှင့် တတိယ မလေးနွယ်၊ အစဉ်အတိုင်း။ ယခု ကိုမျိုးလွင်ဆုံးသွားတော့ ကိုမြလွင်နှင့် မလေးနွယ်သာ လူပျိုကြီး၊ အပျိုကြီးများအဖြစ် ကျန်ရစ်ခဲ့သည်။

အောင်ဂျမ်းသည် ကွယ်လွန်ပြီးနောက်ပိုင်းတွင် ယခင်ဘဝက ကျင်လည်ကျက်စားခဲ့ရသည့် တစ္ဆေဘဝ ငါးနှစ်တိုင်တိုင် မှတ်မိနေခြင်း၊ လူ့အဖြစ်ကို ပြန်လည်ဝင်ရောက်လာခြင်းတို့ကို အလုံးစုံမှတ်မိနေသည်က အံ့ဩစရာနှင့် ထူးဆန်းလှသည်ဟု ဆိုရပေမည်။ အတိတ်ဘဝကို ပြန်လည်မှတ်မိနေသည့် ဇာတိဿရ ဉာဏ် ရရှိသည်ဟု ပြောရမည်။ လူတိုင်းလူတိုင်းသည် ကျင်လည်ရာ ဘဝအထွေထွေတွင် ဘဝဟောင်းကို ပြန်၍ မှတ်မိနေသည်က လည်း ထူးခြားသည့်ကုသိုလ်ဟု ယူဆရလေမလား။

"မောင်အောင်ဂျမ်းရေ···မလွေးနွယ်တို့ရဲ့အစ်ကိုကြီး ကိုမျိုးလွင်ဆိုတာ အစ်ကိုတို့နဲ့ ညီအစ်ကိုဝမ်းကွဲတော်ပါတယ်။

အသက်တော့ ကွာတယ်လေ။ ခုနေရှိရင် လေးဆယ်လောက်ရှိပြီ။ ပြီးတော့ ကိုမြလွင်၊ မလေးနွယ်၊ အစ်ကိုတို့က သူတို့ထက် အများကြီးငယ်ပါတယ်။ ကိုမျိုးလွင် ရတဲ့တရက်ဆုံးတော့ အစ်ကိုတို့က ချာတိတ်ကလေးတွေပါ။ မိုးဦးကျ ကျောင်းဖွင့်စပေါ့ကွာ။ ဈာပနကိုတော့ အစ်ကိုတို့မိဘများ လာကြတယ်။ ခုလို ကားလမ်းတွေမပေါက်သေးတော့ ရေလမ်းခရီးကပဲ လာကြရတာပါ။ ကြားသင်္ဘောလို့ခေါ်တဲ့ လှော်ချင်းသင်္ဘောကလေးတွေ ရှိတယ်။ ရန်ကုန်ကနေ ရွာကို နေ့ဝက်နီးပါး ခုတ်မောင်းရတယ်။ မိုးတွင်းဆိုတော့ လေနဲ့မိုးနဲ့ သွားရလာရတာ သိပ်အဆင်မပြေပါဘူး။ ခုလို ကားလမ်းခရီးဆိုရင် ၂ နာရီခွဲပဲ မောင်းရမှာ။ ကဲ…မောင်အောင်ဂျမ်းရေ၊ ညီလေးရဲ့ဘဝဖြစ်စဉ် ဘဝကူး တစ္ဆေဘဝ၊ လူ့ဘဝ နားထောင်ရအောင်ကွာ''

''ဟုတ်ကဲ့…ဒီလိုခင်ဗျ''

□

''ကျွန်တော်က မွေးချင်းထဲမှာ ညီအစ်ကို၊ နှမတစ်ယောက်ရှိပြီး အကြီးဆုံးဆိုတော့ အလုပ်ပိုလုပ်ရတယ် ဆိုပါတော့ဗျာ။ မိုးဦးကျ၊ လေဦးကျ သင်္ကြန်လွန်ကာလဆိုတော့ ဒီမှာ မိုးဖြိုင်ဖြိုင် ရွာနေပြီလေ။ တောင်သူလယ်သမားဆိုတော့ မိုးအားကိုးရတာပေါ့''

''ဒါပေါ့လေ…ကိုယ်တို့မိဘတွေက လယ်သမား၊ ခြံ

သမားအဆက်နွယ်ကိုး”

“အဲဒီနေ့က မနက်စောစောနွားကို ထွန်တုံးတပ်၊ ပြီး အိမ်နောက်ဘက် ခပ်လှမ်းလှမ်းက ကျွန်တော့်မိဘများ (ယခင်ဘဝ ဘထွေးနှင့် ဒေါ်လေး) ပိုင်ဆိုင်တဲ့ လယ်မှာ လယ်ထွန်ဖို့သွားရတယ်လေ။ မနက်စောစော ထမင်းကြမ်း၊ အကြော်ပူပူကလေး စားပြီး နွားတစ်ရှဉ်းနဲ့ လယ်ထဲထွက်လာတယ်။ မိုးကလည်း သဲသဲမဲမဲပဲ။ ကျွန်တော် လယ်ကွင်းစပ်ကနေ တစ်ကွင်းလုံးကို လှမ်းကြည့်လိုက်တော့ ဟိုနေရာ၊ သည်နေရာမှာ ကွက်ကြား လယ်ထွန်နေကြတဲ့လူတွေ လှမ်းတွေ့နေရတယ်။ တချို့လည်း လယ်မထွန်သေးဘူး။ ကျွန်တော့်မိဘများက လယ်ကေများတယ် လေ။ ဒါတောင် အငှားချထားတဲ့လယ်တွေ ရှိသေးတယ်ဗျ။ ထားပါတော့။

ဒါနဲ့ ကျွန်တော် နွားတစ်ရှဉ်းရယ်၊ နှင်တံရယ်၊ ခမောက်ရယ်ဆောင်းပြီး သမှဲ့ပင်ကြီးရှိရာကို လာတယ်။ သမှဲ့ပင်ကြီးဆိုတာ လူကြီးလက်တစ်ဖက်စာ မကဘူး။ ကျွန်တော်တို့ပိုင်တဲ့ လယ်ထဲမှာ ရောက်နေတာလေ။ အရိပ်လည်းရ၊ နားခိုစရာလည်း ဖြစ်တော့ မခုတ်ဘဲထားတာပါ။ အဲဒီမှာ လူသုံးယောက်စာလောက် နားခိုစရာ လယ်တဲကလေးလည်း ရှိတယ်။ ပစ္စည်းတွေထားပေါ့။ နေ့လယ် ထမင်းစားချိန်ကျမှ အမေဖြစ်ဖြစ်၊ ညီမလေးဖြစ်ဖြစ် ထမင်းလာပို့မှာပါ။

နွားနှစ်ကောင်ကလည်း သဲ့သဲမဲမဲရွာနေတဲ့မိုးအောက်မှာ လယ်ထဲဆင်းဖို့ တကြွကြွဖြစ်နေကြပြီး သိပ်လိမ္မာတဲ့ နွားတွေပါ။ ဒါနဲ့ ကျွန်တော်လည်း နှင်တံကိုကိုင်၊ ခမောက်ကိုဆောင်းပြီး လယ်ထဲဆင်း၊ နွားနှစ်ကောင်နဲ့ ရုန်းရတာပေါ့ဗျာ။

လယ်ထဲဆင်းတော့ မနက်ရှစ်နာရီကျော်ကျော်၊ ဒါနဲ့ ဆယ့်တစ်နာရီခွဲလောက်မှာ ထွန်ဖြုတ်ပြီး ထမင်းစားဖို့ စိတ်ကူးတော့ မိုးစဲသွားပြီ။ လယ်ထဲမှာတော့ ရေတွေက ဖွေးဖွေးလှုပ် အပြည့်ပေါ့။ နွားတွေကိုတော့ လယ်ကန်သင်းရိုးစပ်က မြက်တော ထဲ လွှတ်ထားလိုက်ပြီး ကျွန်တော်ကတော့ သမဲ့ပင်အောက်က တဲကလေးဆီ လျှောက်လာတယ်။ ခဏကြာရင် အိမ်ကထမင်း ချိုင့်လာပို့တော့မယ်လေ။ အလုပ်ကလည်း ပင်ပန်း၊ ထမင်းက လည်း ဆာပေါ့ဗျာ။

ဒါနဲ့ လယ်တဲဆီလျှောက်လာတယ် ဆိုပါတော့။

အစ်ကိုရေ …အဲဒီမှာ ကျွန်တော့်ဘဝ အဖြစ်ဆိုးနဲ့စကြုံ ရတော့တာပါပဲ။ နွားခြေရာခွက်ထဲမှာ ပိုးကောင်ဗျ။ အပေါ်ကနေ သစ်ရွက်ခြောက်ညိုညိုတွေနဲ့ဖုံးပြီး ဒီကောင်က အောက်မှာမလှုပ် မယှက် ခွေနေတာကိုး။

“မြွေပွေး …အစ်ကို၊ မြွေပွေးဗျ။ နည်းနည်းနောနော အကောင်ကြီး မဟုတ်ဘူး။ ကျောမှာ အကွက်ကြီးတွေနဲ့ ကျွန် တော့် လက်ကောက်ဝတ်ထက် မကဘူး။ ကျွန်တော်လည်း

ရေးကြီးသုတ်ပျာနဲ့ မမြင်မစမ်း တက်နင်းလိုက်မိတယ်။ ခေါင်းကိုမနင်းမိဘဲနဲ့ အမြီးဖျားကို နင်းလိုက်မိတယ်ဗျာ။ မျက်လုံးထဲကို မီးတွေ ပွင့်ထွက်သွားသလိုပဲဗျာ"

"ကျွန်တော့်ခြေမျက်စိကို ကိုက်လိုက်တာပါ။ မြန်လိုက်တာ"

"ဒုတ်"

"အောင်မလေးဗျ"

သူငုံ့ကြည့်လိုက်တော့ ရောမအကွက်ကြီးများဖြင့် ပါးစပ်ပြဲကာ ဟာစိဟာစိဖြစ်နေသော မြွေပွေးတစ်ကောင်။ သွားပြီ၊ သူ့ကို ပိုးထိလေပြီကော။

ရင်ထဲမှာ အားငယ်စိတ်နှင့်အတူ ရုတ်တရက်အသက်ရှူကျပ်လာသည်။ မျက်လုံးထဲမှ မီးပန်းရောင်စုံတွေ ပွင့်ထွက်သွားသည်သာမက နား၊ နှာခေါင်း စသည့်ဒွါရကိုးပေါက်မှ သွေးစိမ်းရှင်ရှင်တွေ ပန်းထွက်သွားသကဲ့သို့ ခြေလက်တွေ တစ်စစီပြုတ်ထွက်သွားရသည့် ခံစားမှုမျိုးပဲ ဖြစ်လိမ့်မည်။ ထိုစိတ်နှင့်အတူ ငါ သေရတော့မှာပါကလားဟူသော အတွေးသည် ပထမဦးဆုံး ဝင်လာသည်။ မိုးရေစိုစိုထဲတွင် သူသတိလစ်မေ့မြောလဲကျသွားခဲ့သည်။

□

တစ်စုံတစ်ယောက်က လှန့်၍နှိုးလိုက်သလို ခံစားမှုဖြင့် သူ ရုတ်တရက် လန့်နိုးသွားသည်။ မျက်စိဖွင့်လိုက်သည်နှင့် ပတ်ဝန်းကျင်သည် မှုန်မှိုင်းသော မိုးရိပ်ရည်ဖြင့် မှောင်ရီပျိုးစ ပြုလာပေပြီ။

"ဟင်…ငါ မိုးရေထဲမှာ၊ ရွှံ့တောထဲမှာ အိပ်ပျော်နေ ပါပကောလား။ ဩော်…မဟုတ်သေးပါဘူး။ ငါ့ကို မြွေပွေး ကိုက်သွားတာပဲ။ ဒါပေမယ့် ဘာမှမဖြစ်ပါလား။ ဩော်…ဟုတ် ပါရဲ့။ မြွေပွေးမှ မဟုတ်ဘဲကိုး။ ကနကုတ်ပဲ။ ကနကုတ်က ရေမြွေလေ၊ ရေမြွေဆိုတော့ အဆိပ်မှ မရှိဘဲဥစ္စာ။ ဒါပေမဲ့ ငါဘာဖြစ်လို့ အိပ်ပျော်နေတာလဲ"

သူ လယ်ကွင်းစပ်တွင် လွှတ်ကျောင်းထားသော နွားနှစ် ကောင်ကို လှမ်းကြည့်လိုက်တော့ နွားနှစ်ကောင်မရှိတော့။ လယ် ကွင်းတစ်ပြင်လုံး လယ်ထွန်နေသည့်သူ မည်သူမျှ ရှိမနေတော့။

သို့နှင့် သူလဲလျောင်းနေရာမှ ထရပ်လိုက်မိသည်။ တစ် ကိုယ်လုံးလည်း ရွှံ့၊ ရေများဖြင့် ရွှဲနစ်နေပြီဖြစ်သည်။

"ငါ…အိမ်ပြန်မှပဲ။ အမေ မျှော်နေလောက်ပြီ။ ပြီး တော့ ညီမလေးကလည်း ဘာဖြစ်လို့ ထမင်းလာမပို့တာလဲ"

မိုးမှုန်ဖွဲဖွဲအောက်မှာပင် အိမ်သို့ ပြန်လာရသည်။ လမ်း တွင် တစ်ရွာတည်းသား အေးကိုနှင့်တွေ့သည်။ အေးကိုသည် ရွာပြင်သို့ခပ်သုတ်သုတ် လျှောက်သွားခြင်းဖြစ်ရာ လှမ်းခေါ်သည်။

အေးကိုသည် သူခေါ်သည်ကို ကြားဟန်မတူ။ သည်တော့ သူစိတ်တိုသွားသည်။ အေးကိုသည် ရွာထဲတွင် ပစ္စည်းဥစ္စာ အသင့်အတင့်ရှိပေရာ ပစ္စည်းမာန်ဖြင့် မကြားချင်ယောင်၊ အဖက်မတန်သလို ထွက်သွားသည်ဟု သူထင်မှတ်လိုက်ကာ ဒေါသထွက်သွားမိသည်။ "ဟေ့ကောင်…အေးကို"ဟု ကျယ်လောင်စွာ လှမ်းအော်သည်။ ဒါလည်း သင်းမကြား။ မသိချင်ယောင်ဆောင်သွားသည်။

"တောက်…ခွေးမသား၊ ငါ အနီးကပ်ခေါ်တာတောင် မကြားချင်ယောင်ဆောင်သွားတယ် သိမယ်"

ရွာထဲသို့ ဆက်၍လျှောက်လာသည်။ မိုးကတစိမ့်စိမ့်ရွာနေဆဲ။

"တစ်ခုခုတော့ လွဲနေပြီထင်တယ် ညီလေး"

အောင်ဂျမ်း၏မျက်နှာသည် ညှိုးကျသွားကာ လေသံပါတိုးသဲ့သွားသည်။

"မလွဲဘူး …အစ်ကို၊ ရုတ်တရက် ကျွန်တော် သတိရလိုက်တယ်ဆိုတာ အဆိပ်တက်ပြီး မေ့မြောသွားတာပါ။ မြွေပွေးလေ အစ်ကို၊ ကျွန်တော် ထင်မှတ်နေသလို ရေမြွေကိုက်တာမဟုတ်ဘူး"

"မိုးရေထဲမှာ သတိရလာတာကကော"

"အဆိပ်က ပြင်းလွန်းတော့ လုံးဝ သတိပြန်လည်လာ

တာ မဟုတ်ဘူး။ တစ်ခါတည်း အသက်ပါသွားတာ။ တစ်ကိုယ်လုံး ပြာနှမ်းနေပြီ။ ဒါပေမဲ့ ကျွန်တော့်ကိုယ်ကျွန်တော် သေတယ်ဆိုတာ မသိသေးဘူးလေ။ မသိတော့ အိမ်ကို မိုးရွာကြီးထဲက ပြန်၊ မနက်ကတည်းက မြွေကိုက်လိုက်တာ ညနေစောင်းနေပြီလေ။ အချိန်လည်း လွန်နေပြီ။ အခါ နှောင်းပြီပေါ့။ ပြီးတော့ ကျွန်တော်တို့ရွာမှာ မြွေဆေးခန်းမရှိဘူး။ မြွေကိုက်ရင် ဖျာပုံမြို့ပေါ်ကို သွားရတယ်။ ဖျာပုံဆေးရုံကို အမီအရောက်သွားရတယ်။ ကျွန်တော့်ကို မြွေပွေးကိုက်ကိုက်ချင်း ကျွန်တော် အဆိပ်တက်ပြီး လဲသွားတာ။ အဆိပ်ဘယ်လောက် ပြင်းထန်သလဲဆိုတာ ဆက်ပြောပြရဦးမယ်။ ခြေမျက်စိအထက်ကို ကိုက်ကိုက်ချင်း မျက်လုံးထဲမှာ မီးရောင်စုံတွေပွင့်ပြီး နားထဲ၊ နှာခေါင်းထဲက သွေးစိမ်းရှင်ရှင် ထွက်သွားသလား ထင်မှတ်လိုက်ရတာပါ။ ပြီးတော့ အသက်ရှူ တအားကျပ်လာတယ်။ ရင်ဘတ်တွေအောင့်ပြီး၊ ရေတွေလည်း တအားငတ်၊ မျက်စိတွေ တဖြည်းဖြည်း ပြာလာတာပါ။ တစ်ကိုယ်လုံး မလှုပ်ရှားနိုင်ဖြစ်သွားပြီး ခေါင်းမထူနိုင်တော့ဘူး။ မိုးရေထဲ ပစ်လဲကျသွားတယ်လေ”

“ဆေးရုံတော့ ရောက်သွားသေးသလား”

အောင်ဂျမ်းသည် ခေါင်းတစ်ချက်ညိတ်သည်။

“ဆေးရုံတော့ပို့ကြတယ်။ လမ်းရောက်တော့ ဆေးရုံတောင် မရောက်ပါဘူးဗျာ။ ရှမ်းကွင်းကြီးရွာရှေ့ရောက်တော့

သေတာပါပဲ။ ဒါလည်း ကျွန်တော် ဒုတိယအကြိမ် လူဝင်စားပြန် ဖြစ်တော့မှ ဘဝဟောင်းက ခု ဒီအိမ်က အဖေနဲ့အမေ ပြောပြမှ သိရတာခင်ဗျ။ အဲ…ကျွန်တော် ဆက်ပြောပါရစေဦး။

ကျွန်တော် မိုးရေထဲမှာ လဲကျနေပြီး တော်တော်ကြာမှ ညီမလေးမလေးနွယ် ရောက်လာတယ်။ ထမင်းလာပို့တာပေါ့။ အဲဒီအခါကျမှ သူက ရွာကိုပြန်ပြေး၊ လူတွေခေါ်ပြီး ပွေ့ချီကြ ပေါ့။ ပြီးတော့ ကျွန်တော့်ကို ဖျာပုံဆေးရုံပို့ဖို့ လှေပြင်၊ လှေပေါ် တင်ပြီး မြစ်ကြောင်းအတိုင်း လှော်ကြတာပေါ့။ ခုခေတ်လို စက် တပ်လှေ၊ ကားလမ်းတွေ မပေါ်သေးဘူးလေ။ လမ်းပန်းဆက် သွယ်ရေး ခက်ခဲတဲ့ခေတ်ကာလပါ။ ကျွန်တော်တို့ရွာက မြစ် ကြောင်းကလည်း မလွယ်ဘူး။ ဖျာပုံမြစ်ကြောင်းအတိုင်း လှော်ဖို့ ဆိုတာ မြစ်ကွေ့တစ်ခုကိုရောက်အောင် အရင်လှော်ရသေးတာ။ မြစ်ကွေ့ရောက်မှ ဖျာပုံကိုရေဆန်လှော်ရတာပါ။ ခရီးကြာတယ်။ မတွင်ကျယ်ဘူး။ လှော်ပေမယ့် ရှေ့မတိုးသလိုဘဲ။ လှေပေါ်မှာ လည်း မိသားစုတွေပါလာတယ်။ အမေနဲ့ညီမလေးက ငိုလို့ပေါ့။ အဲ…မြစ်ကွေ့ရောက်တော့ နှုတ်ခမ်းတွေပြာလာပြီး မရတော့ဘူး။

အသက်ထွက်ခါနီးမှာ ခံစားရတဲ့ဝေဒနာက ကြောက်စရာ ကောင်းတယ်။ တော်တော်ပြင်းထန်တယ်။ ဒါကြောင့် အသက် မြန်မြန်ထွက်ချင်စိတ်၊ မြန်မြန်သေချင်စိတ် သေခါနီးမှာ ဖြစ်ပေါ် တယ်။ အသက်မြန်မြန်ထွက်သွားမှ ဒီဝေဒနာက သက်သာသွား

မှာကိုး။ ဒီလိုနဲ့ ကျွန်တော် ဒုတိယအကြိမ် လူပြန်ဖြစ်မယ့်ရွာ ရှမ်းကွင်းကြီးရွာရှေ့ ရောက်တော့ တစ်ချက် ပျှတ်ထိုးပြီး အသက် ပါသွားတယ်''

ထို့နောက် စကားစပြတ်သွားကာ နှစ်ယောက်စလုံး ငြိမ် သက်သွားမိသည်။ အတန်ကြာမှ စကားပြန်စကြသည်။

''ဒါနဲ့…စောစောက စကားကို ပြန်ဆက်မှဖြစ်မယ်။ ကျွန်တော် မိုးရွာထဲမှာ တစ်ယောက်တည်း လျှောက်လာရင်း ရွာဝင်တော့ သူငယ်ချင်းတွေတွေ့တော့ ကျွန်တော့်ကို စကားမပြော ဘူး။ နှုတ်ဆက်တော့လည်း ပြန်ပြီးခွန်းတုံ့မပြန်ဘူး။ ကျွန်တော် လည်း စိတ်ဆိုး၊ စိတ်တိုပေါ့။ လူတွေက ငါ့ကိုဘာလို့ ပြန်မပြော တာလဲ။ မတူမတန်လို့လားပေါ့။ ဒါနဲ့ အိမ်ထဲဝင်တော့ ကျွန်တော် ကျွေးမွေးပြုစုထားတဲ့ ကျောက်ဆိုတဲ့ခွေးက ထိုးပြီးဟောင်ပါလေ ရော။ အိမ်ဝိုင်းထဲမှာလည်း လူတွေအများကြီးပဲ''

''သတင်းလာမေးကြတာထင်တယ်''

''ဟုတ်တယ်…အစ်ကို၊ ပိုးထိတယ်ဆိုတော့ လာမေး ကြတာပါ။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ အဖေနဲ့အမေ တစ် ယောက်ယောက် ဘာများဖြစ်ကြသလဲလို့ စိုးရိမ်ပြီး လူအုပ်ကို အတင်းတွန်းဖယ်ပြီး 'အမေ ဘာဖြစ်တုန်း၊ ဘာဖြစ်တုန်း' မေးတော့ ဘယ်သူမှ ဘာမှ ပြန်မပြောကြဘူးခင်ဗျ။

ဒီအချိန်မှာ အမေက လူတစ်ယောက်ကို ပွေ့ဖက်ပြီး

ရှိုက်ကြီးတငင် ငိုကြွေးနေတာတွေ့ရတော့ အမေ အမေ ဘာဖြစ်သလဲမေးတော့ အမေက ကျွန်တော့်ကို စကားပြန်မပြောဘူး။ တယ်ခက်ပါလား။ ဒါနဲ့ ကျွန်တော်က အမေဖက်ပြီး ငိုယိုနေတာ ဘယ်သူလဲဆိုတာ ငုံ့ကြည့်လိုက်တော့မှ ကျွန်တော်နဲ့ ချွတ်စွပ်တူတဲ့ လူတစ်ယောက် ဖြစ်နေတာကိုး။ ဒီတော့မှ ဟိုမှာလည်း အမေဖက်ငိုထားတာက ကျွန်တော်၊ အမေ့ဘေးမှာ ရပ်နေတာကလည်း ကျွန်တော်ဖြစ်နေတာဗျ။ ထူးဆန်းလိုက်တာလို့ စဉ်းစားနေတုန်း လူတွေက အမေ့ရင်ခွင်ထဲက ကျွန်တော့်ကို အိမ်ရှေ့ကလေးတိုင်စင်ပေါ်ကို တင်လိုက်ကြတော့မှပဲ ဩော်...ကျွန်တော်သေရှာပြီလို့ သိလိုက်ရတော့တယ်''

အောင်ဂျမ်းသည် ရုတ်တရက်စကားမဆိုနိုင်ဘဲ တိတ်ဆိတ်သွားတော့သည်။ ကျွန်တော်လည်း ဘာမှမပြောဘဲ စဉ်းစားနေမိသည်။ သူသည် အတိတ်ဘဝက ကြေကွဲဖွယ်ဖြစ်ရပ်ကို ပြန်လည်မြင်ယောင်လာကာ စကားမဆိုနိုင်ဘဲ ငေးငိုင်သွားခြင်းဖြစ်သည်။

''ရွာကိုဘယ်လိုပြန်ရောက်လာတာလဲ ပြောပါဦး၊ လှေပေါ်မှာ ဆုံးတာမဟုတ်လား''

အောင်ဂျမ်းသည် သက်ပြင်းတစ်ချက်ချလိုက်သည်။ အပြင်ဘက် အမှောင်ထုဆီသို့ တစ်ချက်ငေးကြည့်သည်။ ပတ်ဝန်းကျင်တွင် အမှောင်သည် ထူပိန်းနက်ရှိုင်းစပြုလာပြီး -

"ရွာတွေရဲ့ထုံးစံကတော့ဗျာ လူတစ်ယောက်ရွာပြင်မှာ သေရင် ရွာထဲခေါ်သွင်းလို့မရဘူး။ ခိုက်တယ်ပေါ့ဗျာ။ ကျွန်တော့်ကို ခေါ်သွင်းတာက မိသားစုတွေပဲလေ။ အပြင်လူမပါဘူးခင်ဗျ။ ဒီတော့ လမ်းခရီးမှာသေတော့ ခန္ဓာကိုယ်က ပျော့ပျော့ ပူပူနွေးနွေးပဲ ရှိသေးတယ်လေ။ မေ့မြောနေတယ်ဆိုပြီး ရွာထဲပြန်သွင်းတာပဲ။ မြစ်ထဲမှာလည်း လှိုင်းလေထန်၊ မိုးကလည်း သည်းတော့ဆက်သွားတယ်ဆိုရင်လည်း လှေမှောက်တော့မှာ။ ကျွန်တော့်အလောင်းကို ရွာထဲပြန်သွင်းတာ ဘယ်သူမှတောင် မသိလိုက်ဘူး ဆိုရမယ် အစ်ကို။

ဒီတော့ ဩော် ... ငါ ငါ လူမဟုတ်တော့ပါကလား။ တစ္ဆေဖြစ်သွားပြီထင်တယ်။ အမေ၊ အဖေနဲ့ခွဲရတော့မှာပါလား။ ငါပြောတာလည်း အမေမကြား၊ ငါ့ကိုလည်း တစ်အိမ်လုံးက မမြင်ကြပါကလားဆိုပြီး ကြေကွဲဝမ်းနည်းစွာနဲ့ ချုံးပွဲချငိုကြွေးမိတယ်ဗျာ။

ဒီလိုနဲ့ စကားကိုချုံးပြီး ပြောကြပါစို့အစ်ကို။

ကျွန်တော့်အသုဘကို တစ်ရက်ထားတယ်။ အစိမ်းသေဖြစ်နေတာကိုး။ ချက်ချင်းချလို့ မဖြစ်တာက မိုးကသည်း၊ တစ်ရွာလုံး ရွှံ့ဗွက်တွေချည်းပဲ။ အဲဒီမှာ အဖေကလည်း ပြဿနာ၊ ငါ့သားကို ချက်ချင်းချကြည့်၊ တစ်ရွာလုံး သတ်ပစ်မယ်ချည်း ကြိမ်းမောင်းနေတော့တာဗျာ။ နောက်တစ်နေ့တော့ အသုဘချပါတယ်။

အဲ…သုသာန်မှာ ဘုန်းတော်ကြီးတရားနာပြီး အမျှအတန်းဝေတော့ ကျွန် တော်အနားမှာ ရှိနေတယ်။ အမေကော၊ ညီမလေး၊ ညီလေး ငို လိုက်ကြတာ ငိုကြီးချက်မတွေပဲ”

“ကြေကွဲစရာပဲနော်”

“ဟုတ်ပါတယ်…အစ်ကို၊ မိသားစုတွေ ငိုယိုနေကြတဲ့ ကျွန်တော့်အလောင်းကြီးကို ကျွန်တော်ကိုယ်တိုင် ဘေးကရပ် ကြည့်နေတာပါ။ တကယ် ကြေကွဲစရာကောင်းလှပါတယ်ဗျာ”

“ဒါပေါ့ကွာ၊ ကိုယ့်အလောင်းကြီးကို ကိုယ်တိုင်မြင်နေရ ပြီး ကိုယ်ပြောတာ သူတို့မကြား၊ ကိုယ့်ကိုမမြင်ရတော့ တော်တော် စိတ်သောက ရောက်စရာပေါ့။ ဆက်ပြောပါဦး နောက်တော့ကော ဘာဖြစ်သွားသလဲ”

“နောက်တော့ ဘာဖြစ်သလဲဆိုတော့ အဲဒီသုသာန်က ထွက်လာပြီး ကျွန်တော် ရောက်ရာပေါက်ရာ လျှောက်သွားတယ်။ ရွာထဲလည်း ပြန်မဝင်ဖြစ်တော့ဘူး။ ဒါနဲ့ ကျွန်တော်တို့ရွာရဲ့အရှေ့ ဘက်က ရှမ်းကွင်းကြီးရွာကို ပြန်ရောက်သွားတယ်။ ကျွန်တော် အဲဒီရွာရဲ့မြစ်မှာ အသက်ကုန်ခဲ့တာကိုး။ အဲဒီရွာကိုလည်း စိတ်က စွဲနေပြန်ရော။ မြွေကိုက်တဲ့ဒဏ်ရာက တော်တော်ကလေး ရက် စက်ပြင်းထန်တော့ ဒီအချိန်မှာ ဘာဝေဒနာမှ မရှိတော့ဘူး။ တစ် ကိုယ်လုံးပေါ့ပါးပြီး ဖက်ရွက်ကလေးလို ဖြစ်သွားတယ်။ ဒါနဲ့ လွင့်သွားတာ၊ လျှောက်သွားနေမိတာ။

ကျွန်တော်တို့ရွာနဲ့ ရှမ်းကွင်းကြီးက ကပ်လျက်ပဲလေ။ ရွာချင်းနီးပေါ့၊ ရှမ်းကွင်းကြီးက အရှေ့ဘက်၊ ကျွန်တော်တို့ရွာက အနောက်ဘက်ဆိုပါတော့။ ကျွန်တော် ရှမ်းကွင်းကြီးရွာကို လျှောက်သွားတဲ့လမ်းတစ်လျှောက်မှာ သစ်ပင်တွေ၊ ချုံပုတ်တွေ၊ သစ်ကြီးဝါးကြီးတွေ ထူထပ်ပိတ်ဆို့နေတာ။ ကုက္ကိုပင်၊ ထိန်ပင်တွေဆိုတာ နှစ်ချို့အပင့်ကြီးတွေဗျ။ ကျွန်တော် သစ်ပင်ကြီးတွေ၊ သစ်ပင်ငယ်တွေကို လှုပ်လှုပ်ရွရွနဲ့ ပထမတော့ ငှက်တွေ၊ ဖျိုင်းတွေ၊ ကျီးတွေ အိပ်တန်းတက်နေတယ်မှတ်တာ။ မဟုတ်ဘူးဗျို့။ တစ္ဆေသရဲတွေဟာ တစ်အုပ်တစ်မကြီး ပြည့်ကျပ်နေတာ။ နေရာလွတ်တောင် မရှိဘူး။ ချုံပုတ်တွေမှာလည်း အပြည့်၊ သရဲတွေ၊ တစ္ဆေတွေဆိုတာ အရွယ်စုံပဲ၊ ကလေးသရဲ၊ မိန်းမသရဲ၊ ဘုန်းကြီးသရဲ၊ အဘိုးကြီး၊ အဘွားကြီး အစုံပါပဲဗျာ။ အံ့ဩစရာကောင်းလိုက်တာ။ အဲဒီ နာနာဘာဝတွေကို ကျွန်တော် မျက်ဝါးထင်ထင်မြင်နေရတာ”

❒

သူ ကွယ်လွန်သွားသည်မှာ သုံးရက်ပြည့်သွားပြီ။ သည်အချိန်တွင် ဘယ်ကိုသွား၍၊ ဘယ်ကိုလာရမည်ကို မသိဘဲ ယောင်ချာချာဖြစ်နေရာမှ နေအိမ်သို့ပြန်လာသည်။ ခုနစ်ရက်အထိ မိမိနေအိမ်တွင် အတားအဆီးမရှိ နေနိုင်သည်ကို မိမိအလိုလို သိနေမိသည်။ ထို့ကြောင့် နေအိမ်ထုပ်လျောက်တန်း၌ ခုနစ်ရက်မပြည့်မီ

နေရသည်။

ခုနစ်ရက်လည်သည်နှင့် မိဘများက ဘုန်းကြီးပင့်၍ ဆွမ်းကပ်၊ ဆွမ်းသွတ်အမျှဝေသည်။ အမျှဝေနေစဉ် သူသည် မိခင်အနီးတွင် ထိုင်နေသည်။ အမျှဝေသည်။ သာဓုခေါ်မိသည်။

သို့သော် သာဓုခေါ်မိသော်လည်း တစ္ဆေဘဝက မကျွတ်နိုင်ပေ။ ထိုအချက်ကလည်း ကျွန်တော့်အဖို့ ဇဝေဇဝါဖြင့် အံ့သြစရာဟု ဆိုရပေမည်။

"သာဓုခေါ်နိုင်လျက်သားနဲ့ ဘာဖြစ်လို့ မကျွတ်ရတာလဲ ညီလေး"

အောင်ဂျမ်းသည် သက်ပြင်းတစ်ချက်ချသည်။

"ဘယ်လိုပြောရမလဲ။ ကိုယ်လှူတဲ့ အလှူခံပုဂ္ဂိုလ်က အလဇ္ဇီရဟန်းဖြစ်နေရင်လည်း အမျှမရနိုင်ဘူး။ ပြီးတော့ လူ့ဘဝကပြုခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်နဲ့လည်း ဆိုင်တယ်။ အတိတ်ဘဝက ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတွေကို ပြုခဲ့ပြီး ကွယ်လွန်ခါနီးကျမှ မရဏာသန္နဇောကျတဲ့အချိန်မှာ တစ်စုံတစ်ခုကြောင့် အယူတိမ်းပြီး တစ္ဆေဘဝကို ခေတ္တရောက်သွားတဲ့ပုဂ္ဂိုလ်ကျတော့ အမျှဝေတာကိုကြားရပြီး သာဓုခေါ်လိုက်တာနဲ့ တစ်ခါတည်း တန်းပြီး ကျွတ်လွတ်သွားမယ်။ ကောင်းမွန်တဲ့လူ့ဘုံ၊ နတ်ဘုံကို ရောက်သွားတယ်ခင်ဗျာ။ ကျွန်တော်က ချက်ချင်းမကျွတ်မလွတ် ဖြစ်ရတယ်ဆိုတာက လူငယ်ဖြစ်တဲ့အပြင် စားမယ်၊ သောက်မယ်၊

ပျော်ပါးချင်တဲ့စိတ်ပဲရှိတယ်။ အရွယ်က ကောင်းတုန်းကိုး။ ငယ်ရွယ်တဲ့ အရွယ်ဆိုတော့ သီလ၊ ဘာဝနာ၊ ဒါန နည်းပါးခဲ့တယ်။ ပုတီးစိပ်တာတို့၊ တရားမှတ်တာတို့လည်း မရှိခဲ့ပါဘူး ခင်ဗျာ။ ဒါကြောင့် သေသေပြီးချင်း လူ့ဘဝကို မလာနိုင်ခဲ့တာပဲ ဖြစ်ပါလိမ့်မယ်။ တစ္ဆေဘဝနဲ့ ငါးနှစ်တောင် ကြာမြင့်ခဲ့တာပါ"

ကျွန်တော်သည် ကြောက်မက်ဖွယ်၊ သံဝေဂရဖွယ် ဘဝသံသရာကြီးကို ထိတ်လန့်နေမိသည်။

"ဘဝသံသရာကြီးက ကြောက်စရာပါလား ညီလေး"

"ဟုတ်တယ် …အစ်ကို၊ ဒါကြောင့် ကျွန်တော် ဒီဘဝမှာ ကောင်းမှုကုသိုလ် တတ်နိုင်သလောက် လုပ်ပါတယ်။ လှူတယ်၊ စိပ်ပုတီးစိပ်၊ တရားထိုင်ပေါ့"

"ကောင်းပါရဲ့ကွာ။ ဒါနဲ့ တစ္ဆေဘဝ ဆက်ပြောပါဦး"

အောင်ဂျမ်းသည် အနည်းငယ်စဉ်းစားဟန်ပြုပြီး ဆက်ပြောသည်။

"ဒါနဲ့ ကျွန်တော်သေပြီး ခုနစ်ရက် ရက်လည်တော့ အမျှဝေတာလည်း မရ၊ ဘာမှလည်း အပြောင်းအလဲမဖြစ်။ ပြီးတော့အိမ်မှာလည်း ဆက်နေလို့ မရတော့ဘူး အစ်ကို၊ အိမ်စောင့်နတ်က လက်မခံတော့ဘူး။ ရိုက်မယ် တကဲကဲလုပ်နေတာ"

"ဟုတ်လား …အိမ်စောင့်နတ်က ဘယ်လိုပုံစံလဲ ပြောပြပါဦး"

“အိမ်စောင့်နတ်က ခေါင်းမှာဦးထုပ်ဆောင်းထားတယ်။ ဦးထုပ်ရဲ့ထိပ်က ချွန်ချွန်လေး၊ အဝတ်အစားတွေက ပြိုးပြိုးပြောင်ပြောင်နဲ့ အစ်ကို၊ လက်ထဲမှာကိုင်ထားတဲ့ ကြိမ်လုံးကလည်း ခပ်ကော့ကော့ကလေး၊ အဖျားမှာ ပန်းကနုတ်ပြားကလေး တပ်ဆင်ထားတယ်။ အလုံးက လက်မလောက်တော့ရှိမယ်။ သူက ကြီးထွားအောင်လည်း ဖန်ဆင်းနိုင်တယ်။ သေးသေးလေးလည်း ခန္ဓာကိုယ်ကို ဖန်ဆင်းနိုင်တယ်။ ကျွန်တော်လည်း သူ့လက်ထဲက ကြိမ်လုံးကိုကြည့်ပြီး တော်တော်ကြောက်နေတယ်။ သူက ကျွန်တော့်ကို ‘ဟေ့ …တစ္ဆေကောင်၊ မင်း ဒီအိမ်မှာနေလို့ မရတော့ဘူး။ ကွင်းစပ်က လက်ခုပ်ပင်ကြီးဆီမှာနေတဲ့။ ကွင်းပိုင်သဘက်ကြီးဆီကိုသွား၊ သူက မင်းနေဖို့နေရာချပေးလိမ့်မယ်’ ပြောတယ်။ ဒါနဲ့ ကျွန်တော် မိဘညီအစ်ကိုတွေကို စွန့်ခွာ၊ ဘဝကလည်း ခြားနေပြီလေ။ ရွာပြင်ကိုထွက်လာတယ်။ ရွာပြင်ရောက်တော့ ကျွန်တော်တို့ တစ္ဆေသရဲတွေကို အုပ်ချုပ်တဲ့ လက်လုပ်ပင်ဆီက သဘက်ကြီးဆီကို သွားရတယ်။ အဲဒီသဘက်ကြီးဆိုတာ ကြောက်စရာကြီး။ နည်းနည်းနောနောအကောင်ကြီး မဟုတ်ဘူး။ စပါးပုတ်လောက်ရှိတယ်။ အမွေးရှည်ကြီးတွေနဲ့ခင်ဗျ။ ဥပမာပြောရရင် ဂေါ်ရီလာကို အင်္ကျီဝတ်ထားသလိုပဲ။ သူက အဝတ်အစားတော့ ပြည့်ပြည့်စုံစုံရှိတယ်။ ကွင်းပိုင်ကြီးကိုး။ သူ့ကို အားလုံးကကြောက်ရတယ်။ သူက ဒီမှာနေဆို နေပဲ။ ကလန်

ကဆန်လုပ်လို့ကတော့ နာပြီသာမှတ်ပေတော့''

''ဒါနဲ့ ညီလေးက သူ့ဆီရောက်ရော ဆိုပါတော့''

''ဟုတ်ကဲ့ ...သူ့ဆီရောက်တော့''

သူ လက်ခုပ်ပင်ကြီးဆီကို ရောက်တော့ မှောင်ရီပျိုးစနွားရိုင်းသွင်းချိန်၊ အပင်ပေါ်မော့ကြည့်လိုက်သည်နှင့် သစ်ရွက်သစ်ခက်သစ်ကိုင်းများ လှုပ်ရှားလူးလွန့်သံနှင့်အတူ သစ်ပင်ပေါ်မှနေကာ ရောမမည်းမည်းသတ္တဝါကြီးတစ်ကောင် လွှားခနဲဆင်းလာသည်ကို အလန့်လန့်အဖျပ်ဖျပ် ငေးကြောင်ကြည့်နေမိသည်။

လူဝံလိုလို၊ မျောက်ကြီးလိုလို ရောမသတ္တဝါကြီးကို အလိုလို ကြောက်ရွံ့ထိတ်လန့်စိတ်ဝင်ကာ မတ်တတ်ရပ်နေရာမှ လဲပြိုမတတ် ခံစားလိုက်ရခြင်းပင်။ သို့သော် မျက်နှာကို သေသေချာချာကြည့်ပါက လူတစ်ယောက်၏မျက်နှာဖြစ်မှန်း သိသာသည်။ လွန်မင်းစွာ အရုပ်ဆိုးနေခြင်းသာဖြစ်လေသည်။ ထိုရောမသဘက်ကြီးသည် အိမ်စောင့်နတ်က တွေ့ဆုံရန် လမ်းညွှန်လိုက်သော အရာကြီးပေတကား။

''ဟေ့ကောင်လေး...မင်းလွှန်ခဲ့တဲ့ တစ်ပတ်က မြွေကိုက်သေသွားတဲ့ ကောင်လေး မဟုတ်လား''

သဘက်ကြီးရဲ့အရုပ်က သူ့နှစ်ပြန်လောက်ရှိမည်။ သူ မော့ကြည့်ကာ အထိတ်ထိတ်အလန့်လန့်ဖြေသည်။

''ဟုတ်...ဟုတ်...ဟုတ်ပါတယ်''

"မင်း ...ဒီရွာနားက သစ်ပင်တွေမှာ နေဖို့ အခြေအနေ မပေးဘူး။ နေခွင့်မရှိသေးဘူး။ လူပြည့်နေပြီကွ။ ဒီတော့ မင်း အတွက် မင်းအသက်ထွက်တဲ့နေရာနဲ့ တည့်တည့်မှာ လမုပင် ကြီးရှိတယ်။ အဲဒီမှာ နေရာလွတ်တယ်။ မင်း အဲဒီကိုသွားရမယ်။ အဲဒီမှာ နေရမယ်"

သူ သရဲတစ္ဆေဘ၀ကို ရောက်ပါပေါ့လား။ ရုတ်တရက် ၀မ်းနည်းသွားမိသည်။ အမေတို့၊ အဖေတို့၊ ညီအစ်ကိုမောင်နှမ တွေနဲ့ပဲ နေချင်ပါသေးသည်။

"ကျွန်တော့်မိဘတွေနဲ့ ပြန်နေလို့မရဘူးလားခင်ဗျာ"

"မရဘူး။ မင်းကို အိမ်စောင့်နတ်က ကန့်ချမှာပေါ့ကွ။ ရွာထဲမှာတောင် နေခွင့်မရှိတော့ဘူး။ ငါနေရာချပေးတဲ့နေရာမှာပဲ နေရမယ်။ ကြားလား။ မြစ်ကမ်းဘေး လမုပင်မှာသွားနေ သွား"

အသံကျယ်လောင်စွာနဲ့ ခပ်ကြမ်းကြမ်းဟောက်လိုက် တော့ ပြန်မပြောနိုင်ဘဲ ကြေကွဲသွားပြီး ချုံးပွဲချငိုလိုက်မိပါသည်။

"ဟော့ကောင်...ငိုမနေနဲ့။ မင်းလိုလူတွေ အများကြီးပဲ။ နောက်ဆို ပျော်တောင်သွားဦးမှာ"

သူ မျက်ရည်စက်လက်နှင့် ရွာ၏အရှေ့ဘက် ဖျာပုံမြစ် ကမ်းဘေးက သဘက်ကြီးညွှန်ပြသောနေရာကို လျှောက်သွားမိ သည်။ လမ်းတစ်လျှောက် ရွာလမ်းနံဘေးတွင်ရှိသော သစ်ပင် များ၊ ချုံပုတ်များပေါ်တွင် တစ္ဆေသရဲများကို ပုံစံမျိုးစုံဖြင့် မြောက်

မြားစွာ တွေ့လိုက်ရ၍ အံ့သြသွားရပြန်သည်။ လမ်းတွင်လည်း ခေါင်းကြီးကိုယ်သေးတစ္ဆေတစ်ကောင်ကို တွေ့လိုက်ရသေးသည်။

တစ်နေရာအရောက်တွင် တစ္ဆေလေးငါးကောင်ကို စုစုဝေးဝေးနှင့် တစ်စုံတစ်ရာကို ဝိုင်းအုံလုယက် စားသောက်နေသည်ကို တွေ့လိုက်ရ၍ အံ့သြသွားသည်။ တစ္ဆေအုပ်စုသည် တံငါတဲကလေးရှေ့တွင် စုဝေးဝိုင်းအုံကာ စားသောက်စရာတစ်ခုခုကို လုယက်မတတ်၊ အငမ်းမရ ကောက်ယူစားသောက်နေကြခြင်းပင်တည်း။ တံငါသည်ဆိုသည်မှာ နေ့လယ်နေ့ခင်း အချိန်များတွင် မြစ်ထဲတွင် ပိုက်ချရင်း၊ ပိုက်ဆယ်ရင်း အနားယူအပန်းဖြေဖြစ်သည့် နေရာပင်ဖြစ်ပေရာ စားကြွင်းစားကျန်များ၊ ပိုက်ထဲပါလာသည့် ငါးသေးငါးမွှားများ ကျန်ရှိတတ်ပေရာ ထိုအရာများကို တစ္ဆေများက သူ့ထက်ငါ အလုအယက်ရှာဖွေစားသောက် နေကြခြင်းပင်တည်း။

သူကလှမ်းကြည့်လိုက်တော့ တစ်ကိုယ်လုံး အရိုးစုချည်းသာရှိသော တစ္ဆေသည် မြေကြီးပေါ်တွင် ပြန့်ကျဲကျရောက်နေသော ထမင်းစေ့များကို တစ်လုံးချင်း လိုက်လံကောက်ယူကာ မက်မက်မောမော စားသောက်နေလေသည်တကား။

ထိုတစ္ဆေအုပ်စုသည် သူဖြတ်သန်းသွားသည်ကို ဂရုပင်မစိုက်။ ဝေစုကို မျှဝေပေးရမည့်အလား စိုးရိမ်ကြောင့်ကြဟန်

ဖြင့်ဆက်၍ ရှာဖွေစားသောက်နေကြပေမယ့်လည်း သူတို့ထံမှ ထွက်ပေါ်လာသည့် စကားပြောသံသည် လေတိုးသံလိုလို ကျေးငှက်တိရစ္ဆာန်များ ဘာသာဘာဝ စကားပြောသံလိုလို အသံမျိုး ဖြစ်သည်။ ဘာပြောသည်ကို မသဲကွဲပေ။

သည်လိုနှင့် သူထွက်လာသည်။ လယ်ကန်သင်းရိုးတွေကိုဖြတ်၊ ချုံပုတ်တွေကိုကျော်ကာ သဘာက်ကြီးညွှန်ပြသည့် လမုပင်ဆီသို့ ရောက်လာသည်။ လမုပင်သည် ကမ်းစပ်တွင်ပေါက်နေပြီး ပင်စည်သည် ယောက်ျားကြီးတစ်ယောက်၏ပေါင်လုံးခန့် ရှိပေသည်။ သူ အပင်ပေါ်မော့ကြည့်လိုက်တော့ တစ္ဆေသရဲနေသည့် လက္ခဏာမရှိ။

"ဩော် ...ငါက တစ္ဆေကိုး။ ဒီမှာနေရမှာပါကလား။ ဘယ်လောက်ကြာဦးမည်မသိ"

သူ တွေးပြီးဝမ်းနည်းသွားပြန်သည်။ အပင်ပေါ်တက်ကြည့်မှပဲဟု တွေးလိုက်စဉ်မှာပင် အလိုလို အပင်ပေါ်ရောက်သွားသည်။ အံ့ဩသွားမိသည်။ အပင်ပေါ်နေရတာ အဆင်ပြေသလို ခံစားမိသည်။ သူလျှောက်လာခဲ့သည့် လမ်းတစ်လျှောက်ဆီတွင် သရဲတစ္ဆေများသည် သစ်ပင်တစ်ပင်တည်းမှာ စုပြုံပြွတ်သိပ်ကာ ကျပ်ကျပ်တည်းတည်း နေနေရသည်ကို မြင်တွေ့ခဲ့ရသည်။ ခုတော့ သစ်ပင်တစ်ပင်တည်းမှာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေရသည့်ကိုပင် ကျေနပ်သလိုရှိပြန်ကာ ကွင်းစောင့်

သဘက်ကြီးကို ကျေးဇူးတင်သလိုလို ဖြစ်သွားမိသည်။

ထိုစဉ် ဗိုက်ဆာလာသည်။ ခုမှ စဉ်းစားမိသည်။ တစ်ည နေလုံး သူ ဘာမှမစားခဲ့ရသေးသကိုးဟုတွေးရင်း မည်သည့်နေရာ က အစာရနိုင်မည်ကို စဉ်းစားနေမိစဉ်မှာပင် သူထိုင်နေရာသစ်ပင် ပင်စည်ခွကြားမှ အခြားမနီးမဝေး သစ်ပင်ဆီမှ လှုပ်ရှားမှုအသံ တစ်သံကို ကြားလိုက်ရလေသည်။ လှုပ်ရှားသံနှင့်အတူ ဧရာမ သတ္တဝါကြီးတစ်ကောင်။

သူလန့်ဖျပ်ကာ လှမ်းကြည့်လိုက်မိသည်။

"ဟင်...တစ္ဆေကြီးတစ်ကောင်"

❑

သူ အထိတ်တလန့်ဖြင့် လှမ်းကြည့်လိုက်သောအခါ သူနေထိုင်ရာသစ်ပင်နှင့် ဝါးသုံးပြန်ခန့် ကွာသည့်နေရာမှ ခရေပင် ကြီးသည် တရှဲရှဲမြည်ကာ လှုပ်ရှားသွားခြင်းဖြစ်၏။ လှုပ်ရှားသံ ဆုံးသည်နှင့် သစ်ပင်ပေါ်မှ ဧရာမတစ္ဆေကြီးတစ်ကောင် ဆင်းလာ လေသည်။

"အား...ကြောက်စရာကြီးပါလား"

သူ ထိုင်နေရာ သစ်ပင်ဆီသို့ မော့ကြည့်ကာ တစ္ဆေကြီး သည် လျှောက်လာလေပြီ။ တစ္ဆေကြီးသည် ခေါင်းက တင်း တောင်းနှစ်လုံးစာခန့်ကြီးပြီး မျက်လုံးက အကြမ်းပန်းကန်လုံးမက ရှိသည်။ နားရွက်ကြီးနှစ်ဖက်က ဖျာခန့်ရှိပြီး ဘတ်လတ်ဘတ်

လတ်ဖြစ်ကာ တလှုပ်လှုပ်ဖြင့် တွဲကျနေခြင်းဖြစ်သည်။ နှာခေါင်းပေါက်မပါပေ။ ပါးစပ်က သာမန်လူတစ်ယောက် ပါးစပ်ခန့်သာရှိမည်။ တော်တော်ရယ်စရာကောင်းပြီး အချိုးအစားမကျသော ခန္ဓာကိုယ်တစ်ခု။

သူ တအံ့တသြ ငေးကြည့်နေစဉ်မှာပင် ထိုတစ္ဆေကြီးသည် သူရှိရာ သစ်ပင်အောက်သို့ ရောက်လာကာ မော့ကြည့်လေသည်။ မျက်လုံးကြီးက လိမ္မော်သီးကြီးလောက်ရှိသည်။

"ဟေး ...တစ္ဆေအသစ်ကလေး"

တစ္ဆေကြီး၏ ခပ်ကျယ်ကျယ်အော်ခေါ်သံ။ သူ ပြန်မထူးဘဲ ငြိမ်သက်နေမိသည်။ သူ့ကို အန္တရာယ်ပြုမှာ စိုးရိမ်သဖြင့် ငြိမ်ကုပ်နေခြင်းဖြစ်သည်။

"ဟော့...တစ္ဆေကောင်လေး၊ ခဏဆင်းခဲ့ပါကွ။ မင်းကို အန္တရာယ်မပြုပါဘူး"

သူ လှမ်း၍အကဲခတ်ကြည့်လိုက်တော့ ရန်ပြုပုံမပေါ်။ သို့နှင့်ကြောက်စိတ် နည်းနည်းပြေသွားကာ အောက်သို့ဆင်းလာသည်။

ခရေပင်မှ တစ္ဆေကြီးသည် သူ့ထက်ကိုယ်လုံးထွားကျိုင်းသည်သာမက မွေးရှည်ကြီးတွေပင် ပေါက်နေသည်။ ကိုယ်ခန္ဓာ အချိုးအစားအရ နှာခေါင်းပေါက်မပါ၊ နားရွက်ကြီးဖျာလောက်နှင့် လွန်မင်းစွာ အရုပ်ဆိုးလွန်းလှပေစွ။

တစ္ဆေကြီးသည် သာမန်လူမျှ ပါးစပ်ပေါက်သာရှိ၍ သူ့ကိုမြင်သည်နှင့် အကဲခတ်ကြည့်ရှုကာ ရယ်မောလိုက်လေသည်။ ရယ်မောလိုက်သည်နှင့် သူ၏ဇာတိရုပ်က ပေါ်လာသည်။ ရှေ့သွားနှစ်ချောင်း၊ သုံးချောင်း အပေါ်အောက်ကျိုးနေခြင်းပေတည်း။ မျက်နှာတစ်ပြင်လုံး မီးကျွမ်းထားသော ကြက်ခြင်းပုတ်ကြီးနှင့် ဘူသည်။ သွားကျိုးကြီးဟု မှတ်ထားလိုက်သည်။

သူ ရယ်ချင်စိတ်ကို အောင့်အည်းထားရသည်။

“မင်း…တယ်ကံကောင်းပါလား။ သစ်ပင်တစ်ပင်တည်းမှာ တစ်ယောက်တည်းနေရတာ။ တချို့ဆို တစ်ပင်တည်းမှာ အယောက်ငါးဆယ်လောက် ပြွတ်သိပ်ပြီးနေရတာဟေ့”

ဘုရားရေ မြွေပွေးကိုက်၍ အသေဆိုးနှင့်သေပြီး အစိမ်းသရဲဖြစ်ရသူကို ကံကောင်းသတဲ့။ တော်တော်စိတ်ပျက်သွားသည်။ တစ်စုံတစ်ခုပြန်ပြောရန် ပြင်လိုက်စဉ် -

“ဟေ့ကောင်လေး…မင်းဘယ်လိုဖြစ်ပြီး သေသွားတာလဲ ပြောပါဦး”

ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားကာ -

“လွန်ခဲ့တဲ့ ရက်တစ်ပတ်လောက်က ကျွန်တော် လယ်ထွန်ရင်း ပိုးထိသွားတယ်။ မြွေပွေးကို နင်းမိလျက်သားဖြစ်ပြီး အကိုက်ခံရလို့ သေသွားတယ်။ ရက်လည်တော့ အိမ်စောင့်နတ်က ဆက်မနေခိုင်းဘဲ ဒီကို လွှတ်လိုက်တာပါ”

သွားကျိုးကြီးသည် ဦးခေါင်းကြီးကို တဆတ်ဆတ်ညိတ်ရင်း -

“ဒီကိုရောက်လာတာ ကံကောင်းတယ်မှတ်။ မင်းထက် အဆင့်မြင့်တဲ့ ကောင်တွေတောင် ဒီလို သစ်ပင်တစ်ပင်တည်း နေခွင့်မရှိဘူး ဟောကောင်။ အင်း…မင်းက အကုသိုလ်နည်းတာကိုး။ ဒါကြောင့် ဒီကိုရောက်လာတာ။ ငါဆို အကုသိုလ်ကြီးပါကွာ။ ပရိတ်ရွတ်ပြီး ပြန်ကြွလာတဲ့ ရဟာန်းကို ပစ္စည်းယူ၊ လူသတ်မိတဲ့ ဝဋ်ကြွေးတွေပေါ့ကွာ။ စိတ်ထဲကတော့ မသတ်ချင်ပါဘူး။ ပစ္စည်းယူရုံပါပဲ။ ဒါပေမယ့် ပြန်ခုခံတော့ လက်လွန်သွားတာပေါ့ကွာ။ မနောကံ၊ ဝစီကံ မပါပေမယ့် ကာယကံ မြောက်ဖြစ်သွားပြီး ထောင်ကျ၊ ထောင်ကျပြီး ကြိုးဒဏ်ကျပြီး ဒီကိုရောက်လာတာ။ ရောက်စကတော့ ဟောကောင်ရေ…အငတ်ငတ်၊ အပြတ်ပြတ်ပါကွာ။ တစ်လနေလို့မှ ထမင်းစေ့ ၁၀ စေ့ မစားရပါဘူး။ သူတကာ စွန့်ပစ်ထားတဲ့ နှပ်ချေး၊ သလိပ်၊ တံတွေးတွေကို ကောက်စားရတာ။ ဆာလွန်းတာကိုး။ ပြီးတော့ ဟိုလူက နှိပ်စက်၊ သည်လူက နှိပ်စက်ပေါ့။ နောက်မှ ဘုရားသံ၊ တရားသံလေးနားထောင်၊ အမျှဝေသံလေး ကြားရရင် ပြေးပြီး သာဓုခေါ်ရင်း ဒီအခြေအနေရောက်လာတာ။ အရင်တုန်းက ဝက်လာချုံပုတ်မှာ နေရတာ။ အနေဆင်းရဲ၊ အစားဆင်းရဲပါ။ မင်း ဒီကိုရောက်လာတော့ အဖော်ရသပေါ့။ အရင်တုန်းကဆို အဝတ်

အစားတောင်မရှိဘူး။ ခုမှ လူနဲ့သူနဲ့ တူလာတာ။ ဟုတ်ပေါင် တစ္ဆေနဲ့တူလာတာဟော့။ မင်းကတော့ အဝတ်အစားရော၊ နေစရာ ပါပြည့်ပြည့်စုံစုံနဲ့ ကံကောင်းပါ့ကွာ။ ဒီဘဝက မြန်မြန်ကျွတ်ချင် ရင် ဘုရားသံ၊ တရားသံနားထောင်ဟော့"

သူ့ပါးစပ်တစ်ပြင်လုံး သွားများ၊ အထူးသဖြင့်ရှေ့သွား အပေါ်အောက်တွေ ကျိုးနေတာ သွားကျိုးကြီးကို မဝံ့မရဲကြည့်ရင်း က -

"ဦးသွားကျိုးလို့ပဲ ခေါ်လိုက်မယ်နော်"

"ဟား ဟား ဟား…မင်းခေါ်တာ နောက်တောင်ကျ နေပြီကွ။ ဒီနားကအကောင်တွေ၊ ငါ့ထက်ကြီးပေမယ့် ငါ့ကိုလေး စားကြ၊ ရိုသေကြတယ်။ ဦးသွားကျိုးကြီးပဲ ခေါ်တယ်။ ဟို ကောက်တေးမတောင် ငါ့ကို ရိုရိုသေသေနဲ့ ဦးတပ်ပြီးခေါ်တာ"

သူနားထောင်ရင်း အနည်းငယ် စိတ်ရှုပ်ထွေးသွားသည်။

"ဩော်…ဒါထက် ဦးသွားကျိုးကြီး၊ ဒီကိုရောက်တာ၊ တစ္ဆေဖြစ်တာ ဘယ်လောက်တောင် ကြာသွားပြီလဲခင်ဗျ"

သွားကျိုးကြီးက သူ့ကိုလက်တစ်ချောင်း ထောင်ပြသည်။ ရောမနားရွက်ကြီးတွေကို တဖျပ်ဖျပ်ခတ်ပြလိုက်သေးသည်။

"တစ်နှစ်"

"ဟားဟားဟား"

သူ မျက်မှောင်ကြုတ်လိုက်သည်။

"ဆယ်နှစ်"

"ဟီးဟီးဟီး…"

"ကျွန်တော်ပြောတာ မှားရင်လည်း ပြောလေဗျာ"

သွားကျိုးကြီးသည် ရောမမျက်လုံးကြီးနှစ်လုံး ပြူးထွက်အောင် ပြူးပြလိုက်လေသည်။ ထိုအခါ မျက်လုံးကြီးများသည် နီသွေးတောက်လာကာ အရောင်ထွက်လာပြီး မျက်အိမ်အပြင်ဘက်ဆီသို့ ထွက်လာမတတ် ပြူးထွက်သွားလေသည်။

"ဟီးဟီးဟီး…နှစ်တစ်ရာ"

သူ အလွန်အမင်း ထိတ်လန့်အံ့ဩသွားမိသည်။

"ဗျာ…နှစ်တစ်ရာဟုတ်လား"

သွားကျိုးကြီးသည် ရောမတင်းတောင်းမက ဦးခေါင်းကြီးကို ငြိမ့်ခနဲညိတ်လိုက်လေသည်။ တစ်နေရာသို့ ဝေသီသော မျက်ဝန်းများဖြင့် ငေးရီကြည့်ရင်း -

"ဟုတ်တယ် …တစ္ဆေပေါက်စလေးရဲ့။ ငါ့သက်တမ်း နှစ်တစ်ရာကျော်ပြီ။ ငါ ကိုလိုနီခေတ်ဦးကတည်းက တစ္ဆေဖြစ်နေတာ။ မကျွတ်မလွတ်သေးပါဘူးကွာ"

သွားကျိုးကြီးသည် ရှယ်မောနေရာမှ ချက်ချင်းအသံတိုးတိတ်သွားလေ၏။

"ဩော် …ဦးသွားကျိုးကြီးရေ၊ စောစောက ပြောတဲ့ အထဲမှာ မိကောက်တေးကြီးဆိုတာ ကြားလိုက်ရပါလား။ သူက

ဘယ်သူလဲ၊ ဘယ်ကလဲခင်ဗျ”

သွားကျိုးကြီးသည် သူရပ်နေရာ ကျောဘက်ဆီသို့ လက်ညှိုးထိုးပြလိုက်၏။

“မင်း…ဒီကနေကြည့်လိုက်စမ်း၊ ဟိုးမှာမြင်နေရတာ သဖန်းပင်ကြီး မြစ်ကမ်းဘေးကနေ ရေစပ်ကို ကိုင်းကျနေတဲ့သစ်ပင်၊ အဲဒီသစ်ပင်ကြီးမှာနေတာ။ သူလည်း မဆိုးပါဘူး။ တစ်ပင်တည်းကို တစ်ယောက်တည်း နေနေရတာ။ သူလည်း တစ္ဆေသက် ၁၀ နှစ်ကျော်ပြီဆိုပဲ။ ဘာပဲဖြစ်ဖြစ်ကွာ၊ တစ္ဆေသရဲဖြစ်ရင် ကျွတ်ချင်လွတ်ချင်ပြီး ကောင်းရာမွန်ရာကို ရောက်ချင်တဲ့လူတွေချည်းပဲကွ။ ဘယ်သူက နေချင်မတုံး”

သွားကျိုးကြီးကိုကြည့်ရင်း သူ့မျက်နှာ တစ်ချက်ညှိုးသွားသည်။ သွားကျိုးကြီး၏ တစ္ဆေသက်တမ်းက နှစ်တစ်ရာကျော်၊ မိကောက်တေးကြီး၏ တစ္ဆေသက်တမ်းက ဆယ်နှစ်ဆိုပါလား။ သူကကော ဘယ်လောက်ကြာမှာလဲ။

သူ ကြေကွဲဝမ်းနည်းသွားမိသည်။ ခဏကြာတော့ စကားဆိုရန် ပြင်ဆင်လိုက်စဉ်မှာပင် ဝမ်းထဲမှ တကျွတ်ကျွတ်မြည်လာသည်။ မနက်ပိုင်း သပိတ်သွတ်၊ အမျှဝေစဉ်က သူ့အတွက် ကျွေးထားသော စားသောက်ဖွယ်ရာအချို့သာ တို့ကနန်းဆိတ်ကနန်း စားသောက်ခဲ့ရသည်။ အမေနှင့်ညီမလေး အမျှဝေရင်း တက်သွားသဖြင့် သူပါရောစု ငိုလိုက်ရသည်။ ထိုစဉ်က

အမေ့သေးမှာထိုင်နေတာ ဘယ်သူမှမမြင်။

အမျှဝေတော့ သူငိုကြီးချက်မနှင့် ဝေလိုက်သေးသည်။ သာဓုခေါ်လိုက်သေးသည်။ သို့သော် မကျွတ်မလွတ်ခဲ့။ တစ္ဆေဘဝဆိုတာ သာဓုခေါ်တိုင်း မကျွတ်မလွတ်နိုင်။ ကုသိုလ်စိတ်နည်းပါးခဲ့သည်ကိုး။

"ဗိုက်ဆာလိုက်တာဗျာ …ဦးသွားကျိုးကြီး"

သွားကျိုးကြီးသည် မျက်လုံးပြူးပြီး လှန်၍ကြည့်သည်။

"ဗိုက်ဆာရင် အစာရှာထွက်ပေါ့ကွ။ မင်းကို ဘယ်သူမှလာမကျွေးဘူး ဟေ့ကောင်"

"ဩော်…ဒီလိုလား"

"ဟုတ်တယ်…တစ္ဆေပါးမဝသေးတဲ့ မြွေပွေးကိုက်လေးရဲ့"

"ဘယ်မှာသွားရှာရမှာတုန်း"

"ဒီလိုပဲ လမ်းကြိုလမ်းကြား၊ ကိုးကုန်းကိုးကျင်းမှာ ရှာဖွေစားသောက်ရတာပဲ။ လာကွာ…တို့မြစ်ကမ်းဘက်က လျှောက်ကြရအောင်။ ဒီနားမှာ တို့နှစ်ဦးသုံးဦးပဲ ရှိနေတာကွ။ အစာတွေ့ရင် လုစားမယ့်သူမရှိဘူး။ အေးအေးဆေးဆေးပဲ"

သည်လိုနှင့် သူနှင့်သွားကျိုးကြီးသည် မြစ်ကမ်းစပ်အတိုင်း လျှောက်လာကြသည်။ လဆန်းရက်ဖြစ်သည်မို့ လရောင်၊ ကြယ်ရောင်ဖြင့် ပတ်ဝန်းကျင်သည် အေးစက်မှုန်ရီလျက်ရှိသည်။

လတွင် မှိုင်းမှိုင်းပြာလွင်လွင် ကြားမှ ပျံသန်းသွားကြသော ညဉ့်ငှက်တို့က လွမ်းချင်စဖွယ် ရှုခင်းတွေပင်။

ဟိုးဝေးဝေးဆီမှ လှိုင်းပုတ်သံကို ကြားနေရသည်။ တဖြည်းဖြည်းနှင့် သဖန်းပင်ကြီးအောက်ဘက်သို့ ရောက်လာသည်။ အပင်ကြီးသည် ကြီးမားကျယ်ပြန့်ကာ သစ်ရွက်၊ သစ်ခက်များဖြင့် အုံ့ဆိုင်းညို့မှိုင်းနေသည်။

သူတို့နှစ်ယောက်စလုံး အပင်ပေါ်ကို မော့ကြည့်လိုက်စဉ် မှာပင် လှုပ်ရှားမှုတစ်ခုကို စတင်သတိပြုမိလိုက်သည်။ သစ်ရွက်များ တဖျောဖျော လှုပ်ရှားသွားသည်။

သစ်ပင်ပေါ်မှ ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက် ဇောက်ထိုးဆင်းလာခြင်းပေတည်း။ ရုတ်ခြည်း မြေပြင်ပေါ်သို့ သေသပ်စွာကျလာသည်။

"ဟာ"

သူ့နှုတ်ဖျားမှ အာမေဋိတ် လွင့်ကြွေသွားသည်။ သွားကျိုးကြီးက ခပ်အေးအေးပင်။

"ကောက်တေးမ"

သူလှမ်းကြည့်လိုက်တော့ တခြားတစ္ဆေတွေလို ပုံဆိုးပန်းဆိုး မဟုတ်ပေ။ သာမန်မိန်းမတစ်ယောက်လိုပါပဲ။ ဆံပင်ဖားလျားချထားသည်။ အသားအရေ ညိုမောင်းကာ ခန္ဓာကိုယ် ကြမ်းတမ်းခက်မာဟန်ရှိသည်။ မျက်နှာအနေအထားက မည်သူ့ကိုမျှ

ထိတ်လန့်ကြောက်ရွံ့ဟန် မရှိဘဲ၊ စိန်ခေါ်သောမျက်နှာပေါက် ကြမ်းမျိုး။ သူ လမ်းတစ်လျှောက် တွေ့ခဲ့ရသည့် ပုံစံအမျိုးမျိုး သော တစ္ဆေမဟုတ်ပေ။ ဥပမာပေးရလျှင် ရုပ်ကွက်ထဲမှ မိန်းမ ခပ်ကြမ်းကြမ်းပုံစံမျိုးနှင့် တူလိမ့်မည်ထင်သည်။ ကောက်တေးမ သည် သူ့ကိုအထူးအဆန်းသဖွယ် လှမ်းကြည့်နေပေသည်။

"ဦးသွားကျိုးကြီး…သူက -"

"သူက လွန်ခဲ့တဲ့တစ်ပတ်က လယ်ထွန်ရင်း လယ်နား ချိန်မှာ မြွေပွေးအကိုက်ခံရပြီး သေသွားတဲ့ ကောင်လေးပါ။ ငါကတော့ လွယ်လွယ်ကူကူပဲ မြွေပွေးကိုက်လို့ခေါ်တယ်။ ဟီ ဟီဟီ…နင်ကတော့ ခေါ်ချင်သလိုခေါ်။ တို့နားမှ အဖော်တစ် ယောက်တိုးလာတာပေါ့ ကောက်တေးမရေ"

"ဦးသွားကျိုးကတော့ သူများကို နာမည်ဖျက်ပြီ။ လူ့ ဘဝတုန်းကတော့ နာမည်ရှိမှာပေါ့။ ဟုတ်ဖူးလား ကောင်လေး"

ကျွန်တော် တွေ့ချေးကြောင်ရင်း -

"ကျွန်တော့်နာမည် မျိုးလွင်ပါ။ မွေးချင်းသုံးယောက်ထဲ မှာ အကြီးဆုံးဆိုပါတော့"

ကောက်တေးမ၏မျက်နှာတွင် တွေ့စကကဲ့သို့ တင်းမာ ခက်ထန်သည့် မျက်နှာအရိပ်အကဲမျိုး မတွေ့ရတော့ဘဲ တဖြည်း ဖြည်း ပျော့ပျောင်းလာသည်ဟု သူခံစားရသည်။

"ရှင်တို့ ဘယ်တုံး"

"အစာရှာထွက်တာ။ ဒီကောင်ကလေး ဗိုက်ဆာတယ်ဆိုလို့"

"ဒါဆို…လှေဆိပ်ကိုသွား၊ အဲဒီမှာတော့ အစာရကောင်းပါရဲ့။ သွား…မြန်မြန်သွား"

သူတို့နှစ်ယောက် နှုတ်ဆက်ကာ လှေဆိပ်ဘက်သို့ ထွက်လာသည်။

"ဟော့ကောင်…မြွေပွေးကိုက်ကလေးရဲ့၊ မိကောက်တေးက မင်းကို ဆက်ဆံတာ တော်တော် ပြေပြေပြစ်ပြစ်ပဲကွ။ သူက ဘယ်သူ့ကိုမှ စကားပြောတာမဟုတ်ဘူး။ ငါကလွဲလို့ သိပ်စွာတဲ့ကောင်မကွ။ လူ့ဘဝတုန်းက အကုသိုလ်နည်းခဲ့တာကိုး"

သူ ဘာမှပြန်မပြောဘဲ မှောင်မိုက်သော သစ်ရိပ်အောက်သို့ ဆက်၍လျှောက်လာသည်။ သစ်ပင်ရိပ်များ၏ အပြင်ဘက်တွင် လရောင်က ရွှန်းမြတောက်ပလျက်။ လတ်ဆတ်သောလေကဝေ့ဝိုက်ကာ ကလူကျီစယ် တိုက်ခတ်နေသည်။ တောပန်းရနံ့တွေက သင်းမွှေးလျက်။ ဟိုးဝေးဝေး လှေဆိပ်နှင့်ခပ်ဝေးဝေးတွင် ရွာတန်းရှည်ရှိသည်။ ရွာတန်းရှည်သည် လရောင်အောက်ဘက်ဆီတွင် ငြိမ်သက်တိတ်ဆိတ် အိပ်ပျော်လျက်ပင်။

"လာကွာ…လှေဆိပ်မှာ သဘော်ကလေးတွေ အဝင်အထွက်ရှိတယ်ကွ။ အဲဒီမှာ စားစရာ ရနိုင်တယ်"

သူ ဘာမှပြန်မပြောဘဲ သွားကျိုးကြီးနောက် လိုက်သွား

သည်။ မြစ်ယံတွင် လူသူတိတ်ဆိတ်လျက်ရှိသည်။ လရောင်ပြေပြေက မြစ်ရေပြင်ပေါ်တွင် တလက်လက်လှုပ်ခတ်နေသည်။ ဈေးဆိုင်တန်းသုံးလေးတန်းကို တွေ့ရသည်။ သွားကျိုးကြီးသည် သူ၏ပိန်သွယ်ရှည်လျားသော အရိုးဟောက်ပက် လက်တံကြီးဖြင့် ခုံတွေကိုလှန်၊ အမှိုက်တောင်းတွေကိုဖွင့်၊ ဟိုနှိုက်၊ သည်နှိုက်ရှာဖွေရင်း -

"ဟော့ကောင်လေး...ဒီမှာ ဘဲဥပြုတ်တစ်လုံးနဲ့ ငါးကြော် ထက်ပိုင်းပြတ်တစ်ခု တွေ့တယ်။ သစ်သီးတွေလည်း တွေ့တယ်"

သွားကျိုးကြီးက လှမ်းပေးသဖြင့် သူယူကာ အငမ်းမရစားလိုက်သည်။ အရသာ ရှိလိုက်တာ။ ဘဲဥက နည်းနည်းပုပ်ချင်သည်။ သစ်သီးတွေဖြစ်သည့် သရက်သီး၊ မာလကာသီးတွေက အမှိုက်ခြင်းထဲက ဖြစ်သဖြင့် ဈေးသည်စွန့်ပစ်ထားခြင်းပင်။ စားကြွင်းစားကျန်တွေ များပြားလှသည်။ အမှိုက်သရိုက်တွေကြားမှာ မုန့်အကြွင်းအကျန်တွေရှိသည်။

သွားကျိုးကြီးကို လှမ်းကြည့်လိုက်တော့ ငှက်ပျောသီးပျော့ပျော့တစ်လုံးကို မြိန်ရေရှက်ရေစားနေလေသည်။ လက်ထဲမှာလည်း မာလကာသီးတစ်လုံး ပွေ့ထားသေးသည်။

"မြန်မြန်စားဗျ။ နင်နေဦးမယ်"

"ကောင်လေး ဟိုဘက်မှာ ပုစွန်ခေါင်းတွေတွေ့တယ်"

"တော်ပြီဗျာ။ ဒီမှာ ဘဲဥပြုတ်တစ်လုံး စားထားတာနဲ့ ဗိုက်ဝနေပြီ"

"ဟကောင် စားထားကွ။ ငါတို့နေရာကို သယ်ခွင့်မရှိဘူး"

သူ အံ့ဩသွားသည်။

"ဟုတ်လား။ ကျွန်တော်တို့နေတဲ့ သစ်ပင်ပေါ်ကို ယူသွားလို့မရဘူးလား"

သွားကျိုးကြီးက ခေါင်းခါသည်။

"မရဘူး။ မယုံရင်ယူကြည့်။ သူ့အလိုလိုပျောက်သွားတာ"

သူ အံ့ဩတကြီးဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ အကုသိုလ်နည်းတာ မနည်းတာကွာတယ်လေ။ တို့က ခုလို စားကြွင်းစားကျန်အကောင်းတွေ စားနေရပေမယ့် တချို့ မြင်နေလျက်နဲ့ မစားနိုင်၊ မစားရတဲ့သူတွေလည်း ရှိတယ်။ ဟောဟိုမှာကြည့်"

သူ လက်ညှိုးညွှန်ရာကို လှမ်းကြည့်လိုက်သည်။ မြစ်ကမ်းပါးထိပ်လှေဆိပ်နှင့် ခပ်လှမ်းလှမ်း လဲမှို့ပင်ကြီးပေါ်တွင် တွေ့လိုက်ရသည့်မြင်ကွင်းကား -

အယောက်သုံးဆယ်ထက်မနည်းသော အရေအတွက်ရှိ

သည့် သရဲတစ္ဆေ ပြိတ္တာအုပ်စုကို လှုပ်လှုပ်ရွရွတွေ့လိုက်ရပေသည်။ ဖြူလင်းသောလရောင်အောက်တွင် သစ်ပင်ပေါ်၌ တွဲလောင်းခို၍တစ်နည်း၊ ခြေချိတ်၍ လင်းဆွဲတွေလိုနေနေသည့် ပြိတ္တာတွေကတစ်သွယ် မတ်တတ်ရပ်နေသည့် တစ္ဆေတွေကလည်း မနည်း။

အမွေးမှင်ထူထူနှင့် လူဝံလိုတစ္ဆေများ၊ ခြေတစ်ပေါင်ကျိုး တစ္ဆေများ၊ ခေါင်းကြီးကိုယ်သေး ပြိတ္တာများ၊ ခေါင်းတစ်လုံးတည်းရှိပြီး ကိုယ်ထည်မပါသည့် ပြိတ္တာကြီးများ၊ မျက်လုံးလင်းကွင်းပမာဏ ပြိတ္တာများ။

"အား…အမလေး"

"အေး…မြင်တယ်မဟုတ်လား။ လူ့ဘဝတုန်းက အကုသိုလ်တရားများလွန်းတဲ့ ပြိတ္တာတွေ၊ တစ္ဆေတွေပဲကောင်လေး။ သံဝေဂယူ။ တို့လည်း ဒီဘဝကျွတ်အောင် မြန်မြန်လုပ်"

သူ သစ်ပင်ပေါ်သို့ လှမ်းကြည့်နေဆဲမှာပင် တစ္ဆေ၊ ပြိတ္တာများသည် တလှုပ်လှုပ်တရွရွဖြစ်လာကာ နှစ်ကောင်သုံးကောင်က တဖြုတ်ဖြုတ် ခုန်ဆင်းလာကြသည်။

"ဟော…ဦးသွားကျိုးကြီး လုပ်ပါဦးဗျ။ ကျွန်တော်တို့ကို ရန်မူမလို့လားမသိဘူး"

"ဟားဟားဟား…ငါတို့ကို ရန်မူလို့ဘယ်ရမလဲကွ။ ဒီကောင်တွေအကုန်လုံး ငါ့ကိုကြောက်တယ်။ ငါတို့စားသောက်

နေတာကိုမြင်လို့ စားရနိုး၊ သောက်ရနိုးနဲ့ တောင်းရမ်းချင်လို့ သစ်ပင်ပေါ်ကခုန်ချလာကြတာပါ။' သနားပါတယ်ကွာ။ ဒါပေမယ့် ငါတို့စားတဲ့ အစားအစာမျိုးကို သူတို့စားခွင့်မရှိပါဘူးကွာ ကောင်လေး"

"ဟာဗျာ...မဖြစ်နိုင်တာ"

"ဟဲ့...မြွေပွေးကိုက်လေးရဲ့။ လောကမှာ မဖြစ်နိုင်တာ မရှိဘူးဟ။ မဖြစ်သေးတာပဲရှိတယ်။ ငါလက်တွေ့ပြမယ်။ ကုသိုလ်အကုသိုလ်ကွာတယ်"

သွားကျိုးကြီးသည် တစ်နေရာတွင် ဖက်ဖြင့်ပုံထားသော ငါးရိုး၊ ငါးခေါင်းများကို လက်ဝါးကျယ်ကျယ်ကြီးဖြင့် ကျုံးယူကာ ကမ်းပါးစောက်ပေါ် တက်လိုက်သည်။

"ပြန်ကြစို့"

သူတို့နှစ်ယောက် လဲမှို့ပင်ကြီးအောက်ကို ရောက်သည်နှင့် အပင်ပေါ်မှ ဖုတ်၊ ပြိတ္တာများ၏ အစာတောင်းသံတွေ ဆူညံစွာပေါ်လာလေ၏။

"ကျုပ်ကို နည်းနည်း"

"အရိုးလေးစွန့်ပါဗျာ"

"အစာမစားရတာ တစ်လကျော်ပါပြီ။ ပေးပါဗျာ"

"ဒီကိုပေးပါ"

သွားကျိုးကြီးသည် လက်ဝါးကျယ်ကြီးဖြင့် အပင်

အောက်ဆီသို့ လက်ဖြန့်ပေးလိုက်သည်နှင့် အပင်ပေါ်မှ အကောင် ပလောင်များသည် ဝရုန်းသုန်းကားဖြင့် အောက်သို့ဆင်းလာကြ လေသည်။ ထို့နောက် လက်ဝါးကြီးထဲမှ ငါးရိုး၊ ငါးခေါင်း၊ အရိုးအရင်းများကို သကြားခဲကို ပုရွက်ဆိတ်များ ဝိုင်းအုံလုယက် သကဲ့သို့ လုယက်ကြလေသည်။

လက်ဝါးကြီးထဲမှ ငါးရိုးများကို လက်လှမ်းလိုက်သည် နှင့် လက်ထဲမှ အရိုးများသည် ရုတ်တရက်ပျောက်ကွယ်သွားလေ တော့သည်။

"ဟာ"

"တွေ့တယ်မဟုတ်လား။ သူတို့လက်နဲ့ ထိလိုက်တာနဲ့ ငါ့လက်ထဲက ငါးရိုးအကြွင်းအကျန်တွေ ပျောက်သွားပြီ"

သူ တအံ့တဩ မျက်လုံးအပြူးသားဖြင့် ငေးကြည့်နေသည်။

"ဟုတ်ပါရဲ့ဗျာ။ ထူးဆန်းလိုက်တာ။ ဘယ်လိုဖြစ်ရတာ လဲ"

"ဘယ်လိုမှမဖြစ်ဘူးကောင်လေး။ အကုသိုလ်ကြီးလို့ဖြစ် ရတာ။ သူတစ်ပါးစွန့်ပစ်ထားတဲ့ ချွဲ၊ သလိပ်၊ နှပ်၊ အံဖတ်တွေ၊ မြွေ၊ ခွေး၊ လူသေကောင်၊ လူ့မစင်တွေကိုသာစားရတဲ့ အမျိုးအစား တွေလေ။ နောက်တော့ မင်းသိလာမှာပါကွာ။ ပြိတ္တာဆက်ရင်လေ မြင်ရ တွေ့ရ သိလာရ သံဝေဂတွေရမှာ သေချာတယ်"

"တုန်လှုပ်ချောက်ချားစရာချည်းပဲဗျာ။ ငါးရိုးငါးရင်း

လေးတောင် မစားရရှာတဲ့ဘဝ''

''အေး မြစ်ကြီးကိုမြင်ရပြီး ရေမသောက်ရတဲ့ တစ္ဆေတွေ တောင်ရှိသေး။ နှစ်ပေါင်းများစွာကြာသည့်တိုင် ရေမသောက်ရတဲ့ ဘဝနဲ့ ပြိတ္တာတွေ ဒီအပင်ပေါ်မှာရှိတယ်။ တွေ့လား။ ခန္ဓာကိုယ် မရှိဘဲ ခေါင်းပဲရှိတဲ့ပြိတ္တာကြီး သူပဲ''

သူတော်တော် လန့်ဖျပ်သွားသည်။ မကောင်းမှုကိုပြုလုပ်ရန် တစ်ဆံခြည်မျှမပြုလုပ်ရန် သံဝေဂရမိသွားလေပြီ။

''သနားစရာကောင်းလိုက်တဲ့ ဘဝတွေပါ ဦးသွားကျိုးကြီးရာ''

''ကဲ...ပြန်ကြစို့ရဲ့''

ကမ်းပါးပေါ်ရှိ လမ်းအတိုင်း စိတ်ပျက်လက်ပျက် လျှောက်လာကြလေသည်။ သူ့ရင်ထဲမှာ ဆင်ခြင်တုံတရား၊ အသိတရား တစ်ပွေ့တစ်ပိုက်ကြီးနှင့်ဖြစ်သည်။ လရောင်အောက်မှာ လျှောက်လာကြတော့ သူတို့နှစ်ယောက်၏ ခန္ဓာကိုယ်အချိုးအစားသည် ရောမစပါးပုတ်ကြီးနှင့် တင်းတောင်းကလေးပမာဏ ဖြစ်သည်ကို သူသတိပြုမိလိုက်သည်။ သူတို့နှစ်ယောက်သည် အတူယှဉ်တွဲလျှောက်လာရင်း သွားကျိုးကြီးကိုမော့၍မော့၍ပြောရသည်။ သွားကျိုးကြီးက ငုံ့ကာငုံ့ကာ ပြောရသည်။ သည်လိုနှင့် နှစ်ယောက်သား ဆက်၍ဆက်၍ လျှောက်လာသည်။

မြစ်ကမ်းပါးစပ်ရှိ မိုးမခပင်၊ သရက်၊ လက်ခုပ် စသည့်

သစ်ပင်တို့တွင်လည်း သရဲတစ္ဆေတွေ ပြည့်ကျပ်နေသည်။ အပင်တစ်ပင်တည်းမှာပင် အမြင့်ဆုံးအကိုင်းတွင် ဇရာမထွားထွားကျိုင်းကျိုင်းသရဲကြီးများ နေရာယူထားကြပြီး ကိုင်းသေးကိုင်းသိမ်များတွင် သရဲသေးသေးကလေးများ ရှိသည်။

"ဟိုမှာတွေ့လား။ သစ်ပင်ကြီးရဲ့ထိပ်ဆုံးမှာ အမွေးအမှင်အရှည်ဆုံး၊ အစွယ်အရှည်ဆုံးသရဲကြီးတွေ နေကြရတယ်။ တစ်ဆင့်နိမ့်တဲ့ သစ်ကိုင်းပိန်ပိန်တွေမှာ တစ်ဆင့်နိမ့်သရဲလေးတွေ တချို့ အကြိုတွေတောင်မပါဘူး။ ကိုယ်တုံးလုံးနဲ့ စားရတော့လည်း မင်းသိတဲ့အတိုင်းပဲ။ နောက်ဖေးဘက်ကိုစွန့်ပစ်ထားတဲ့ ထမင်းသိုး၊ ဟင်းသိုး၊ လူတွေရဲ့ တံတွေး၊ နှပ်၊ ဒီထက်ကောင်းကောင်းစားချင်ရင် ဘုရားပွဲရောက်အောင်စောင့်။ ဒါမှမဟုတ် ခေါ်စာပစ်ရှာချ၊ မြှုန်းစားကြီးကျွေးတာစောင့်ပဲ။ ဒါမှစားရမှာ။ ဒါကလည်း ငါးနှစ်နေလို့တစ်ခါ မစားရပါဘူးကွာ။ အလုအယက်စားရတာပါ။ ဒါမှမဟုတ် ရွာထဲက ကလေးတစ်ယောက်လောက် ကြောက်အောင်ခြောက်ပြီး ငိုအောင်လုပ်ရတယ်။ မိဘတွေက သရဲကို အစာကျွေးရင်စားရမယ်။ ဒါတောင် သွားစားချင်တိုင်း စားလို့မရသေးဘူးကွ။ အတူတူနေတဲ့ သစ်ပင်က သရဲအကြီးအကဲကို ခွင့်တောင်းရသေးတယ်။ သူ့ဆီက ခွင့်ပြုချက်ရပါမှ"

"ကျွန်တော်တို့က သူတို့နဲ့စာရင် တော်တော်ကုသိုလ်ထူးတယ် ပြောရမယ်"

“ဒါပေါ့ကွ။ အေး…ညနေစောင်း နေဝင်ပြီဆိုရင် ရွာထဲကို သရဲတွေဝင်လေ့ရှိတယ်။ ပျော်ပါးချင်တာရယ်၊ အစာရှာတာရယ်ပဲ ဆိုပါတော့။ ရွာထဲဝင်ပြီဆိုတာနဲ့ ခွေးတွေက အူတော့တာပဲပေါ့။ ခွေးတွေက တစ္ဆေသရဲတွေကိုမြင်ရတယ်။ လူတွေကတော့ မြင်ချင်မြင်မယ်၊ မမြင်ချင်လည်း မမြင်ဘူး။ ကံနိမ့်ရင် မြင်ရတယ်”

ထိုစဉ် သူတို့ရှေ့မှ တစ္ဆေလေးယောက်သည် ဖြူဖြူရှည်ရှည် အလုံးကြီးတစ်လုံးကို ပင်ပင်ပန်းပန်းထမ်းပိုးကာ တောအုပ်ကြားထဲ ဝင်သွားလေသည်။

“ဘာကြီးထမ်းသွားတာလဲ ဦးသွားကျိုးကြီး”

“ထမင်းလုံးကြီးကွ။ သူတို့နေရာရောက်ရင် လွှနဲ့ဖြတ်၊ ပုဆိန်နဲ့ခုတ်ပြီး ဝေစားမျှစားပေါ့ကွာ။ သစ်ပင်ပေါ်ရောက်ရင် အကြီးအကဲတစ္ဆေကြီးကို ဝေစုပေးရသေးတယ်”

သူ သက်ပြင်းချလိုက်သည်။ ရင်ထဲမှာ ကြောက်လန့်စိတ် ကြီးစိုးလာသည်။

“ပြောစရာတစ်ခု ရှိသေးတယ်။ ငါ တစ္ဆေပါးမဝသေးတဲ့ အချိန်ကပေါ့ကွာ။ အိမ်က ကျန်ရစ်ခဲ့တဲ့မိသားစုကိုလည်း အရမ်းသတိရပေါ့။ ရွာကိုပြန်ရတာပေါ့။ မိုးကလည်း သဲသဲမဲမဲပဲပေါ့။ လေကလည်းတိုက်ပေါ့”

သူ ကြားဖြတ်၍ -

''တစ်ကိုယ်လုံး ရွှဲရွှဲစိုရောလား''

သွားကျိုးကြီးသည် ပါးစပ်ကြီးကိုဖြဲကာ တစ်ချက်ရယ်သည်။

''ငါတို့တစ္ဆေတွေက လူတွေလို မိုးမလုံရင် မိုးစိုတာတော့မရှိဘူးကွ။ ဒါကြောင့် သစ်ပင်တွေပေါ်မှာ နေလို့ရတာပေါ့။ မိုးရွာရင် ခြုံစရာ ဆောင်းစရာ သိပ်မလိုဘူးဟေ့။ ဆီးရွက်လောက်သေးသေးလေးအရွက်ကလည်း မိုးလုံတယ်ကွ။ ဒါနဲ့ အိမ်ကိုရောက်သွားတယ်ဆိုပါတော့။ အိမ်ထဲဝင်လို့မရ ဖြစ်နေပြန်ကောကွ။ တော်တော်ခက်တာပါပဲ''

''ဘာဖြစ်လို့လဲ''

''ဘာဖြစ်ရမလဲကွာ။ ငါ့ညီမတစ်ယောက်က အိမ်ထဲဝင်ခါနီးမှာ ဖပ်ဖပ်ဖပ် ထွီဆိုပြီး တံတွေးထွေးတက်သွားတာကိုး။ မြွေပွေးကိုက်ကလေးရေ…ဒါနဲ့ အိမ်ထဲဝင်လို့မရဘူး ဖြစ်ကရော့။ သူ့တံတွေးက တန်ခိုးကြီးတာကိုး။ အဲဒီတံတွေး တစ္ဆေသရဲတွေကို မှန်လို့ကတော့ သေဖို့သာပြင်ပေတော့ မြွေပွေးကိုက်လေးရေ။ လူတံတွေးက ဘယ်လောက်များ ဘုန်းတန်ခိုးကြီးသလဲဆိုရင် အိမ်နဲ့ငါ့ကြားမှာ ပင်လယ်သမုဒ္ဒရာကြီးခြား၊ တောင်တန်းကြီးတွေ ဝန်းရံကာဆီးသွားသလို ဖြစ်သွားတာပေါ့''

သူ အနည်းငယ်ပြုံးလိုက်သည်။

''တယ်ဆိုတဲ့ စာပါလား။ ကဗျာဆရာလုပ်ဖို့ကောင်းနေ

ပြီ အပြောကောင်း”

“အိမ်ထဲကို ဝင်လို့မရဘူးဖြစ်နေတာပေါ့။ အိမ်စောင့်နတ်ကလည်း ဝင်ရင်ရိုက်မယ်တကဲကဲပဲ။ ကြိမ်လုံးကြီးက သူ့ခြေမလောက်ရှိသဟေ့။ အရေးထဲ ခွေးကလည်းဟောင်လိုက်တာလွန်ပါရော။ ငါမွေးထားတဲ့ခွေးပဲကွ။ ငါ့ကိုပြန်ဟောင်နေတာ။ ဒါနဲ့ ငါလည်း လန့်ဖျပ်ကြောက်ဒူးတုန်ပြီး ခြံရှေ့က နို့ဆီခွက်ထဲဝင်ပုန်း ပြီးနေရတာ။ နောက်မှ အိမ်စောင့်နတ်လစ်တော့မှ အိမ်ထဲဝင်လို့ရ တာပေါ့။ ပြီးတော့ အိပ်မက်ပေး”

သည်လိုနှင့် စကားစပြတ်သွားကြပြန်သည်။ ထိုစဉ် ရွာဘက်သို့ အထမ်းနှင့်လျှောက်လာသော လူတစ်ယောက်ကို လှမ်းတွေ့လိုက်ရသည်။ ယိုင်ထိုးယိုင်ထိုးနဲ့ဖြစ်သည်။ ဈေးသိမ်း အိမ်ပြန်နောက်ကျလာသည့် ရွာသားဖြစ်လိမ့်မည်။

ရုတ်တရက် အနံ့တစ်ခုရလိုက်သည်။ သူ အထမ်းနှင့်လူကို တစ်ချက်လှမ်း၍ကြည့်လိုက်သည်နှင့် အထမ်းတောင်းထဲမှာ မည်သည့်အရာပါလာသည်ကို သတိပြုမိလိုက်လေသည်။

ညှီနံ့ (သို့မဟုတ်) သားစိမ်းငါးစိမ်းအနံ့။ သူထိန်းချုပ်၍မရတော့။

“အမဲသားနံ့ရတယ်ကွ ကောင်လေး။ တစ်ကိုယ်လုံးအကြောတွေ ဖျင်းဖျင်းဖျင်းဖြစ်လာပြီ”

“ဟုတ်တယ်။ စားလိုက်ရရင်တော့ဗျာ”

သူ့ခန္ဓာကိုယ် တစ်ခုလုံးရှိ အကြောစိုင်များ ရုတ်တရက် ရှန်းကြွလာသလိုခံစားလိုက်ရပြီး တစ်ကိုယ်လုံးရှိအမွေးတွေ ထောင်ထလာသည် ထင်လိုက်ရသည်။ ကိုက်တစ်ရာခန့်ဝေးသည့် အထမ်းသည်ရှိရာသို့ သူချက်ချင်းရောက်သွားသည်။

အသားစိမ်းပါလာသည့် ဈေးတောင်းကို သူဆွဲလိုက်သည်။ ထိုအခါ အထမ်းသည်သည် 'ဟိုက်' ခနဲအော်ကာ နောက်သို့ တစ်ချက်လှည့်ကြည့်သည်။ သူ့တောင်းသည် လူမမြင်ရပါဘဲ လျက် လေထဲမှာ မြောက်တက်နေသည်ကို အထိတ်တလန့်လှမ်းကြည့်ရင်း သူ့ကိုမြင်သွားပုံရသည်။

"အောင်မယ်လေးဗျ…ပြိတ္တာကြီး"

အထမ်းတောင်းကိုပစ်ချကာ ခြေကုန်သုတ်၍ ရွာဘက်ဆီသို့ ပြေးလေတော့သည်တကား။ ကျန်ရစ်ခဲ့သည့် တောင်းထဲမှ အမဲသားတွဲကြီးကို အငမ်းမရကောက်ကိုင်လိုက်စဉ်မှာပင် သူ့အသိအာရုံထဲသို့ သူ့ကိုခေါ်လိုက်သည့် 'ပြိတ္တာကြီး' ဟူသောစကားလုံးက ရင်ထဲသို့ ခက်ထန်ကြမ်းရှစွာဝင်လာသည်။ သွားကျိုးကြီးသည် အမဲသားတွဲကြီးကိုင်ကာ ငိုင်နေသော သူ့ထံသို့ ရောက်လာကာ စူးစမ်းတောက်ပြောင်သော မျက်လုံးကြီးဖြင့် အမဲသားတွဲကိုကြည့်ရင်း -

"စားလေကွာ။ ငါ့လည်း နည်းနည်းကျွေးဦး"

သူ အမဲသားတွဲတစ်ခုလုံးကို သွားကျိုးကြီးကို လှမ်းပေး

လိုက်သည်။ စားချင်စိတ်မရှိတော့။ ဒီလိုအညှီအဟောက်တွေကို မက်မက်မောမော ရှာဖွေစားသောက်နေသမျှ တစ္ဆေဘဝက လွတ်မြောက်ပါမည်လား။ သူက လူပဲပြန်ဖြစ်ချင်နေတာ။

သူလှမ်းပေးသော အမဲသားတွဲကို သွားကျိုးကြီးက မြိန်ရေရှက်ရေစားနေပေမယ့် သူစိတ်မဝင်စားတော့။ သည်လိုနှင့် ညအမှောင်ထဲမှာ ဆက်၍လျှောက်လာသည်။ သွားကျိုးကြီးက အမဲသားတွဲကြီးကိုင်လာကာ တဖျပ်ဖျပ်မြည်အောင် မြိန်ရေရှက်ရေ စားလာသည်။

လမ်းတစ်လျှောက်တွင် ဖြတ်သွားဖြတ်လာ သရဲ၊ တစ္ဆေတွေကိုလည်း ရံဖန်ရံခါတွေ့ရသည်။ တကယ်တော့ အကာလည အခါသည် သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာတို့ အစာရှာထွက်သည့် အချိန်ကာလပေတကား။ နာနာဘာဝတို့ ပျော်ပါးမြူးထူးချိန် မဟုတ်လား။

"လူ့ဘဝက ပြုကျင့်ခဲ့တဲ့အကုသိုလ်၊ ကုသိုလ်အနည်းအများကိုလိုက်ပြီး သရဲ၊ တစ္ဆေဘဝမှာလည်း နေထိုင်မှု၊ စားသောက်မှု၊ အဝတ်အစား ကွာခြားတာပါပဲကွာ ကောင်လေးရ"

"ဟုတ်တယ်ဗျာ။ သံဝေဂတွေချည်းပဲ"

□

"ဟုတ်တယ် အစ်ကို။ သံဝေဂတွေချည်းပဲဗျ။ အစ်ကိုက စာတွေဖတ်ထားတော့ ကျွန်တော့်ထက် ပိုတွေ့ပိုမြင်မှာပေါ့ဗျာ"

ကျွန်တော် ခေါင်းတစ်ချက်ညိတ်ကာ အောင်ဂျမ်းကို ခပ်ယဲ့ယဲ့ပြုံးပြလိုက်မိသည်။

''ပြိတ္တာဆိုတာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံမှာပါပြီး လူ့လောကနဲ့ ဆက်စပ်နေတယ်။ သူတို့ဟာ ချုံ၊ ပိတ်ပေါင်း၊ တောင်၊ သစ်ပင်တွေမှာနေပြီး ဆင်းရဲစွာစားသောက်နေရတဲ့ အပါယ်ဘုံသားတွေပါ။ အကိုသိရသလောက်ကတော့ ပြိတ္တာအမျိုးအစား ဆယ့်ခြောက်မျိုးရှိတယ်။ မူကွဲတွေလည်းရှိတယ်။ စန္ဒတပြိတ္တာ၊ ကုဏပါသပြိတ္တာ၊ ဂူတခါဒကပြိတ္တာ၊ အဂ္ဂိဇာလမုခပြိတ္တာ၊ သုစိမုခပြိတ္တာ စသည်စသည်ဖြင့်ပေါ့။ ခန္ဓာကိုယ်အချိုးအစားတွေကလည်း မတူပြန်ဘူး။ ခန္ဓာကိုယ်က ပုတ်လောက်ရှိပြီး ပါးစပ်က အပ်နဖားလောက်ရှိတဲ့ပြိတ္တာ၊ မီးလောင်ထားတဲ့သစ်ငုတ်တိုနဲ့တူပြီး အသားမရှိ အရိုးချည်းသာရှိတဲ့ပြိတ္တာ၊ အဝတ်မရှိ ကိုယ်တုံးလုံးနဲ့ အနံ့အသက်ဆိုးဝါးလှတဲ့ ပြိတ္တာလည်း ရှိသေးတယ်။

ခြေသည်းလက်သည်းတွေက ဓားလှံတွေလို ထက်မြနေပြီး ကိုယ့်သွေး၊ ကိုယ့်သားကို ကိုက်ဖဲ့စားသောက်နေရတဲ့ သတ္တဂ်ပြိတ္တာလည်း ရှိတယ်။ ခန္ဓာကိုယ်မှာ မီးခိုးတွေထွက်ပြီး တစ်ကိုယ်လုံး မီးလောင်ကျွမ်းခံရတဲ့ ပဗ္ဗတဂ်ပြိတ္တာတွေ၊ နေ့ခံညစံ ဝေမာနိကပြိတ္တာတွေလည်း အများကြီးပဲကွာ။

ပြီးတော့ တစ်ကိုယ်လုံး အမွေးအမှင်တွေ အပ်သွားလိုရှိ

တဲ့ပြိတ္တာ၊ ခန္ဓာကိုယ်အရေခွံက မိကျောင်းလိုရှိတဲ့ပြိတ္တာ၊ မျက်လုံး တစ်လုံးတည်းရှိတဲ့ပြိတ္တာ၊ မျက်စိတွေအများကြီးရှိတဲ့ပြိတ္တာတွေ လည်း အများကြီးပဲလေ။

ဪ ဒါထက် ညီလေးပြောပြတဲ့ တစ္ဆေပြိတ္တာတွေထဲက ဦးသွားကျိုးကြီးရဲ့ပုံသဏ္ဍာန်နဲ့ မိကောက်တေးရဲ့ပုံသဏ္ဍာန်တော့ မျက်လုံးထဲမှာ ပုံဖော်ကြည့်မိတယ်ကွာ။ ညီလေးရဲ့ပုံသဏ္ဍာန်က ကော တစ္ဆေဘဝမှာ ဘယ်လိုခန္ဓာကိုယ်ပုံစံရှိခဲ့သလဲ။ နောက်ထပ် ဘယ်လို အစားအသောက်တွေကို စားသောက်ခဲ့ရသလဲ သိချင် တယ်ကွာ"

အောင်ဂျမ်းသည် အနည်းငယ်ရှက်ယောင်ယောင်ပြုံးကာ ငြိမ်သက်သွားပြန်လေ၏။ အတန်ကြာမှ စဉ်းစားပြီးဖြေလေသည်။

"မကျွတ်မလွတ်တဲ့ တစ္ဆေဘဝမှာ တစ္ဆေတွေဟာ ခန္ဓာ ကိုယ်ပုံစံအသီးသီးနဲ့ အမျိုးမျိုးရှိပါတယ်။ တစ်ယောက်ပုံစံနဲ့တူတာ ရှိသလို မတူကွဲပြားတာလည်းရှိတယ်။ ကျွန်တော့်ခန္ဓာကိုယ်က တော့ ဦးသွားကျိုးကြီးနဲ့ ခပ်ဆင်ဆင်ရယ်၊ ခေါင်းက တင်းတောင်း တစ်လုံးစာလောက်ရှိမယ်။ မျက်လုံးက ဦးသွားကျိုးကြီးလောက် အကြမ်းပန်းကန်လုံးလောက်ပါပဲ အကို။ ခန္ဓာကိုယ်ကတော့ မဝ ဘူး။ လူ့ဘဝတုန်းကလောက်ပဲ။ နားရွက်ကတော့ အကြီးဆုံးပဲ။ ဆန်ကောလောက်ရှိတယ်။ ဦးသွားကျိုးကြီးကတော့ ဖျာလောက် ကြီးရှိတာကိုး။ သူက မိုးရွာတဲ့အခါ၊ ချမ်းတဲ့အခါ နားရွက်ကြီး

တစ်ဖက်ကိုခင်းပြီး တစ်ဖက်ကို ခြုံအိပ်တော့တာပဲ။ ဇိမ်တော့ကျ တယ်ပြောတယ်။ ဟားဟားဟား…ရယ်စရာကြီးဗျာ။ ဦးသွားကျိုးကြီးက ပါးစပ်ပေါက်ပါတယ်။ လူ့ပါးစပ်ပေါက်လောက်ပါ။ နှာခေါင်းပေါက်မပါဘူး။ ကျွန်တော်က နှာခေါင်းပေါက်ပါတယ်။ လူ့ဘဝကနှာခေါင်းပေါက်လောက်ပဲ။ ဒါပေမယ့် လက်တွေခြေတွေက သေးတယ်။ ခြေထောက်တွေကလည်း သေးသေးလေး။ ကျွန်တော် လူ့ဘဝခန္ဓာကိုယ်ထက် သေးတယ်ဗျ။ ခေါင်းနဲ့နားရွက်နဲ့ ခန္ဓာကိုယ်နဲ့ မလိုက်ဖက်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက်က တစ္ဆေပြိတ္တာမှာ အမျိုးအစား အနီးစပ်ဆုံးတူတယ်ပြောရမယ်။ ဒါကြောင့် အတူတူပေါင်းစည်းလို့ ရတယ်ထင်ပါရဲ့ဗျာ”

“အစာစားရတော့ကော စားကြွင်းစားကျန်ပေမယ့် သပ်သပ်ရပ်ရပ် ကောင်းကောင်းမွန်မွန်ပဲလား”

အောင်ဂျမ်းက ခေါင်းတစ်ချက်ညိတ်သည်။

“အငှသကောင်ပုပ်တွေတော့ မစားဘူး။ စားခွင့်လည်း မရှိဘူး။ ရေကတော့ သောက်လို့ရတယ်။ သောက်ချင်စိတ်ဖြစ်လာတာနဲ့ ဗိုက်ထဲကပြည့်သွားတယ်။ ပြီးတော့ ရေဝသလိုဖြစ်ပြီး ရေမဆာတဲ့ပုံစံမျိုးပါ။ လူတွေစွန့်ပစ်ထားတဲ့ ထမင်းလုံးတွေ၊ ထမင်းကျန်ဟင်းကျန်၊ အသားငါးတွေကို ကောက်စားရတယ်။ ဝဝလင်လင်ပါပဲ။ အင်း…တစ္ဆေသက် သုံးနှစ်လောက်ပြည့်တော့

ဘယ်လိုဖြစ်သလဲမသိဘူး။ သားစိမ်း၊ ငါးစိမ်း၊ အမဲသား ပိုကြိုက်လာတယ်။ ပိုတောင့်တလာတယ်ခင်ဗျ''

''မိကောက်တေးကကော''

''သူကတော့ ခန္ဓာကိုယ် လူအတိုင်းပါပဲ။ ရုပ်ကြမ်း၊ အသားညိုပြီး ခန္ဓာကိုယ်ကြီးထွားသွားတာတစ်ခုပါပဲ။ ကျွန်တော်တို့အနီးနားက တစ္ဆေတွေထဲမှာက သူက ဟဲဟဲ…ရုပ်ရည်ပြေပြစ်တယ်ပြောရမယ်။ တစ္ဆေကွမ်းတောင်ကိုင်ဆိုပါတော့…ဟား ဟား ဟား ဟား''

''ဟား…ဟား…ဟား…ဟား''

ကျွန်တော်ကပါ ရယ်မောလိုက်မိသည်။

''ဆက်ပါဦး''

''သူ တစ္ဆေဖြစ်လာပုံကို ပြောပြချင်ပါတယ်။ သူက မြေလတ်ဒေသကနေ ဒီကိုရောက်လာတာ။ ဘယ်လိုရောက်လာသလဲဆိုတာတော့ မသိဘူး။ စိတ်ဓွဲလမ်းမှုကြောင့် ဖြစ်လိမ့်မယ်ထင်တယ်။ မိကောက်တေးကြီးကလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ ရုတ်တရက်သေခဲ့တာပါ။ သူ့တို့ရွာမှာ တစ်နှစ်တစ်ခါ ရွာဘုရားပွဲရှိတယ်လေ။ ဆယ့်ခြောက်နှစ်အရွယ်ဆိုတော့ ပျော်ချင်ပါးချင်စိတ်များမှာပေါ့။ ဈေးရောင်းရတာ ဈေးရောင်းကပြန်လာပြီး နေပူကြီးထဲမှာ ဘုရားပွဲသွားချင်ဇောနဲ့ ရေချိုးလိုက်တာ အပူရှပ်ပြီး သေတာပါ။ ကုသိုလ်ကောင်းမှု နည်းနည်းရှိတော့ တစ္ဆေဘဝရောက်တော့

အဆင့်မြင့်မြင့်နေရတယ်ပြောရမယ်။ ဒါပေမယ့် တစ္ဆေက တစ္ဆေပါပဲဗျာ။ မထူးပါဘူး။ ဘာပဲပြောပြော ကျွန်တော်တို့ သုံးဦးက စည်းရုံးညီညွတ်မှုရှိတယ်။ မိကောက်တေးကြီးဆို ကျွန်တော့်ကို သိပ်ခင်ရှာပါတယ်။ ဘယ်နေရာမှာ စားစရာရှိတယ်၊ တွေ့တယ်က အစ ညွှန်ပြလေ့ရှိတယ်။ ဒီထက်အခြေအနေဆိုးတဲ့ လူတွေရဲ့ နှပ်တို့၊ တံတွေးတို့ကို ကောက်စားရတဲ့ ဘဝထက်စာရင် တော်သေးတယ်။ အပုံကြီးတော်သေးတယ် ပြောရမှာပဲ"

"ဒါပေါ့ကွာ။ ကိုယ်ပြုသည့်ကံကိုယ့်ထံပဲ ပြန်လာမှာ မမွှတာပဲပေါ့။ ဆက်ပြောပါဦး"

အောင်ဂျမ်းသည် အနည်းငယ်စဉ်းစားဟန်ပြုသည်။

"အဲဒီရွာ တည်ထောင်ခါစက ဖြစ်ရပ်တစ်ခုကို သွားကျိုးကြီးပြောပြတာရှိတယ်။ သံဝေဂရစရာတွေချည်းပါပဲ။ ဦးသွားကျိုးကြီး ပြိတ္တာဘဝနဲ့ရောက်ပြီး နှစ်တော်တော်ကြာမှ ကျွတ်သွားတယ်ပြောတဲ့ ဖြစ်ရပ်တစ်ခုပါ။ ရွာတည်ခါစဆိုတော့ နွားပေါပြီး ရောင်းချကြ၊ စားသောက်ကြတာပါ။ နွားကလေးက အသတ်မခံရခင် ဒူးထောက်ပြီး မျက်ရည်လည်ရွှဲနဲ့တောင် တောင်းပန်သတဲ့။ ဒါပေမဲ့ ရက်စက်တဲ့လူတွေဆိုတော့ သတ်တာပါပဲ။ နွားကလေးသေပြီး အမဲဖျက်ကြတဲ့နှစ်ယောက်က နောက်တစ်ရက်မှာ လှေမှောက်ပြီးသေရော။ လူမှန်းမသိအောင် မှုးကြရူးကြတာလေ။ တစ်ယောက်က အမဲဖျက်စဉ်မှာ အရိုးစုတွေကိုမြင်ပြီး အရိုးစု

ပြိတ္တာကြီးဖြစ်သွားတယ်။ နောက်တစ်ယောက်ကတော့ သေခါနီး အသားတစ်တွေကိုစွဲပြီး အသားတစ်ပြိတ္တာကြီး ဖြစ်သွားတယ်ခင် ဗျ။ အရိုးစုပြိတ္တာကြီးဆိုတာကလည်း အရိုးဂေါက်ဂက်ကြီးနဲ့ လမ်း လျှောက်တိုင်း တချောက်ချောက်မြည်နေသတဲ့။ အသားတစ်ပြိတ္တာ ကြီးကတော့ မလှုပ်မယှက် ကောက်ရိုးပုံကြီးလိုပါပဲ။ ခြေတွေ လက်တွေရှိတယ်။ မသိရင်တော့ ခြတောင်ပို့လိုပဲအစ်ကို။ အကု သိုလ်ဝဋ်ကြွေးပေါ့။ ကြောက်စရာကောင်းလိုက်တာ။ နောက်တော့ ကျွတ်လွတ်သွားတာလား၊ ငရဲပဲရောက်သွားသလားမသိဘူး။ နှစ် ကောင်စလုံးပျောက်သွားတယ်ပြောတယ်။ အရိပ်အယောင်တောင် မတွေ့လိုက်ရတော့ဘူးတဲ့"

"ပြိတ္တာဘဝက ကျွတ်လွတ်ပါစေကွာ။ ဆုတောင်းလိုက် ပါတယ်"

"ဟုတ်တယ်။ ကျွန်တော်လည်း လူပြန်ဖြစ်တော့ အား လုံးကို ကုသိုလ်ကောင်းမှုလုပ်တိုင်း အမျှဝေဆုတောင်းပါတယ်"

ခေတ္တခဏ ငြိမ်သက်သွားပြန်သည်။ အပြင်ဘက်တွင် လရောင်စိမ်းစိမ်းမြမြသည် သစ်ရွက်သစ်ခက်တွေပေါ်သို့ ခပ်ဖွဖွ လေးလျှောက်နေဆဲ။ တဖြည်းဖြည်းနှင့် ညဥ့်နက်လာလေပြီ။ လေ တဟူးဟူးတိုက်သဖြင့် တံခါးနင်းကို စေ့ထားလိုက်ရသည်။ အခန်း ကလေးသည် တိတ်ဆိတ်အေးစက်သွားပြန်လေသည်။

"နောက်ထပ် တစ္ဆေဘဝအတွေ့အကြုံတွေ ပြောပါဦး"

"ကျွန်တော်တို့ တစ္ဆေတွေဟာ ညဘက် နေဝင်ရီတရော အဲဒီအချိန်တွေမှာ အပြင်ထွက်ပြီး အစာရှာတဲ့အခါရှာ၊ ကိုယ်သွားချင်ရာ ဆွေမျိုးသားချင်းတွေဆီကို ဘဝချင်းခြားနေပေမယ့် သွားကြလာကြတယ်ခင်ဗျ။ နောက်ပြီး ကျွန်တော်တို့တစ္ဆေချင်း အဝေးကြီးကနေ စိတ်ချင်းစကားပြောလို့ရတယ်။ ကျွန်တော်နဲ့မိကောက်တေး၊ ဦးသွားကျိုးကြီးတို့ဟာ ဒီလိုပဲ စိတ်ချင်းစကားပြောကြတယ်။ ကမ္ဘဇိဒ္ဓိတန်ခိုးလို့ ပြောရမှာပေါ့။ ပြီးတော့ အစိမ်းသေဘဝတစ္ဆေဘဝနဲ့ အိမ်ထဲဝင်ရင် ဝင်ချင်တယ်ဆိုရင်…"

"အိမ်ထဲဝင်ချင်တယ်ဆိုရင်တော့ မြွေပွေးကိုက်ကလေးရေ…မှောင်ရီပျိုးစ ညချမ်းချိန်ခါမှာ ဝင်ရတယ်ကွ။ နွားရိုင်းသွင်းချိန်ဖြစ်တဲ့အချိန်မှာ နွားတွေ၊ ကျွဲတွေ၊ ဆိတ်တွေကိုမှီပြီး အလစ်ဝင်ကွ။ အိမ်စောင့်နတ်၊ ခြံစောင့်နတ်မသိအောင် အလစ်သာဝင်"

ဦးသွားကျိုးကြီးက အာပေါင်အာရင်းသန်သန်ဖြင့် ပြောလေသည်။

"ခြံစောင့်နတ်၊ အိမ်စောင့်နတ်တွေ မိသွားရင်ကောဗျာ"

"ဟီး ဟီး ဟီး…ဖနောင့်နဲ့တင်ပါး တစ်သားတည်းဖြစ်အောင် ပြေးပေတော့ မြွေပွေးကိုက်ကလေးရဲ့။ ဒီလောက်တောင် အရသလား။ အိမ်စောင့်နတ်၊ ခြံစောင့်နတ် အလစ်ဝင်ပေါ့။ နောက်တော့လည်း မင်းတစ္ဆေရည်လည်သွားမှာပါကွာ"

သွားကျိုးကြီးသည် ရောမရှည်လျားလှသည့်လျှာကြီးကို

ထုတ်ချည်သွင်းချည်ပြုကာ သူ့ကိုရှင်းပြရသည်။ လူကြီးက နှစ်တောင်လောက် ထွက်လာခြင်းဖြစ်သည်။

"နောက်တစ်ခု သတိထားစရာပြောရဦးမှာကောင်လေး။ ရဟန်းတော်တွေရဲ့သင်္ကန်းရယ်၊ နွားကျောင်းသားတွေကို ဝေးဝေး ရှောင်ဖို့ လိုတယ်ဟော့နော။ နွားကျောင်းသားတွေက လောက်လေးခွတစ်လက်နဲ့ လက်သရမ်းပါဘိသနဲ့။ ညနေဝင် နေဝင်ရီတရော မှာ ရဟန်းသံဃာရဲ့သင်္ကန်းနဲ့ မင်းခန္ဓာကိုယ် ထိလို့ကတော့ သေဖို့ သာပြင်ဟော့။ တစ်ကိုယ်လုံး ဓားထက်ထက်နဲ့မွှန်းသလို ခံစားရပြီး သင့်ရဲ့ခန္ဓာကိုယ်တစ်ခုလုံးက ကမ္ဘာအပြင်ဘက် လေဟာနယ်ထဲ လွင့်သွားသလိုခံစားလိုက်ရမယ်။ အဲဒါ သတိထား။ ရဟန်းသံဃာ မြင်ရင် ဝေးဝေးကကန်တော့ ဟုတ်ပြီလား"

"ဟုတ်ပါပြီဗျာ။ ဒီလိုပြောပြတာ ကျေးဇူးတင်ပါတယ်"

သူတို့နှစ်ယောက် စကားပြောနေစဉ်ဝယ် မိကောက်တေး ရောက်လာသည်။ မိကောက်တေးသည် သူ့ကို ရွှန်းရွှန်းစားစား ကြည့်ကာ -

"ဒီတစ်နွေမှာ ဘုရားပွဲလာတော့မယ်"

"ဟုတ်လား…မိကောက်တေး"

"ကျွန်မကြားရတာကို ပြောတာ ဦးသွားကျိုးကြီး။ တစ်နှစ်တစ်ကြိမ် ရွာမှာ ဘုရားပွဲကျင်းပတာလေ"

ဘုရားပွဲဆိုသောအသံကြောင့် သွားကျိုးကြီး၏မျက်နှာ

သည် ထူးထူးခြားခြားအရောင်ပြောင်းသွားကာ မျက်လုံးကြီးများ ပို၍ပြူးထွက်လာသည်။

"ဟီဟီ...ဘုရားပွဲဆိုရင်တော့ စားရချည်သေးရဲ့၊ သောက်ရချည်သေးရဲ့ကွာ"

သူအံ့ဩသွားသည်။ မိကောက်တေးကို လှမ်းကြည့် သည်။

"ဟုတ်တယ် ကောင်လေးရေ။ ဘုရားပွဲဆိုရင် တို့ကို အုပ်ချုပ်တဲ့အထက်နတ်ကြီးတွေကော၊ ဆိုင်ရာဆိုင်ရာ အောက် နတ်တွေကော၊ အို...ကုန်ကုန်ပြောမယ် ကွင်းပိုင်၊ နယ်ပိုင်တွေ ကော ပွဲတော်ရက်အတွင်းမှာ လွတ်လပ်ခွင့်ပေးထားကြတယ်။ ဒီအချိန်မှာ ပရလောကသား၊ ပြိတ္တာ၊ တစ္ဆေ၊ ဖုတ်၊ သရဲမှန်သမျှ ဝဝလင်လင် လုံလုံလောက်လောက် စားကြသောက်ကြရမယ်ကွ။ ရွာတွေထဲကိုလည်း တံခါးမရှိ၊ ဓားမရှိ အတားအဆီးမရှိ သွားခွင့် လာခွင့်ရှိတယ်။ ကဲ...မပျော်ဘူးလား။ ဘယ်သူမှ မတားကြ ဘူးကွာ"

သူသည် ကြားရသည့် သတင်းစကားအတွက် အပျော် ကြီးပျော်သွားကာ ယခုပင် အမေရှိရာနေအိမ်သို့ ပြေးသွားချင် လောက်အောင် ပျော်ရွှင်သွားမိသည်။ အမေဟု ရင်ထဲမှ လွမ်း ဆွတ်စွာ ခေါ်လိုက်မိသည်။

မိကောက်တေးပြောသည့်အတိုင်းပင် ရွာကလေးတွင်

ဘုရားပွဲကျင်းပရက် ရောက်လာသည်။ ပွဲတော်ရက်ကျင်းပသည့် (၃) ရက်အတွင်း ဖုတ်၊ ပြိတ္တာ၊ တစ္ဆေများသည် လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားကြကာ လူတို့စွန့်ကြဲထားသော စားကြွင်းစားကျန်များ၊ ခေါပစ်စာများ၊ မြှုန်းစာများကို အနှောင့်အယှက်မရှိ စားသောက်ကြရလေသည်။ တစ်နှစ်ပတ်လုံး ရေတစ်ပေါက်မျှပင် မသောက်ရသောပြိတ္တာများ၊ နှပ်၊ သလိပ်၊ ချေးကိုသာစားရသည့် တစ္ဆေများသည် စားကောင်းသောက်ဖွယ်များကို လွတ်လပ်စွာ စားသုံးကြရလေသည်။

ဘုရားပွဲတော် နောက်ဆုံးည -

ဘုရားပွဲတော် နောက်ဆုံးညဆိုသည်ကလည်း အမှန်တကယ်အားဖြင့် တစ္ဆေပွဲတော်နောက်ဆုံးညဟုပင် ဆိုရပေမည်။ မနက်စောစောပိုင်းနှင့် ညဦးယံ နေဝင်ရီတရောတွင် ကျေးရွာမှ ရွာဦးဆရာတော်နှင့်တကွ ကျေးရွာသူကျေးရွာသားများက မကျွတ်မလွတ်သော ဝေနေယျသတ္တဝါများကိုပါ စားသောက်ဖွယ်ရာစုံစုံလင်လင်ဖြင့် ရွာပြင်တွင် ကျွေးမွေးပေးရာ ပွဲတော်ကြီးတစ်မျှစည်ကားလှသည်မဟုတ်ပါလား။

ဘုရားပွဲတော်တွင် ရွာခံတစ္ဆေသရဲများသာမက အခြားရွာနီးချုပ်စပ်မှ သရဲတစ္ဆေများလည်း သူ့အုပ်စုနှင့်သူ တဖွဲဖွဲလာရောက်စားသောက်ကြပေသည်။ အရိုးစုချည်းသာရှိပြီး ခန္ဓာကိုယ်တွင် အသားတစ်ဟူ၍ တစ်ကျပ်သားပင်မရှိရှာလေသော အရိုးစု

တစ္ဆေများသည် တစ်ကိုယ်လုံး ချိုးချိုးချောက်ချောက်မြည်ကာ ခေါစာပစ်ရာ၊ မြန်းစာကျွေးရာနေရာသို့ ရောက်လာကာ ကျွေး ထားသော စားသောက်ဖွယ်ရာသီးနှံ၊ သားငါးတို့ကို စားသောက် ကြလေသည်။ ထို့နောက် မကောင်းသော အနံ့အသက်ရှိသည့် ပြိတ္တာမများ၊ အရည်မရှိသော မိန်းမတစ္ဆေများ တိတ်ဆိတ်စွာ လာ ရောက်ကြပြန်သည်။

မှင်စာလေးများလည်း ခုန်ပေါက်ကခုန်ကြကာ ရောက် လာကြခြင်းဖြစ်သည်။ ချကျွေးထားသော စားသောက်ဖွယ်ရာများ ကို အလုအယက် စားသောက်ကြပြန်လေသည်။

သံချောင်းပမာဏအမွေးရှိ တစ္ဆေများ၊ ဦးခေါင်းပမာ ခန္ဓာကိုယ်ချည်းသာရှိသည့် ပြိတ္တာများ၊ ကလေးငယ်ကလေးများ ကို ခါးထစ်ခွင်ချီကာ လာရောက်ကြသော မိန်းမတစ္ဆေများ၊ ခြေ ထောက်တစ်ချောင်းတည်းသာရှိသော ခြေတစ်ပေါင်ကျိုးပြိတ္တာ များ၊ မျက်လုံးတစ်လုံးတည်းသာရှိသည့် တစ္ဆေများ စသည် စသည်။

၎င်းတို့သည် ချကျွေးထားသော အစားအသောက်နေရာ များတွင် စုဝေးရောက်ရှိလာကာ မြိန်ရေရှက်ရေ အငမ်းမရ စား သောက်ရှာကြလေသည်။

သူသည် ညနေ နေဝင်ပြီဆိုသည်နှင့် အမေ့အိမ်ကိုပြန်ရန် ကြံစည်စိတ်ကူးထားပြီးဖြစ်သည်။ သွားကျိုးကြီးကို အဖော်အဖြစ်

လိုက်ခဲ့ရန် သွားခေါ်တော့ သွားကျိုးကြီးသည့် သူ့ဘုံသစ်ပင်တွင် မရှိချေ။ တစ္ဆေတွေ အစာကျွေးရာနေရာကို ရောက်နေပြီလား၊ ဒါမှမဟုတ် ပွဲဈေးတန်းထဲ ရောက်နေပြီလား။ သည်လိုနှင့် သူ သဖန်းပင်ကြီးဆီသို့ လျှောက်လာသည်။ တော်ပါသေးသည်။ သဖန်းပင်တွင် ကောက်တေးမကို အဆင်သင့်တွေ့လိုက်ရသည်။

"ကောက်တေးမကြီး ဘုရားပွဲမသွားဘူးလား။ အလှူ မသွားဘူးလား"

ကောက်တေးမသည် သစ်ပင်ဖျားမှ လေထဲမှာပင် မတ်တတ်ရပ်လျက် ဆင်းလာသည်။

"သွားမယ်လေ။ မိုးတောင်ချုပ်တော့မယ်။ ဦးသွားကျိုးကြီးကော"

သူပြုံးလိုက်သည်။

"ပွဲခင်းထဲ စောစောစီးစီးရောက်နေရောပေါ့ဗျာ"

ကောက်တေးမသည် သူနှင့်ယှဉ်ကာလျှောက်လာသည်။ ကောက်တေးမ၏ အရုပ်အမောင်းသည် သူနှင့်အရွယ်တူဖြစ်သည်။ သူတစ္ဆေသက် သုံးနှစ်အတွင်းရှိလာသော်လည်း ကောက်တေးမ၏ ခန္ဓာကိုယ်က ပြောင်းလဲခြင်းမရှိ။ သူ့မှာသာ ခန္ဓာကိုယ်ထွားကျိုင်းကာ အမွေးရှည်ကြီးတွေ ပိုမိုကြမ်းလာခဲ့သည်။ အစားအသောက် ပို၍ကြမ်းတမ်းစွာ စားသောက်လာသည်။ သားစိမ်းငါးစိမ်းကို ပိုမို၍ နှစ်သက်လာလေသည်။ ပိုမို၍လည်း ကြမ်းတမ်းရက်စက်

ချင်လာသည်။ အစားဆိုလျှင် သားစိမ်းငါးစိမ်းကို ပိုမို၍ စားသောက်နှစ်သက်လာသည်။

ပတ်ဝန်းကျင်ကား အမှောင်ထုဖြင့် ကြီးစိုးလွှမ်းခြုံစပြုလာပေပြီ။ ဟိုးဝေးဝေးတွင် ပွဲခင်းရှိသည်။ ပွဲခင်းတွင် မီးရောင်စုံထွန်းညှိထားကာ ရွာသားတွေ လှုပ်လှုပ်ရွရွသွားလာနေသည်ကို လှမ်းမြင်နေရသည်။

ရွာထိပ်ရောက်တော့ နတ်ကွန်းတွင် ရွာတော်ရှင်၊ ရွာစောင့်နတ်မရှိချေ။ အနီးအနားသစ်ပင်ကြီးများတွင်လည်း မည်သည့်ရုက္ခစိုးမျှမရှိကြတော့။ ပရလောကသား တစ္ဆေသရဲများသည် ရွာလမ်းမမှ သွားလိုကြဟန် မလိုလားဘဲ ရွာပြင်မှသာ လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားနေကြခြင်းဖြစ်သည်။ သူတို့သည် ဘုန်းကံအလျောက် လူတွေနှင့် နီးနီးကပ်ကပ်ထိပါးခြင်းကို လုံးဝအလိုမရှိကြ။ ထိပ်တိုက်ရင်မဆိုင်လိုကြ။ ရွာပြင်ကသာ အုပ်စုလိုက် ပျော်ပျော်ပါးပါး သွားလာလှုပ်ရှားနေကြသည်။

"ပျော်စရာကြီးနော်. ကောင်လေး"

"ဒီနေ့ နောက်ဆုံးပျော်ရမယ်ထင်တယ်။ ဒီနေ့ ဘုရားပွဲ နောက်ဆုံးညလေ"

ရုတ်တရက် ကောက်တေးမျက်နှာ ညှိုးသွားသည်။ သူမ တစ်စုံတစ်ခုကို သတိရလိုက်သောကြောင့်ဖြစ်သည်။

"ငါသေခဲ့ရတာ ဘုရားပွဲမှာ ပျော်ချင်လွန်းအားကြီးလို့

သေခဲ့ရတာလေ။ နေပူထဲက ဈေးရောင်းပြန်လာပြီး ချက်ချင်းရေချိုးလိုက်လို့ အပူရှပ်ပြီးသေခဲ့ရတာ။ မလိုက်ချင်တော့ မပျော်ချင်တော့ပါဘူးဟယ်''

သူ သက်ပြင်းငွေ့ငွေ့ချလိုက်သည်။ ကောက်တေးမကို ဘယ်လိုဖျောင်းဖျရမလဲ။

''ကျွန်တော် အိမ်ပြန်ချင်တယ်။ အစ်မမျက်နှာ၊ အဖေပြီးတော့ ညီနဲ့ ညီမလေးမျက်နှာ မြင်ချင်သေးတယ်။ ပြီးတော့ ကွယ်လွန်ပြီး (၃) နှစ်ထိ ကျွန်တော် မကျွတ်မလွတ်ဖြစ်နေတာကိုလည်း သူတို့သိစေချင်တယ်။ တကယ်လို့ အမျှဝေမှ ကျွန်တော်တို့ ကျွတ်လွတ်ကြမှာ။ ဒီထက်ကောင်းတဲ့ဘဝကို ရောက်မှာ''

ကောက်တေးမသည် သူ့ကို တစ်ချက်စိုက်ကြည့်လိုက်သည်။ မျက်ဝန်းထဲတွင် မိုးရိပ်တွေကို မြင်လိုက်ရသည်။

''တို့တစ်တွေ ဒီဘဝကကျွတ်လွတ်သွားကြရင် တစ်ယောက်တစ်ဘဝစီ ခြားသွားပြီပေါ့နော်။ ဦးသွားကျိုးကြီးကတစ်နေရာ၊ ကောင်လေးကတစ်နေရာ၊ ငါ တစ်နေရာ''

ကောက်တေးမသည် သက်ပြင်းချလိုက်သည်။ သြော် တွယ်ငြိတတ်သောဘဝတဏှာ ဖြစ်ရာဘဝ ပျော်ရာဘဝမှာ တွယ်ငြိနေပြီလော။

''ကျွန်တော်တို့ ခုလို တစ္ဆေသရဲဘဝမှာချည်းတောင် အတူတူနေကြရမယ်လို့ အာမမခံနိုင်ဘူး ကောက်တေးမကြီး။

ခုနေ သာဓုခေါ်လိုက်လို့ အမျှဝေလိုက်လို့ အဖို့ဘာဂ အမျှရရင် ချက်ချင်း ဘဝပြောင်းသွားနိုင်တယ်။ အဲဒါ သတိချပ်ဖို့ လိုတယ်"

ကောက်တေးမသည် ဦးခေါင်းကို စိုက်ထားသည်။

"ဪ သံသရာက အရှည်ကြီးပဲ။ တွေ့ကြရဦးမှာပေါ့။ ကောင်လေး နင် အရင်ကျွတ်လွတ်သွားရင် ငါတို့ကို မမေ့နဲ့နော်။ အမျှဝေဖို့သတိရ။ အဲဒါ အရေးကြီးတယ်နော်"

သူ ခပ်သွက်သွက် ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါဗျ။ ကဲ...ဘုရားပွဲရှိလို့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ကျွန်တော်တို့ကို ခွင့်ပြုထားတုန်း ရွာထဲဝင်ကြရအောင်ဗျာ။ အမေနဲ့တွေ့ချင်တယ်။ အမေ့ကို ကျွန်တော် မကျွတ်မလွတ်ဖြစ်နေတဲ့ဘဝကို ပြချင်တယ်။ ကောက်တေးမကြီးလိုက်ခဲ့ဗျာ"

"သွားကြတာပေါ့"

ဇာတ်ပွဲကို ရွာပြင်တွင် ဇာတ်စင်ထိုးထားခြင်းဖြစ်ပေရာ အခြားရွာနီးစပ်များကပါ လာရောက်ကြည့်ရှုအားပေးကြရာ စည်ကားလှသည်။ အထူးသဖြင့် နောက်ဆုံးညကပြခြင်းဖြစ်ပေရာ ရွာလုံးကျွတ်နီးပါး ဇာတ်ပွဲသို့ ရောက်ရှိနေကြပေပြီ။

ရွာလမ်းမတွင် လူရှင်းလျက်ရှိသော်လည်း မီးစက်၏အရှိန်ဖြင့် မီးလုံးမီးချောင်းများ ပြောက်ကျားလင်းလျက်ရှိပေသည်။ လမ်းတစ်လျှောက် သစ်ပင်များ၊ ချုံပုတ်များတွင် နာနာဘာဝများကို မတွေ့ရ။ အားလုံး ပွဲကြည့်ရောက်နေကြပေလိမ့်မည်။ သရဲ

ဘစ္ဆေများသည်လည်း ပွဲကြည့်တတ်ပေသည်တကား။ သူတို့သည် လူအုပ်နှင့် ရောနှောကြည့်ရှုခွင့်မသာဘဲ လူအုပ်နှင့်ဝေးရာ ဇာတ်စင်နှင့်ဝေးရာတွင် ကြည့်ရှုငေးမောနေတတ်ကြပေသည်။

သွားကျိုးကြီးသည် ပွဲခင်းထဲရောက်နေပြီလော။ သွားကျိုးကြီးသည်လည်း ပွဲကြိုက်တတ်သည်။ ပွဲခင်းထဲရောက်နေမှာ သေချာပေသည်။

"ကောက်တေးမကြီးရယ် ဦးသွားကျိုးကြီးတော့ ပွဲခင်းထဲရောက်နေပြီထင်တယ်။ ရွာလမ်းတစ်လျှောက်က သစ်ပင်တွေက တစ္ဆေသရဲပြိတ္တာတွေလည်း တစ်ကောင်မှမရှိတော့ဘူးလေ။ ပွဲခင်းထဲရောက်မှာ သေချာတယ်"

"ဟုတ်တယ် တစ်နှစ်မှတစ်ခါ လွတ်လွတ်လပ်လပ်ပျော်ရတဲ့ပွဲလေ။ ပွဲခင်းထဲရောက်နေပြီ။ အစားအသောက်ကလည်း အလျှံပယ်ပဲမဟုတ်လားကွယ်။ ပျော်ကြပါစေ၊ စားကြပါစေ။ နောက်နေ့ဆို ရွာထဲတောင် ဝင်လို့မရတော့ဘူး။ စားချင်တိုင်းစားလို့ မရတော့ဘူးမဟုတ်လား"

"ကျွန်တော်ကတော့ ဘာမှစားချင်စိတ်မရှိဘူး။ အိမ်ကိုပဲ သွားချင်တယ်"

"ခု အိမ်ကိုသွားနေတာ မဟုတ်လား"

"ဟုတ်ပါတယ်။ ဟိုးမြင်နေရတဲ့ လရောင်ဖွေးဖွေးအောက် သွပ်ခေါင်မိုးပြောင်ပြောင်လက်လက်နဲ့အိမ်က ကျွန်တော်

တို့အိမ်ပဲ''

သူ အိမ်ရှေ့ရောက်တော့ အိမ်ထဲမှာ မီးအိမ်ထွန်းထားပြီး အမေ့ကိုမတွေ့ရ။ ညီမလေး လေးနွယ်ကိုတွေ့ရသည်။ လေးနွယ်သည် ဖီးလိမ်းပြင်ဆင်ထားကာ ပွဲသွားရန် တစ်ယောက်ယောက်ကို စောင့်နေခြင်းဖြစ်ပေလိမ့်မည်။

ထိုစဉ် အိမ်နောက်ဖေးမှ အမေထွက်လာသည်။

''အမေထွက်လာပြီ။ အမေ့ကို ကျွန်တော် ကိုယ်ထင်သွားပြလိုက်မယ်''

''သွား သွား''

ကောက်တေးမကြီးက ခြံဝမှာရပ်စောင့်နေသည်။ သူခြံထဲဝင်ရန် တံခါးကိုကြည့်လိုက်စဉ် တံခါးပိတ်ထားသည်။ တံခါးရွက်သည် ပျဉ်းကတိုးသား လက်နှစ်လုံးသာသာအပြားကို ထောင်လိုက်စီကာ ခပ်ကြဲကြဲပြုလုပ်ထားသော တံခါးသာဖြစ်သည်။ အမေသည် အပြင်အိမ်မကြီးတံခါးနားဆီသို့ ထွက်လာလေပြီ။

အိမ်ထဲတွင် မီးလင်းနေသော်လည်း ခြံထဲတွင်တော့ လရောင်သာရှိသည်။

''တံခါးပိတ်ထားတယ်ကောင်လေး။ ရတယ်လေ။ ဖောက်ဝင်လိုက်။ ဟိုမှာ အမျိုးသမီးနှစ်ယောက် အိမ်ထဲမှာရပ်ပြီး စကားပြောနေကြပြီ မြန်မြန်ကိုယ်ထင်ပြလိုက်လေ၊ မြန်မြန်ကိုယ်ထင်ရှားအောင် ပြလိုက်ပါတော့လား''

အမေသည် လေးနွယ်နှင့်စကားပြောရင်း အိမ်အပြင်ဘက်ဆီသို့ ငေးနေခြင်းဖြစ်သည်။ လရောင်လင်းသော ခြံမြေဆီသို့ အကြည့်ရောက်နေခြင်းဖြစ်သည်။

အမေ တော်တော်ပိန်သွားတာပဲ။ ဇရာ၏ထုထောင်းခြင်းကို ခံရလို့ထင်ပါရဲ့။ ဟုတ်ပါရဲ့။ သူကွယ်လွန်တာ သုံးနှစ်ကျော်ပြီ။ လေးနှစ်ထဲရောက်နေပြီကိုး။ သူသည် အမေ့ကို မြင်လိုက်ရကတည်းက လေဖြတ်ခံရဘိသကဲ့သို့ ကြောင်ငေးငေးဖြစ်ကာ မအီမသာ အိုးတိုးအတလေသံဖြင့် -

"ဘယ်...ဘယ်လုပ် အိမ်ထဲ ဝင်...ဝင်"

"မြန်မြန်ဝင်လေဟယ်။ ဟိုမှာ အပြင်ကိုငေးတုန်း ပိတ်ထားတဲ့တံခါးကို ဒီလိုပဲ တိုးဝင်လိုက်ပေါ့"

ထိုအခါမှ သူသတိရလိုက်ကာ သစ်သားတံခါးကြဲကြဲကို ခန္ဓာကိုယ်ဖြင့် အတင်းတိုးတိုက်ကာ ဝင်လိုက်သည်။ သူ့ခန္ဓာကိုယ်သည် ထောင်လိုက်ထောင်ထားသော တံခါးရှိ သစ်သားချောင်းအတိုင်း လေးစိတ်ကွဲသွားသည်။ ခန္ဓာကိုယ်သည် ဆက်စပ်မရအောင် လေးစိတ်လေးခြမ်း ထောင်လိုက်ကွဲသွားခြင်းဖြစ်သည်။ နောက်ထပ် ခြေတစ်လှမ်းစာ တိုးဝင်လိုက်သည်။

"အမေ"

တံခါးကိုကျော်ကာ ခြေတစ်လှမ်းစာဝင်လိုက်သည်နှင့် ခန္ဓာကိုယ်သည် မူလအတိုင်းပြန်ဆက်၊ ပြန်စေ့သွားသည်။

"အမေ"

နောက်ထပ် ကျူးအော်လိုက်သည်။ အမေသည် သူ့ခေါ်သံအော်သံကို ကြားဟန်မတူ။ သတိပြုမိဟန်ပင်မတူ။ ဒါပေမဲ့ အမေသည် သူ့အရိပ်ကို ရုတ်တရက် မြင်လိုက်ပေပြီ။ အိမ်အပြင်ဘက်ဆီသို့ မျက်နှာမူထားသည်ကိုး။

လေးနွယ်နှင့် စကားပြောနေသော အမေ၏အမူအရာသည် ရုတ်တရက်ပြောင်းသွားသည်။ အမေသည် အံ့ဩတကြီးဖြစ်သွားသည်။ ကြက်သေသေသွားသလိုဖြစ်ကာ လက်ထဲမှ တစ်စုံတစ်ရာသည် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားသည်။ 'ဒေါက်' ဆိုအသံမြည်သွား၏။ အမေ့မျက်နှာသွင်ပြင်သည် မီးအလင်းဖြူဖြူအောက်တွင် ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ခြင်းမပါသည့် အံ့ဩမှုမျိုးဖြစ်သည်။

သူသည် ဘာကိုမျှမမြင်တော့ပါ။ အမေမှလွဲ၍ ဘာကိုမှ မမြင်တော့သည့် ဗလာဟင်းလင်းဖြစ်သွားသည့်အသိဉာဏ်မျိုး ဖြစ်ပေလိမ့်မည်။

"သား သားကြီး"

အမေ့နှုတ်ဖျားမှ တုန်ခိုက်သော အသံတစ်သံထွက်လာသည်။ လေးနွယ်သည် ရုတ်တရက် စကားပြောရပ်လိုက်သည်။ အမေ မေးငေါ့ပြရာသို့ လှမ်းကြည့်လိုက်သည်။

လေးနွယ် သူ့ကိုမမြင်။ အထိတ်တလန့်ဖြစ်ကာ ခြံဝကို

လှမ်းကြည့်လိုက်သည်။

"ဘယ်မှာလဲကိုကြီး ဘယ်မှာလဲ။ မမြင်ပါလားအမေ"

အိမ်မကြီး၏ရှေ့တည့်တည့် တံခါးဝရှေ့မှာရပ်နေတာကို လေးနွယ်မမြင်ဘူးတဲ့။ သူ တစ်ချက်အော်လိုက်သည်။

"အမေ"

သူ ဒုတိယအကြိမ် လှမ်းအော်သည်။ အမေကောလေးနွယ်ပါ ကြားဟန်မတူ။ လေးနွယ်သည် ယောင်ဝါးဝါးဖြစ်လာပုံရသည်။

ထိုစဉ် အမေ့မျက်နှာသည် ခြံတံခါးကြဲကြဲအပြင်ဘက်ရှိ တစ်နေရာသို့ အကြည့်ရောက်သွားဟန်ရှိသည်။ အမေသည် ရုတ်တရက် မျက်လုံးများ အဆမတန်ပြူးကျယ်သွားကာ လွန်မင်းစွာ အထိတ်တလန့်ဖြစ်သွား၍ ဆတ်ခနဲတုန်လှုပ်သွားသည်။ အမေ၏ လက်ညှိုးတစ်ချောင်းသည် ရုတ်တရက်မြောက်တက်သွားကာ -

"ခြံ...ခြံပြင်မှာ သရဲမကြီး။ ဆံပင်ဖားလျားနဲ့"

"အမေ"

လေးနွယ်၏နှုတ်မှ မပီမသ "အမေ"ဟု စကားလုံးတစ်လုံး ထွက်ကျသွားသည်။ သူ ချာခနဲလှည့်ကာ ခြံပြင်ထွက်လိုက်သည်။ လေးနွယ်သည် အမေ့ကို ဗလုံးဗထွေးပြောဆိုရင်း ကျန်ရစ်ခဲ့သည်။

သူသည် ကောက်တေးမကိုခေါ်ကာ စိတ်လက်ပေါ့ပါးစွာ

ထွက်လာသည်။

❐

သူသည် ပန်းရန့်တို့ဖြင့် မွေးနေလေသည်။ ကျေးရွာလေးပေါ်သို့ လရောင်မျှင်တန်းတွေ တဖွဲဖွဲရွာချနေသည်။ ဟိုးဝေးဝေး မြစ်ယံမှလေသည် သာယာစွာထွေးပွေ့နေ၏။ လတ်ဆတ်သော ဆောင်းနှောင်းလေက အေးမြလျက်ရှိသေး၏။

ရွာပြင်ရှိ လရောင်အောက်တွင် သစ်ရွက်သစ်ခက်များသည် ခပ်လျော့လျော့တိုက်ခတ်နေသော လေပြည်အောက်တွင် ကြော့ရှော့နှင့် နော့နေကြပေပြီ။ တစ်ချက်တစ်ချက် မြစ်လေကပါ တော့လိုက်ပေရာ သစ်ရွက်များသည် တရှဲရှဲမြည်သွားကြလေသည်။

နောက်ကျောဘက်ဆီသို့ ဇာတ်ပွဲမှ ဆိုင်းသံတတီတီသည် တဖြည်းဖြည်း ဝေး၍ဝေး၍သွားသည်။ ရွာလမ်းမပေါ်တွင် အရိုးယောက်ပက် တစ္ဆေတစ်ကောင် ကလေးတစ်ယောက်ကို ခါးထစ်ခွင်ချီထားသော ဆံပင်ဖိုသီဖတ်သီဖြင့် တစ္ဆေမတစ်ကောင် သူတို့ကို ဖြတ်ကျော်သွားကြသည်။ ထို့နောက် ခေါင်းပြတ်ကြီးနှင့် တလှုပ်လှုပ်လျှောက်လာသော တစ္ဆေတစ်ကောင် သူတို့နားရောက်တော့ စောင်းကန်းစောင်းကန်းနှင့် လှည့်ကြည့်သွားသေးသည်။

"ကျွန်တော် အမေ့ကို အိပ်မက်ထမ်ပေးဦးမယ်"

ကောက်တေးမသည် ငြိမ်သက်စွာပါလာသည်။ ထိုစဉ်

ာတို့ရှေ့သို့ ရောမအရိပ်ကြီးတစ်ခု လရိပ်ဖြင့်မိုးကျလာသည်။
ာလှည့်ကြည့်လိုက်သည်။

"ဟာ…ဦးသွားကျိုးကြီး"

"ဟုတ်တယ်၊ ပွဲခင်းထဲက ပြန်လာတာ"

သူသည် အမေ့ကို အရိပ်အယောင်ပြလိုက်ကြောင်း သွား
ကျိုးကြီးကို ရှင်းပြလိုက်သည်။ တစ္ဆေပြိတ္တာဘဝမှာ နှစ်ကြာခဲ့
ပြီ၊ ဆိုးဝါးသောဘဝမှ လွတ်မြောက်ချင်ပြီဖြစ်ကြောင်း ရှင်းပြ
လိုက်သည်။

"ကျွန်တော် လူပြန်ဖြစ်ချင်တယ်။ လူပြန်ဖြစ်မယ်ဆိုရင်
ဒီအမေဝမ်းဗိုက်ထဲပဲ ပြန်ဝင်စားမယ်"

သွားကျိုးကြီးသည် ကြီးမားသောခန္ဓာကိုယ်ကြီး လှုပ်ရှား
ယိမ်းယိုင်သွားသည်အထိ တသိမ့်သိမ့်ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား မြွေပွေးကိုက်ကလေး မကျွတ်
လွတ်တဲ့ တစ္ဆေပြိတ္တာဘဝနဲ့ ဘယ်သူမှ မနေချင်ကြပါဘူးကွယ်။
တစ္ဆေသရဲပြိတ္တာဘဝမှာ ပျော်နေတယ်ဆိုတဲ့ကောင်ဟာ တော်
တော်အကုသိုလ်များတယ်မှတ်။ ငါ့ကိုကြည့်။ ငါ နှစ်ပေါင်းတစ်
ရာကျော်ပြီ ပြိတ္တာဘဝနဲ့ နေလာခဲ့ရတာ။ ရေတစ်ပေါက်တောင်
သောက်ရတဲ့နှစ်တွေ နည်းရှားသလား။ နှစ် ၃၀ ကျော်။ နောက်
 တရားသံ၊ အမျှဝေသံတွေနားလုံးသွင်းလို့ ရေသောက်ခွင့် ရလာ
တာ။ ဒီလိုပဲကွ။ မိခင်ဝမ်းထဲကို ဝင်စားတာလည်း ဒီလိုပဲပေ့။

ဒါက လူ့ဘဝက အတိတ်ဘဝကပြုခဲ့ဖူးတဲ့ ကုသိုလ်၊ အကုသိုလ်နဲ့ဆိုင်တယ်။ အတိတ်ဘဝက ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတွေကို ပြုလုပ်ခဲ့ပြီး ကွယ်လွန်ခါနီးကျမှ မရဏာသန္နဇောကျတဲ့ အချိန်အခါမယ် တစ်ခုတစ်ခုကြောင့် အယူတိမ်းစွဲပြီး တစ္ဆေဘဝကို ရောက်သွားကြတာ။ အဲဒီလိုလူမျိုးကျတော့ တစ္ဆေဘဝမှာ သိပ်မကြာဘူးကွ။ အမျှဝေတာကိုကြားပြီး သာဓုခေါ်လိုက်တာနဲ့ တန်းပြီး ကျွတ်လွတ်ပြီး ကောင်းမွန်တဲ့ လူ့ဘုံ၊ နတ်ဘုံတို့ရောက်သွားရော။ ငါကတော့ အကုသိုလ်ကို များပါတယ်ကွာ"

သွားကျိုးကြီးသည် သူ၏ ရောမခေါင်းကြီးကို လှုပ်ကာ လှုပ်ကာ၊ နားရွက်ကြီးကို ဘတ်လတ်ဘတ်လတ်မြည်ကာ ဝမ်းနည်းစွာ ပြောပြနေပေသည်။

သူတို့သုံးယောက်ကြားမှာ တိတ်ဆိတ်ခြင်းသည် ကြောက်မက်ဖွယ်ရန့်တစ်မျိုးဖြင့် ဝင်ရောက်လာသည်။

□

သူတို့နှစ်ယောက်ကြားတွင် ငြိမ်သက်တိတ်ဆိတ်ခြင်းသည် ခေတ္တခဏ ဝင်ရောက်ကြီးစိုးသွားသည်။ ညဘက်မို့ လက်ဖက်မစားဖြစ်သော်လည်း ချင်းသုပ်နှင့်ရေနွေးခွက်ကိုယ်စီက အေးစက်စပြုလာသည်။ အပြင်ဘက်တွင် လရောင်သည် အေးခဲစပြုလာသည်။

"ကျွန်တော်က ယခင်ဘဝက မိခင်ပောင်းထဲမှာပဲ လူ

ဝင်စားပြန်ဖြစ်ဖို့ ကြိုးစားခဲ့သေးတယ်။ မအောင်မြင်ပါဘူးဗျာ။ ပြန်ဝင်စားတယ်ဆိုတာလည်း အစ်ကို အခြေအနေအကြောင်း အရပ်ရပ်တွေ အဖက်ဖက်ပြည့်စုံပါမှမဟုတ်လား။ တကယ်လို့ ကျွန်တော်ပြန်ဝင်စားတာတောင် လေးနှယ်နဲ့ အသက်အစိတ် လောက် ကွာနေပြီ။ ပြီးတော့ အမေက သားကောင်းမိခင်ဖြစ် ထိုက်တဲ့ အသက်အရွယ်မျိုး မဟုတ်တော့ဘူး။ နောက်ထပ် ကလေးမရနိုင်တော့ဘူး"

ကျွန်တော်သည် အေးစက်စပြုနေသော ရေနွေးခွက်ကို ကောက်ကာ တစ်ငုံသောက်သည်။ ချင်းသုပ်တစ်ဇွန်းစားသည်။

"ဒါနဲ့ တခြားရွာက မိခင်ဆီမှာ ဝင်စားတယ်ဆိုပါ တော့"

အောင်ဂျမ်းသည် ခပ်သွက်သွက် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်အကို။ လက်ရှိအမေ့ဗိုက်ထဲ ပြန်ဝင်စားဖို့ အခွင့်အရေးရသွားတယ်။ ဒါကလည်း အထက်နတ်ကြီးတွေရဲ့ ခွင့်ပြုချက် ပါမစ်ရမှပါအကိုရာ။ ဟားဟားဟား···ရယ်စရာ ပြောတာနော်"

"တစ္ဆေပြိတ္တာဘဝမှာလည်း ပါမစ်က ခေတ်စားနေတာ ကိုး"

"ဟုတ်ပါ့။ ဒီလို ဒုတိယအကြိမ်လူဝင်စားဘဝကို ပြော ပြမယ်"

ကျွန်တော် ခေါင်းတစ်ချက် ညင်သာစွာ ညိတ်ပြလိုက်ပါသည်။ အောင်ဂျမ်းသည် ရယ်မောလျက်ပင်ရှိသေးသည်။ စကားကို ဆက်၍ပြောသည်။

"ကျွန်တော်ဟာ အမေနဲ့ညီမလေးကို ကိုယ်ထင်ပြ အကူအညီတောင်းပြီးတဲ့နောက်မှာ ရက်သိပ်မကြာလိုက်ပါဘူး။ နောက်ထပ် အိပ်မက်ပေးတယ်။

ကျွန်တော်ရယ်၊ ဦးသွားကျိုးကြီးရယ်၊ မိကောက်တေးရယ်၊ ပြီးတော့ အနီးအနားက မကျွတ်မလွတ်ဘဝတူတွေ ဖိတ်ခေါ်ပြီး အမျှပေးဝေဖို့၊ လှူဖွယ်ဝတ္ထုတွေနဲ့ ဆွမ်း၊ သင်္ကန်း စသည့် ပရိက္ခရာစုံလင်စွာနဲ့ ရဟန်းသံဃာတော် ငါးပါး ပင့်ဖိတ်ပြီး နာမည်ခေါ်အမျှဝေဖို့ အိပ်မက်ပေးလိုက်တာပါ။ ဒါကြောင့် ဝန်မလေးသော ဒါနအလှူကလေးတစ်ခုကို အဖေတို့ ခပ်သွက်သွက်ကလေး လုပ်လိုက်ကြတယ်လေ။

အလှူလုပ်တဲ့ မနက်အရုဏ်ဦးအချိန်မှာ လေထဲကလွင့်မျောလာတဲ့အသံတစ်သံကို ကျွန်တော် ကြားလိုက်ရတယ်"

❑

သူ၊ ဦးသွားကျိုး၊ မိကောက်တေးနှင့်တကွ အခြားမကျွတ်မလွတ်ဘုံသားများ တရားနာကြွရောက်ရန် ဖိတ်ခေါ်ပါသည်ဟူသော ညီလေးမြလွင်၏အသံသည် ဆွဲငင်ညှို့ယူနိုင်သောအသံတစ်သံအဖြစ် လေထဲတွင် လွင့်မျောလာသည်။

"လာကြဟေ့၊ တရားနာဖို့ တို့နာမည်တွေခေါ်ပြီး ဖိတ်နေကြပြီ။ တို့ ဒီဘဝကကျွတ်လွတ်တော့မယ်။ ဦးသွားကျိုးကြီး ကောက်တေးမကြီးတို့"

သူအော်လည်းအော်၊ သစ်ပင်ပေါ်ကလည်းခုန်ဆင်း၊ အားလုံးကို နှုတ်ကအော် မနှောနဲ့ပါ အသိပေးနှိုးဆော်လိုက်မိသည်။ ကျုပ်သွားပြီဗျို့။

သူ့ပတ်ဝန်းကျင်သည် လှုပ်ရှားမှုတစ်ခုဖြင့် နိုးထသွားသည်။ ကမ္ဘာငယ်ကလေးတစ်ခုသည် ငြိမ်းချမ်းသောရနံ့တစ်ခု လွှမ်းခြုံသွားသလို အသက်ဝင်သွားခြင်းမျိုး ဖြစ်လေသည်။

သူ့ခန္ဓာကိုယ်သည် သစ်ရွက်ကလေးတစ်ရွက် နှင်းစက်ကလေးတစ်စက်လို ပေါ့ပါးလွတ်လပ်စွာ -

သူ့နံဘေးမှာ တစ်စုံတစ်ယောက်ရှိနေသလို ခံစားရသည်။

သူလှည့်ကြည့်လိုက်တော့ -

မိကောက်တေးကြီး။

❑

"ဟယ်...ဟယ်...မင်းတို့နှစ်ယောင်အသွင်တွေ ပြောင်းလာပါပကော"

သွားကျိုးကြီးသည် သူတို့နှစ်ယောက်ကိုကြည့်ရင်း တအံ့တဩ၊ သူငုံ့ကြည့်လိုက်တော့ သူ့ခန္ဓာကိုယ်မှာ ခါတိုင်းလို ထူပိန်းနက်မှောင်သော အမွှေးအမှင်တွေ၊ ရောမ တင်းတောင်းပမာဏ

ဦးခေါင်းကြီး ပျောက်ကာ သာမန်လူတစ်ယောက်လို ဖြစ်သွား
သည်။

မိကောက်တေးသည် အသားအရေစိုစိုပြေပြေ၊ သာမန်
မိန်းမတစ်ယောက်ပုံစံ ဖြစ်သွားသည်။ ထိုရုတ်တရက်ပြောင်းလဲ
သွားသော အရာများသည် သူ့မိဘက သူတို့ကိုရည်စူး၍ လှူ
သောအလှူဒါနမှ ပြန်လာကတည်းကဖြစ်သည်။

မပြောင်းလဲသည်က သွားကျိုးကြီး။

သွားကျိုးကြီး၏ တင်းတောင်းနှစ်လုံးစာမျှဦးခေါင်း၊
ရောမနားရွက်ကြီး၊ လျှာကြီးများလည်း နဂိုအတိုင်း။

"ခေါတုန်းက ဖိတ်တုန်းက ငါ့နာမည်ခေါ်တာ မသိ
လိုက်ဘူးကွာ"

စိတ်ပျက်လက်ပျက် ညည်းညူလိုက်သော သွားကျိုးကြီး
၏မျက်နှာမှာ သုသာန်မြေလွှာအောက်က လူသေတွေထက်ပင်
အသက်ဓာတ်ကင်းမဲ့နေလေသည်။ ကြမ်းတမ်းသောမြစ်လေက
သူ့ခန္ဓာကိုယ်တစ်ခုလုံးကို ထွင်းဖောက်ရန် ဟူးဟူးလောင်လောင်
ပြေးဝင်လာ၏။

သွားကျိုးကြီးသည် နားရွက်ကြီးတစ်ဖက်ကို စောင်ကဲ့သို့
ခြုံထားရာမှ အသာလှပ်ကာ သူ့ကို ခေါင်းထောင်ကြည့်သည်။
သူ့အကြည့်က အနာဂတ်ကာလတစ်ခုကို ဖောက်ထွင်းမြင်ဟန်ရှိ
သည်။ တရှုံးရှုံးနှာမှုတ်ကာ အသက်ရှူနေသော သွားကျိုးကြီး၏

အသံသည် နွားသိုးတစ်ကောင်နှာမှုတ်သလို မြည်ဟည်းလာသည်။

မြစ်လေသည် တသုန်သုန်တိုက်ခတ်လျက်ရှိသည်။ သူ မြစ်ပြင်ကို ငေးကြည့်နေဆဲမှာပင် လှော်ချင်းသင်္ဘောကလေးတစ်စီးသည် လှေဆိပ်သို့ တရွေ့ရွေ့ကပ်လာသည်။ သင်္ဘောကလေးသည် ကုန်အပြည့်၊ လူအပြည့်ပါလာသည်။

သူ လှမ်းကြည့်စဉ် မိကောက်တေးသည် သင်္ဘောပေါ်မှ ဆင်းလာသောမိန်းမတွေကို ငေးနေသည်။ လှေဆိပ်သစ်သားတံတားပေါ်သို့ ကြွကြွရွရွတက်လာသော မိန်းမတစ်ယောက်ဆီသို့ သူ့အကြည့်က ရောက်သွားသည်။ ရှည်လျားနက်မှောင်သော ဆံနွယ်တွေနှင့် အမျိုးသမီးသည် ညင်သာစွာ ကမ်းပေါ်တက်လာခြင်းဖြစ်သည်။ ကိုယ်ဟန်ပြည့်ပြည့်ဖြင့် လှပသောမိန်းမတစ်ယောက်။

သူ့ရင်ထဲမှာ နွေးသွားသည်။

"ဦးသွားကျိုးကြီး ကျွန်တော် အဲဒီမိန်းမနဲ့ လိုက်သွားတော့မယ်"

ရင်ထဲမှာ လှိုက်လှဲတုန်ခိုက်စွာပြောလိုက်ခြင်းဖြစ်သည်။ သွားကျိုးကြီးသည် ရီဝေသောမျက်ဝန်းများဖြင့် သူလှမ်းပြသော အမျိုးသမီးကို ငေးစြည့်နေသည်။ သက်ပြင်းတစ်ချက်ချသည်။

သူ သွားကျိုးကြီးကိုကြည့်လိုက်တော့ မျက်ရည်တွေစီးကျနေခဲ့သည်။ သူ့ရင်ထဲမှာလည်း တုန်ခိုက်ကာ မျက်ရည်ဝဲသွား

မိသည်။

“ဦးသွားကျိုးကြီးရယ်…ဟိုက ဆံပင်ရှည်ရှည်နဲ့ မိန်းမနောက်ကို ကျွန်တော် လိုက်သွားချင်လိုက်တာဗျာ။ လိုက်လို့ ဖြစ်မလား”

သွားကျိုးကြီးသည် ပြူးကျယ်သောမျက်လုံးအိမ်မှ မျက်ရည်တွေ ပေါက်ပေါက်ကျနေရင်းမှပင် –

“မင်း လိုက်ချင်လိုက်သွားပေါ့ကွာ။ တစ်ခုတော့ပြောချင်တယ်ကွာ”

“တစ်ခုမကဘူး အများကြီးပြော”

သွားကျိုးကြီးသည် သက်ပြင်းတစ်ချက် ခပ်လေးလေး ချလိုက်သည်။

“တခြားမဟုတ်ပါဘူး မြွေပွေးကိုက်လေးရယ်။ မင်း အဲဒီမိန်းမနဲ့လိုက်သွားရင် မင်းဟာ လူဖြစ်ဖို့ လူ့ဘဝပြန်ရောက်ဖို့ သေချာသွားပြီ။ အဲ မင်း လူ့ဘဝပြန်ရောက်ရင် ငါ့ကိုသတိရပါကွာ။ ငါ့ကို အမျှအတန်းလေးပေးဝေပါလို့ မှာလိုက်ချင်လို့ပါ”

သူ ခေါင်းတစ်ချက် ခပ်သွက်သွက်ညိတ်လိုက်သည်။

“စိတ်ချ ဦးသွားကျိုးကြီး။ ကျွန်တော် လူ့ဘဝရောက်လို့ ကုသိုလ်လုပ်ရင် ဦးသွားကျိုးကြီးကို အရင် အမျှအတန်းပေးဝေပါ့မယ်။ ဒါကို ကျွန်တော် ကတိပြုပါတယ်”

သွားကျိုးကြီးသည် သက်ပြင်းတစ်ချက် ခပ်လေးလေး

ချလိုက်၏။

“အေးအေး ငါ့ကို မမေ့ပါနဲ့ကွာ။ မင်း အမျှပေးဝေမယ့် အချိန်ကို ငါ သာဓုခေါ်ဖို့ စောင့်နေပါ့မယ်။ ကဲ…သွားသွား မြန်မြန်သွားတော့။ ကြည့်စမ်း ကောက်တေးမလည်းမရှိတော့ ဘူးဟေ့။ တစ်ယောက်ယောက်နောက်ကို လိုက်သွားပြီကောင် လေး။ မြန်မြန်လိုက်တော့”

“သွားပြီဗျို့ ဦးသွားကျိုးကြီး။ နှုတ်ဆက်ခဲ့ပါတယ်”

“ငါမှာတာတွေ မမေ့နဲ့ဟေ့”

❑

“တော်တော်ဆန်းကြယ်တဲ့ သံသရာကြီးပဲကိုး”

“ဟုတ်တယ် အစ်ကို”

“နောက်တော့ ဘာဖြစ်သေးသလဲ”

“ကျွန်တော် အဲဒီအမျိုးသမီးပေါ့။ အဲဒီရွာမှာတော့ အလှ ဆုံးပဲ။ ကျွန်တော့်အမေပေါ့အကို။ အမေ့ဆံပင်ရှည်ကြီးကို ကျွန် တော်တွဲလောင်းခိုပြီး လိုက်သွားတယ်။ ကျွန်တော် ဘာမှမသိ တော့ဘူး။ ဝင်စားလိုက်တယ်ပဲ ဆိုပါတော့။ အဲနောက်…”

အောင်ဂျမ်းသည် စကားကိုမဆက်သေးဘဲ ရပ်ကာ တောက်ပရွှန်းမြသောအပြုံးတစ်ခုကို ပြုံးလိုက်လေသည်။

“နောက်တစ်ခု အံ့သြစရာတစ်ခုကို မနက်ကျရင် အစ်ကို့ ကို ထပ်ပြမယ်”

"ဟုတ်ပြီကွာ"

နောက်တစ်နေ့တွင် ကျွန်တော်သည် အောင်ဂျမ်းနေသော ရွာကလေးသို့ လိုက်သွားသည်။ သူသည် သူ့နေအိမ်သို့မဝင်သေးဘဲ အိမ်တစ်အိမ်သို့ ဦးစွာခေါ်သွားခြင်းဖြစ်သည်။ ခြံဝင်းကျယ်ကျယ်တွင်းမှာ သွပ်မိုးပျဉ်ထောင် သပ်ရပ်သောအိမ်တစ်လုံးဖြစ်သည်။ တစ်ရွာလုံးတွင် အကောင်းဆုံးအိမ် ဖြစ်လိမ့်မည်ထင်သည်။

အောင်ဂျမ်းသည် အိမ်ထဲမဝင်သေးဘဲ အပြင်ဘက်မှပင် လှမ်း၍ -

"ကြာဖြူရေ ကြာဖြူ"

အိမ်ထဲမှ ပြန်လည်ထူးသံနှင့်အတူ မိန်းမငယ်တစ်ယောက် ပြေးထွက်လာသည်။ ပိန်ပိန်သွယ်သွယ်၊ ဖြူဝင်းသောအသား၊ လှပသောမျက်ဝန်းများနှင့် ကောင်မလေးသည် ကျွန်တော်တို့ကို နှုတ်ဆက်ပြုံးနှင့်ကြည့်ကာ -

"ကိုအောင် ဧည့်သည်ပါလာတာကိုး။ အိမ်ပေါ်ခေါ်လိုက်လေ"

အောင်ဂျမ်းသည် ကောင်မလေးကို ရွှန်းရွှန်းစားစားကြည့်ကာ -

"အစ်ကို သူဘယ်သူလဲ သိလား"

ကျွန်တော့်အသိအာရုံထဲတွင် မှန်ရေးရေးဖြစ်လာသည်။ ဒါပေမဲ့…

"မသိဘူး ညီလေး"

အောင်ဂျမ်းသည် ရှက်စနိုးပြုံးလိုက်၏။ ကောင်မလေးက ပါ လှပသောသွားစွယ်ကလေးတွေကို လှစ်ကာ တစ်ချက်ပြုံးသည်။ သိမ်မွေ့နူးညံ့ပုံရသည်။

"ကောက်တေးမကြီးလေ မိကောက်တေးပေါ့"

"အို..."

"ဟုတ်တယ်အကို။ ဒီရွာထဲမှာ ကျွန်တော်တို့ လူပြန်ဖြစ်တာ။ ကျွန်တော်က တစ်နှစ်စောတယ်အကို။ ပြီးတော့ ဒီဝါကျွတ်ရင် ကျွန်တော်တို့လက်ထပ်ဖို့ မိဘတွေသဘောတူပြီးသား။ ကျွန်တော်တို့မင်္ဂလာဆောင်ကျရင် အစ်ကို ဆက်ဆက်လာရမှာနော်"

"ကောင်းပါလေ့ ညီလေးရာ"

□

အပြန်တွင် ရွာလမ်းမအတိုင်း ပြန်ထွက်လာသည်။ ရွာတန်းရှည်သည် မြစ်ကိုအမှီပြုကာ ရွာစဉ်ရွာတန်း တည်ထားခြင်းဖြစ်သည်။ လှေဆိပ်ရောက်လာသည်။ ရွာတန်းရှည်ထဲတွင် ကြက်သံ၊ ဝက်သံတွေ ကြားနေရသည်။ စည်ကားသောရွာကလေးဖြစ်သည်။

"ဟိုမှာ မြင်နေရတာ သဖန်းပင်ကြီးပေါ့။ အဲဒါ ကြာဖြူ မိကောက်တေးဘဝကနေခဲ့တဲ့ တစ္ဆေအိမ်ပေါ့"

ကျွန်တော် လှမ်းကြည့်လိုက်တော့ ရောမသဖန်းပင်ကြီး

အချို့ ကိုင်းဖျားကိုင်းနားတွေက ရေထဲညွတ်ကျနေသည်။ အဲဒီမှာ မိကောက်တေးဘဝတုန်းက ကြာဖြူနေခဲ့တာတဲ့။

"လာ…ကျွန်တော်နေခဲ့တဲ့ သစ်ပင်၊ ဦးသွားကျိုးကြီး နေခဲ့တဲ့သစ်ပင်တွေ လိုက်ပြဦးမယ်"

ရွာစဉ်တန်းကို ကျော်လာသည်။ ရွာပြင်ဝေးဝေးရောက် လာလေပြီ။ အောင်ဂျမ်းသည် ရွာပြင် လယ်ကန်သင်းရိုးပေါ်တွင် မတ်တတ်ရပ်ကာ ဟိုးဝေးဝေးမှ ရောမသစ်ပင်အိုကြီးတစ်ပင်ကို ညွှန်ပြလိုက်ပေသည်။ သစ်ရွက်သစ်ခက်များ တရှဲရှဲမြည်လျက်ရှိ သည်။

"အဲဒီလက်ခုပ်ပင်ကြီးမှာ ဦးသွားကျိုးကြီးနေတာ။ သူ့ နားကသစ်ပင် သမဲ့ပင်မှာ ကျွန်တော်နေတာ။ ရောမသစ်ကိုင်းကြီး ပေါ်မှာ ကျွန်တော်အိပ်ခဲ့တာ"

မနီးမဝေး ရပ်တည်နေကြသော လက်ခုပ်ပင်ကြီးနှင့် သမဲ့ပင်သည် လေငြိမ်လျက်ရှိကာ တိတ်ဆိတ်နေလေသည်။ အိပ် မက်အကြွင်းအကျန်များက ပြန်၍ရှင်သန်လာသည်။

"လွမ်းစရာတော့ ကောင်းသားဗျ အစ်ကို"

"ခု ဦးသွားကျိုးကြီးရှိသေးလား"

"ရှိသေးတယ်။ ကျွန်တော်လည်း ကောင်းမှုလုပ်တိုင်း အမျှဝေနေတာပဲ။ မကျွတ်သေးပါဘူးဗျာ။ သူက အကုသိုလ်ကြီး လွန်းတာကိုး။ ဩော်…ကြာဖြူနဲ့ လက်ထပ်ခါနီး မင်္ဂလာ

ဆောင်ခါနီးရင် ထပ်ပြီး ကုသိုလ်လုပ်ပေးရဦးမယ်"

"ကောင်းတယ်ကွာ။ ကောင်းတယ်။ သူ့ကိုတွေ့သေးလား"

"ညဘက်တွေ့ချင်လို့ ခေါ်လိုက်ရင် ကိုယ်ထင်ပြတယ်"

"မကြောက်ဘူးလား"

အောင်ဂျမ်းသည် လှစ်ခနဲရယ်မောလိုက်သည်။

"ကျွန်တော်က တစ္ဆေပြိတ္တာဘဝကလာသူဆိုတော့ သရဲဘစ္ဆေကိုမကြောက်ဘူးအကို။ ဦးသွားကျိုးကြီးနဲ့တော့ အိပ်မက်နဲ့ရော တွေ့တတ်ပါတယ်။ သူလည်း လူ့ဘဝကို ရောက်ချင်နေပြီလေ။ တစ္ဆေသက်ကြာပြီကိုး"

"ဟုတ်တာပေါ့ကွာ။ သူက နှစ်တွေကြာနေပြီဖြစ်တဲ့နှစ်ချို့တစ္ဆေကြီးလေ"

"သူ့ဆီ သတိရတဲ့အခါ အမြဲတမ်းမဟုတ်ပေမယ့် တစ်ခါတစ်ရံတော့ ကိုယ်ထင်ပြတတ်တယ်။ တစ်ခါတစ်လေ အိပ်မက်ပေးတယ်။ သူ့အတွက် ကောင်းမှုကုသိုလ် အမြဲလုပ်ပါတယ်။ နောက်ဆုံးလုပ်တဲ့ အလှူတုန်းက သူ ကိုယ်ရောင်ကိုယ်ဝါတွေတောက်တောက်ပပဖြစ်လာတယ်။ လူတစ်ယောက်လိုပုံစံ ကျွန်ဘာတယ်"

"ဟုတ်လား။ ဒါဆို ဘဝကူးတော့မယ်ထင်တယ်နော်ညီလေး"

"ဟုတ်တယ်အကို။ ဘ၀ကူးတော့မှာ"

□

နှောင်နှစ်ပေါင်း ခုနစ်နှစ်ခန့်ကြာသောအခါ အောင်ဂျမ်း နှင့်ကြာဖြူတို့တွင် အိမ်ထောင်သက်ရလာသည်နှင့်အမျှ ချစ်စရာ ကောင်းသည့်သားကလေးတစ်ယောက် ရလာသည်။

သားကလေးသည် လမ်းလျှောက်တတ်ခါစ စကားပြော မပီကလာပီကလာနှင့် တစ်ရွာလုံးကချစ်ကြသည့် သားကလေး ဖြစ်သည်။

တစ်ရက်သော မိုးနှောင်းကာလတွင် ကျွန်တော်သည် အောင်ဂျမ်းတို့အိမ်သို့ အလည်ရောက်သွားခဲ့သည်။ ကြာဖြူသည် သားကလေးကို ချီပိုးထားရာမှ ကလေးက လျှောဆင်းကာ အောင် ဂျမ်းရင်ခွင်ပေါ် တက်လာသည်။

"သားသားရေ ဟောဒီရန်ကုန်က ဘဘက တစ်ခါတစ် လေမှ လာလည်တာကွ။ ဘဘကို မှတ်ထားနော်။ ကဲ…နှုတ် ဆက်လိုက်ပါဦးကွယ်"

"ဘဘ"

ချစ်စရာ ကလေးငယ်ဆီမှ မပီကလာပီကလာ ဘဘဟူ သောစကား ကလေးငယ်သည် ငယ်သွားတွေကြွေကာ ရှေ့သွား အပေါ်အောက်သွားတွေ ပိုးစားနေသည်။ အောင်ဂျမ်းသည် တစ် ချက်ပြုံးကာ ကြာဖြူကို အဓိပ္ပာယ်ပါပါကြည့်သည်။

"သားသား သွားကျိုးလေးရေ"

"ဂျာ…ဂျ"

အသံကျယ်လောင်စွာ ပြန်ထူးရင်း သူ့အမေရင်ခွင်ဆီ ပြန်တက်ပြေးသည်။ အောင်ဂျမ်းသည် ကျွန်တော့်ကို ကြည့်နူး လိုက်လှဲစွာ ပြုံးပြလေသည်။

"အကို လက်ခုပ်ပင်ကြီးမှာ ဦးသွားကျိုးကြီးမရှိတော့ ဘူး။ လူဖြစ်သွားပြီ။ လူဖြစ်တော့မယ်ဆိုတာ အိပ်မက်ပေးတယ် လေ။ ဟဲ ဟဲ ဟဲ"

ကြာဖြူသည် ကလေးငယ်ကို ပွေ့ချီကာ တစ်ချက်နမ်း ရှုပ်လိုက်ပေသည်။

"သွားကျိုးလေးရေ"

ကျွန်တော်လှမ်းခေါ်လိုက်သည်။ ကလေးငယ်သည် ရွှင်ပျ မြူးထူးစွာဖြင့် -

"ဘဘ…ဘဘ"

**မင်းဘုန်းသိခ်သူ**



# တစ္ဆေနှင်းသော စက်ဘီးကလေး

## ဂါဒြီးနွှံးကို

စက်ဘီးက ဝရုန်းသုန်းကား ...

နှင်းသူကင်းမဲ့လျက်နှင့်ပင် တစ်လှိမ့်ပြီးတစ်လှိမ့် ရွေ့လျားလို့နေသည်။

"ဘုရား...ဘုရား၊ စက်ဘီးကို တစ္ဆေပူးကပ်သွားခြင်းပဲလား"

အရှေ့ဘက်ကောင်းကင်

လမ်းကျဉ်းလေးတစ်ဝိုက်နေ ခွေးလေခွေးလွင့် အပေါင်းကလည်း တလိမ့်လိမ့် ရွေ့လျားပြေးလွှားနေသော စက်ဘီးလေးကို ဥုးစူးဝါးဝါးစိုက်ကြည့်ကြလျက် ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ထိုးဟောင်နေကြ၏။ အခြေအနေနှင့် အဖြစ်အပျက်တွေက သွေးပျက်ချင်စရာ ကောင်းနေပေမယ့် ကြောက်လန့်တုန်လှုပ်စိတ်တွေကြောင့် ဘာလုပ်လို့ဘာကိုင်ရမှန်း မသိပါဘဲ ကျွန်မလက်တွေက စက်ဘီးလက်ကိုင်တွေကို မြဲမြဲမြံမြံ ဆုပ်ကိုင်ထားမိနေဆဲ။

"ကျွန်မ …ကျွန်မ၊ ဘာလုပ်ရမလဲ"

□

ဤအဖြစ်အပျက်လေးက ကြာတော့ကြာခဲ့ပြီ။ ထိုစဉ်က ကျွန်မအသက် ၁၃ နှစ်အရွယ်။ အပျိုပေါက်အရွယ်ဟု ဆိုနိုင်ပေမယ့် ကျွန်မကိုယ်၌ကတော့ ကိုယ့်ကိုယ်ကို အပျိုသော၊ ဘာသောမစဉ်းစားသေး။ ငယ်စဉ်ကကဲ့သို့ပင် အပေါင်းအဖော်များနှင့်ကစားလျှင်ကစား၏။ သို့မဟုတ် စက်ဘီးကိုယ်စီ စီးနင်းကာ ဟိုရှာရိုးကိုးပေါက် လျှောက်သွားလို သွားကြ၏။

တစ်နေ့ …ထုံးစံအတိုင်း ကျွန်မတို့သူငယ်ချင်းခြောက်ယောက် ကျူရှင်အပြန်တွင် စက်ဘီးလေးစီးနှင့် ကျွန်မတို့တစ်တွေနေထိုင်သော ရပ်ကွက်၏ ဟိုဘက်ထိပ်နှင့် သည်ဘက်ထိပ်ကို

ခေါက်တုံ့ခေါက်ပြန် စက်ဘီးစီးခဲ့ကြသည်။ ကျူရှင်က ၈ နာရီခွဲဆိုလျှင် လွှတ်နေကျဖြစ်သော်လည်း ကျွန်မတို့အုပ်စုကတော့ ၉ နာရီကျော်မှသာ အိမ်သို့အမြဲ ပြန်ရောက်တတ်ကြ၏။

စက်ဘီးက လေးစီးတည်းသာဖြစ်၍ ကျွန်မ သူငယ်ချင်းလှမျိုးကျော်က ကျွန်မကိုတင်နင်းပြီး အိမွန်ဆိုသော တစ်ယောက်ကိုတော့ နိုင်ဦးက တင်နင်း၏။ သူငယ်ချင်းခြောက်ယောက်တွင် မိန်းကလေး လေးဦး၊ ယောကျ်ားလေး နှစ်ဦးဖြစ်၍ စက်ဘီးမပါသော ယောကျ်ားလေးနှစ်ဦးက မိန်းကလေးနှစ်ဦးကို တင်နင်းလျက် စက်ဘီးစီးထွက်ကြခြင်းဖြစ်သည်။ အားလုံးက ကလေးဆန်ဆန်၊ ပေါ့ပေါ့ပါးပါးတွေ ဖြစ်တာကြောင့် သီချင်းညည်းသူညည်း၊ စကားအော်ပြောသူကပြောနှင့် အတော်ကို ပျော်စရာကောင်းသော ညချမ်းချိန် စက်ဘီးစီးပွဲလေးဖြစ်လေ၏။

ထိုနေ့က လဆန်း ၄ ရက်နေ့ဖြစ်သဖြင့် ကောင်းကင်ယံတွင် ဖရဲသီးခြမ်းလေးလို လခြမ်းငယ်လေးက ကွေးရှရှေး ထိန်သာလို့နေသည်။ ညနေစောင်းက မိုးရွာထား၍ လေအတိုက်တွင် မြေသင်းနံ့တချို့ကို ရှူရှိုက်ခံစားမိ၏။ ရာသီက နွေအကုန်မိုးအကူးရာသီဥတုလေးဖြစ်သဖြင့် ပင်ပျိုအများစုတွင် ရွက်ဟောင်းကြွေပြီး ရွက်သစ်ဝေနေသည်ကို မှုန်ဝါးဝါးလရောင်အောက်တွင် ဝိုးတဝါးတွေ့မြင်ရှုစားရ၏။

"မိစု…ငြိမ်လှချည်လား။ အိပ်ငိုက်နေပြီလား"

မိစု ဟူသည်မှာ ကျွန်မကိုပြောခြင်းဖြစ်သည်။ ကျွန်မမည် စုစုထက်ကို သူငယ်ချင်းအားလုံးက ချစ်စနိုးနှင့် 'မိစု'ဟုသာ ဝိုင်းခေါ်ကြ၏။ ကျွန်မကိုတင်နင်းသော လှမျိုးကျော်ကား လူကောင်သေးသေးညှက်ညှက်ဖြစ်ပြီး၊ ကျွန်မကတော့ အရပ်ရှည်ရှည်၊ လူကောင်ထွားထွားဖြစ်၍ ကျွန်မတို့စက်ဘီးက နောက်ဆုံးမှ ရေတွက်လျှင် ဒုတိယနေရာတွင် ရှိနေခိုက် အနောက်ဘက်မှ အေးအေးနွယ်က လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"ဟော့အေး ...မအိပ်ချင်ပါဘူး။ ချစ်ပွင့်ဆိုနေတဲ့သီချင်းကို နားထောင်ရင်း ဟိုငေးဒီငေးလုပ်နေတာ။ နင်ကော ညောင်းနေပြီလား"

ချစ်ပွင့်ဟူသော တစ်ယောက်က ကျွန်မတို့စက်ဘီးရှေ့မှ သီချင်းတကြော်ကြော် အော်နေသောတစ်ယောက်ကို ဆိုလိုခြင်းဖြစ်၏။ ကျွန်မအမေးကို အေးအေးနွယ်က ခေါင်းခါပြရင်း -

"မညောင်းပါဘူးဟယ်။ ပျော်လို့ ညောင်းရမှန်းတောင် မသိဘူး"

"မိစု ...နင်က လူမှားပြီးမေးနေတာ။ တကယ်ညောင်းလို့ ပြန်ချင်နေတာက ငါဟ"

ကျွန်မနှင့်အေးအေးနွယ် အပြန်အလှန် စကားပြောနေခိုက် ကျွန်မကိုတင်နင်းသော လှမျိုးကျော်က ငိုသံကြီးနှင့်ပြောချလိုက်သည်။ သူပြောလျှင်လည်း ပြောချင်စရာ။ မိန်းကလေး

လေးယောက်တွင် ကျွန်မက အကောင်အကြီးဆုံးဖြစ်ပြီး ယောက်ျားလေးနှစ်ယောက်ထက်ပင် ထွားသည်ဟုဆိုနိုင်၏။ နောက်ပြီး နင်းလာသည့်ခရီးကလည်း နီးနီးလေးမဟုတ်။ ကျွန်မ တို့နေထိုင်သော ရပ်ကွက်က ရပ်ကွက်ကြီးဖြစ်သဖြင့် အတော် ကျယ်ပြန့်လှသည်။ ထိုရပ်ကွက်ကြီးကိုမှ အစအဆုံးတစ်ခေါက် သွားပြီးပြီဖြစ်၏။ သို့ဖြစ်၍ -

"ဟဲ့…လှမျိုးကျော်၊ နင်ညောင်းရင် ငါ တစ်လှည့်နင်း မယ်လေဟယ်။ ကဲ…ကဲ…ဆင်း"

"ဟယ်…အဲလိုတော့ မလုပ်ချင်ပါဘူး။ နင်က မိန်း ကလေးကို"

လှမျိုးကျော် စကားမဆုံးခင်ပင် -

"မိန်းကလေးလည်း ဘာဖြစ်လဲ။ သူငယ်ချင်းအချင်း ချင်း ရိုင်းပင်းသင့်တာ ရိုင်းပင်းတာကို နင်က ခွဲခြားခွဲခြားနဲ့၊ တော်ပြီ…နင်တို့တွေနဲ့ စက်ဘီးအတူ မစီးတော့ဘူး"

ဘုဆတ်ဆတ် အော်တတ်သောကျွန်မကို အားလုံးက အရှုံးပေးကြရစမြဲ။ နောက်ဆုံး လှမျိုးကျော်ကို တင်နင်းလျက် ရှေ့က စက်ဘီးနှစ်စီးကို ကျွန်မ ကျော်တက်ပစ်လိုက်သည်။

"ဟာ … မိစု၊ ဆရာကြီးပါလားဟ"

သီချင်းတအေးအေးဆိုနေသော ချစ်ပွင့်က သူမနံဘေးမှ ကျော်တက်သွားသည့်ကျွန်မကို လှမ်းအော်၍ထောမနာပြုလိုက်သည်၊

"အားကိုးချင်စရာကြီး … မယ်ဗလ၊ မယ်ဗလ ဟီဟီ"

"သေလိုက်ပါလား ဝက်ပုစုတ်"

နိုင်ဦးက လှမ်းနောက်လိုက်သည်ကို ကျွန်မ ပြန်အော်ဟစ်လိုက်၏။ အားလုံးက ဖြူစင်ရိုးသားကြဆဲဖြစ်၍ ဘာသောညာသော မတွေးကြဘဲ စ,ကြ နောက်ကြနှင့် ပျော်စရာကောင်းသည်၏။ သို့နှင့် ကိုးနာရီကျော်ကျော် အချိန်သို့ရောက်တော့ အားလုံးမိမိ၏အိမ်သို့ ကိုယ်စီကိုယ်င လမ်းခွဲသွားကြသည်။

လှမျိုးကျော်နှင့်ကျွန်မက လမ်းအတူတူပင်ဖြစ်၍ သူ့ကိုတင်နင်းလျှက် ကျွန်မတို့ နေထိုင်သော ဇီဇဝါလမ်းဆီသို့ ခပ်သုတ်သုတ် ပြန်ခဲ့ကြသည်။ လမ်းတစ်လမ်းလုံး လှမျိုးကျော်က သူတင်နင်းမည်ချည်း ပြောနေ၍ ထပ်ပြောလျှင် စက်ဘီးပေါ်မှ ချထားခဲ့မည်ဟု ခြိမ်းခြောက်လိုက်မှသာ ပါးစပ်ပိတ်သွားတော့သည်။

သိပ်ကြာကြာ မနင်းလိုက်ရ၊ ဆယ်မိနစ်ကျော်ကျော်လောက်တွင် လှမျိုးကျော်တို့ အိမ်ရှေ့သို့ ရောက်ရှိသွား၏။

"ဟဲ့ … မိစု၊ အိမ်ထဲဝင်ပြီး ရေသောက်ဦးမလား"

"အေးဟာ… သောက်မယ်၊ ငါလည်း နည်းနည်းတော့မောနေပြီ"

"လာလေ … စက်ဘီး ဟိုနားမှာ ထောက်ထားလိုက်"

ကျွန်မ အိမ်ရှေ့တွင်သာ ရပ်နေလိုက်သည်။ လှမျိုးကျော်က အိမ်ထဲသို့ ပြေးဝင်သွားပြီး တစ်အောင့်အကြာတွင် ရေတစ်ခွက်

ကိုကိုင်၍ ပြန်ပြေးထွက်လာသည်။

"ဟဲ့ … မိစု၊ နင် ရေသော်က်ရင်း အိမ်ပေါ်မှာ ခဏ ထိုင်ပါလား။ ငါ စက်ဘီး ခဏလိုလို့။ အမေ ဆေးမှာလိုက်တာ ငါ ဝယ်မလာမိဘူး။ ဟိုးလမ်းထိပ်အထိ သွားရမှာ၊ နင့်စက်ဘီး ခဏငှားဟာ"

"အိမ်ပေါ်မှာတော့ ထိုင်မစောင့်ချင်ဘူး၊ ဒီထိုင်ခုံမှာပဲ ထိုင်စောင့်နေမယ်။ သွား၊ မြန်မြန်"

ကျွန်မက အပေါင်းအသင်း မက်သူဖြစ်သဖြင့် ဤငယ် ပေါင်းကြီးဖော် သူငယ်ချင်းတွေကို အလွန်ခင်မင်သလို သူတို့ အကူအညီ လိုအပ်လျှင်လည်း ကျွန်မက လက်မနှေးတတ်။ ယခု လည်း လှမျိုးကျော်တို့မိသားစု အဆင်မပြေမှုန်း သိသဖြင့် စက်ဘီး ငှားလိုက်ပြီး ခြံရှေ့ အုတ်ခုံတွင်သာ ထိုင်စောင့်နေလိုက်သည်။ အိမ်ပေါ်သို့ တက်သွားလျှင် လူကြီးတွေ အိပ်ရေးပျက်မည်၊ အ နှောင့်အယှက် ဖြစ်မည်ကို ကျွန်မ အားနာမိသောကြောင့်လည်း ဖြစ်သည်။

ကျွန်မ စက်ဘီးပေးလိုက်သည်နှင့် လှမျိုးကျော် စက်ဘီး ပေါ်သို့ လွှားခနဲတက်ကာ ဝရုန်းသုန်းကား စီးနင်းထွက်ခွာ သွား တော့၏။

၉ နာရီ ၂၀ မိနစ်။

လေတွေက တဝီဝီ တိုက်ခတ်နေ၍ ကျွန်မ အုတ်ခုံတွင်

သိုင်လျက်နှင့် မျက်လုံးတွေ မှေးစင်း အိပ်ငိုက်လာမိသည်။ အိပ်ငိုက်နေလို့ မဖြစ်သေး၊ လှမျိုးကျော် ပြန်လာလေပြီလား ဟူသော အတွေးဖြင့် ကျွန်မ လမ်းမတန်းဆီသို့ မျှော်ငေးကြည့်လိုက်တော့ လှမျိုးကျော် မဆိုထားနှင့်၊ လမ်းသွားလမ်းလာ လူတစ်ဦးတစ် ယောက်ပင် မတွေ့။

ဟင်…ဘယ်လိုဖြစ်ရတာပါလိမ့်။

ပုံမှန်ဆိုလျှင် ကျွန်မတို့ရပ်ကွက်က သည်လောက် လူ မပြတ်။ ၁၀ နာရီ၊ ၁၁ နာရီအထိ ဈေးရောင်းရာမှ ပြန်လာသူ၊ လက်ဖက်ရည်ဆိုင် ထွက်ထိုင်သူ၊ ကုန်စုံဆိုင် ပိတ်ပြီးပြန်သူ၊ လမ်းလျှောက် ထွက်လာသူများဖြင့် ဆူဆူညံညံ စည်ကားလျက် ရှိသလောက် ယနေ့ညတွင်မှ လမ်းသွား လမ်းလာပင် မရှိ။

လူတွေ ဘာဖြစ်လို့များ အပြင် မထွက်ကြပါလိမ့် ဟူ၍ တွေးတောနေတုန်း ကလင် ကလင် စက်ဘီးဘဲ(လ်)သံ ကျယ်ကြီး နှင့်အတူ လှမျိုးကျော် ကျွန်မနဘေးသို့ ဝုန်းခနဲ ရောက်လာသည်။ သူ့ပုံစံကို ကြည့်ရသည်မှာ ကတုန်ကယင်နှင့်။ တစ်စုံတစ်ရာ ကြောင့် ကြောက်လန့် အံ့သြလာပုံ ရသဖြင့် သူ့လက်ထဲမှ စက်ဘီး ကို ဆွဲယူရင်း ကျွန်မ မေးလိုက်မိသည်။

"ဟဲ့…နင့်ပုံစံက ဘာဖြစ်နေတာလဲ။ စက်ဘီးကို စီးလာတာလည်း ကြည့်ဦး၊ တဒုန်းဒုန်း တဒိုင်းဒိုင်းနဲ့။ ငါ့စက်ဘီးကို ခဲလုံးတွေ၊ ချိုင့်တွေပေါ် မနင်းပါနဲ့လို့ ဒီလောက်မှာထားတာကို"

ကျွန်မ ဆူဆူပူပူ ပြောလိုက်တော့ မျက်လုံး ကလယ်ကလယ်နှင့် ခေါင်းညိတ်ပြသဖြင့် ကျွန်မ ပိုလို့ပင် စိတ်တိုသွားရသည်။

"ဟဲ့ … နင်ဘာဖြစ်နေတာလဲ၊ လူနဲ့စိတ်နဲ့ မကပ်သလိုပဲ။ ဘာလဲ … သူရဲနဲ့ တွေ့လာလို့လား"

ကျွန်မက စိတ်တိုတိုနှင့် ပြောလိုက်မှ ပိုဆိုးသွား၏။ လှမျိုးကျော်က မစားအပ်သည့်အသီးကို အတင်းကျွေးခံရတဲ့လူလို မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ခေါင်းခါ ငြင်းဆန်လိုက်ရင်း-

"အား…နင်ကလည်း ပေါက်ပေါက်ရှာရှာ ဘာတွေလျှောက်ပြောနေတာလဲ။ သွား…ညဥ့်နက်နေမယ်၊ ပြန်တော့"

"အမလေး…ပြန်ချင်လှပါပြီ၊ ဒါနဲ့ ဘာဖြစ်လို့ လူတွေအပြင်မထွက်ကြတာလဲ။ အရင်နေ့တွေနဲ့ မတူသလိုပဲ နော်"

"တော်ပါတော့ မိစုရယ်၊ ငါ ကြောက်တတ်တာလည်း နင် သိရဲ့သားနဲ့။ ထပ်မခြောက်ပါနဲ့တော့"

ကျွန်မက အကောင်းမေးလိုက်တာပါ။ နို့ပေမယ့် သူ့အလိုလို သွေးပျက်နေတဲ့ ကျွန်မသူငယ်ကြီးက မျက်နှာဖြူဆုတ်ဆုတ်နှင့် အိမ်ထဲသို့ ပြေးဝင်သွားသဖြင့် ကျွန်မ အူတက်မတတ် ရယ်မောလိုက်မိသည်။

ဩော်…ပြန်ဦးမှ။

ကျွန်မ အိမ်ပြန်ချိန် နောက်ကျနေပြီ မဟုတ်ပါလား။

လှမျိုးကျော်နှင့် ကျွန်မက တစ်လမ်းတည်း ဆိုပေမယ့် သူက လမ်း၏ သည်ဘက်ထိပ်၊ ကျွန်မက လမ်း၏ ဟိုဘက်ထိပ် ဖြစ်၍ ကျွန်မအိမ်သို့ ပြန်ရောက်ရန် အတော် လှမ်းသေးသည်။ အချိန်ကလည်း ယခင်နေ့ ညများထက် ပို၍ နောက်ကျသလို လမ်းထဲတွင်လည်း လူတစ်ယောက်စ၊ နှစ်ယောက်စပင် မတွေ့ရသဖြင့် ကျွန်မ မလန့်စဖူး ထိတ်လန့်နေမိ၏။

"အို…ဘာလန့်စရာလိုလဲ။ ဒီလမ်းဆိုတာက ငါငယ်ငယ်ကလေးကတည်းက တစ်ယောက်တည်း ညဥ့်နက်သန်းခေါင်အထိ လျှောက်လည်နေကျ။ သူခိုးကြီးညတွေဆို ညဥ့် ၂ နာရီလောက်ကြီးမှာ အိမ်တကာတက်ပြီး ဖြေဖြူတစ်ချောင်းနဲ့ ရေးချင်တာ လျှောက်ရေးနေကျကိုများ၊ ဘာအခုမှ လန့်နေတာလဲ"

ထိုသို့ ကိုယ့်ကိုယ်ကိုယ် အားပေးရင်း ခပ်သုတ်သုတ်နင်းလာလိုက်သည်။ လေတွေကလည်း သူ့သဘာဝအတိုင်း ညင်သာသာ တိုက်ခတ်လို့နေသည်။ ကျွန်မမှာတော့ ဘာရယ်မှန်းမသိတော့ တောင်တောင်ဤဤ တွေးတောရင်း ခေါင်းနပန်းကြီးချင်သလိုပင် ဖြစ်လာကာ စက်ဘီးနင်းနှုန်းကို အရှိန်ပိုမြှင့်လိုက်သည်။ ထိုအခိုက်-

"ဝုတ် ဝုတ် ဝုတ် ဝုတ်"

"ဂရား…ဂရား"

"ဝုတ် ဝုတ် ဝု…"

ရုတ်တရက်ဆိုသလို လမ်းကျဉ်းကလေးတွင်းမှ ခွေးတစ်သိုက် ပြေးထွက်လာကာ ကျွန်မစက်ဘီးကို ဝိုင်းအုံကာ ဆူးဆူးဝါးဝါး ထိုးဟောင်ကြသည်။ ရုတ်တရက် ကြုံတွေ့လိုက်ရသည့် အခြေအနေကြောင့် ခွေးကိုက်ခံရမည်ကို စိုးရိမ်သဖြင့် ကျွန်မခြေထောက်နှစ်ချောင်းကို စက်ဘီးရှေ့တန်းပေါ်သို့ အလန့်လန့်အဖျပ်ဖျပ်နှင့် စုံတင်ထားလိုက်သည်။ ခွေးတွေက ဆိုးဆိုးရွားရွားကို ထိုးဟောင်နေကြတုန်း။

ခွေးတွေက ထိုလမ်းကျဉ်းအတွင်းတွင် နေထိုင်သောခွေးလေခွေးလွင့် တစ်စုမှန်း ကျွန်မသိသည်။ ကျွန်မပင် တစ်ခါကအမှိုက်ပုံတွင် အမှိုက်များ လာရောက်စွန့်ပစ်စဉ် အိမ်ရှိ ထမင်းကျန် ဟင်းကျန်များကို သေသေချာချာ ထုပ်ပိုးပြီး ထိုခွေးတစ်သိုက်ကို ကျွေးမွေးခဲ့ဖူးသည်။ ယခုများတော့ ဘယ်လိုအကြောင်းအရာကြောင့် ကျွန်မကို ဆူးဆူးဝါးဝါး ဝိုင်းဟောင်နေကြရပါလိမ့်။

နဂိုကတည်းက ထိတ်လန့်သည့် အရှိန်ကလေးကလည်းရှိနေ၍ ယခုကဲ့သို့ ခွေးတွေ ဝိုင်းထိုးဟောင်ကြသည်ကို ခံလိုက်ရသောအခါ ကျွန်မ တော်တော်နှင့် အကြောက်မပြေနိုင်သေး။ ခွေးတွေက ကျန်ရစ်ခဲ့ပြီးသော်လည်း ခြေထောက်ကို မချဝံ့သေးချေ။ ထိုစဉ် ရုတ်တရက် တစ်စုံတစ်ခုကို တွေးလိုက်မိပြန်၍ ကျွန်မ လမ်းပေါ်သို့ ခေါင်းထောင်ကာ အသေအချာ ကြည့်လိုက်မိသည်။ ထိုသို့ ကြည့်လိုက်ခါမှပင် ကျွန်မတစ်ကိုယ်လုံး ကြက်

သီးတဖြန်းဖြန်း ထောင်ထသွားရလောက်အောင်ပင် အံ့ဩလန့်ဖျပ်သွားရပါတော့သည်။

"ဟာ"

ကျွန်မ ထိုအာမေဍိတ် စကားလုံးကလွဲ၍ အခြား အော်ဟစ်ပြောဆိုရန် စကားလုံး ရှာမရ။ စက်ဘီးက ကျွန်မ မနင်းပါဘဲ လမ်းမထက်တွင် တဒုန်းဒုန်း ပြေးနေဆဲ။ ဤနေရာတွင် ကျွန်မတို့ လမ်းအကြောင်းကို အနည်းငယ်ဖော်ပြရလျှင် ကျွန်မတို့လမ်းတွေက ကုန်းတက်၊ ကုန်းဆင်းမရှိ။ တစ်ပြေးညီ၊ တစ်ဖြောင့်တည်းဖြစ်သလို လမ်းကလည်း ကတ္တရာ၊ ကွန်ကရစ်လမ်းကဲ့သို့ ချောမွေ့ဖြောင့်ဖြူးနေခြင်း မဟုတ်ဘဲ၊ ကျောက်စရစ်ခဲအနည်းငယ်ရောယှက်နေသော မြေနီလမ်းကလေးသာ ဖြစ်၏။ ထိုသို့ဆိုလျှင် စက်ဘီးသည် မည်သူက ဆက်လက်နင်းပေးနေ၍ လမ်းမထက်တွင် ယခုကဲ့သို့ ဆက်လက်ပြေးလွှားနေရသနည်း။

သွေးပျက် ထိတ်လန့်စွာနှင့်ပင် ကျွန်မစက်ဘီးလက်ကိုင်နှစ်ဖက်ကို ခပ်ကျစ်ကျစ်ဆုပ်ကိုင်ထားရင်း ခြေထောက်နှစ်ဖက်ကိုလည်း ဆက်လက်တင်ထားမိသည်။ မတော် ခြေထောက်ချလိုက်မှ တစ်စုံတစ်ဦးရဲ့ ခြေအစုံကိုများ တက်နင်းလိုက်မိလျှင်...ဟူသောအတွေးကြောင့် ကျွန်မခြေထောက်ကို မချဝံ့။ ရှေ့ကွေ့နားတွင် သူ့အလိုလိုရပ်တန့်သွားလေမလားဟူ၍ မျှော်လင့်ထားသော်လည်း စက်ဘီးလေးကတော့ လမ်းမပေါ်တွင် အရှိန်ရစွာ ပြေး

လွှားနေဆဲ။

ကူကယ်ရာမဲ့ ကျွန်မတစ်ယောက်တည်း ချောက်ချားနေစဉ်တွင်ပင် ကျွန်မအိမ်နှင့် နီးသထက်နီးလာသည်ကို သတိပြုလိုက်မိ၏။ သို့ကြောင့် ဖြစ်ချင်ရာဖြစ်ဟု သဘောပိုက်ကာ ခပ်မှန်မှန်သွားနေသော စက်ဘီးပေါ်မှ ကျွန်မ ဝုန်းခနဲခုန်ချလိုက်ပြီး ဒူးပွန်း၊ ခြေထောက်နာသည်ကိုပင် သတိမရတော့ဘဲ အိမ်ဘက်ဆီသို့ လှည့်မကြည့်စတမ်း ထွက်ပြေးလာလိုက်မိသည်။

"ဟယ်…ဒီကောင်မလေး၊ နာရီလည်းကြည့်ဦး၊ ဆယ်နာရီမတ်တင်းတောင်ရှိနေပြီ။ နောက်ကျလိုက်တာ။ ဘယ်တွေလျှောက်သွားနေတာလဲ။ ဟဲ့…ဘယ်မှာလဲ နင့်စက်ဘီး"

ကျွန်မကိုမျှော်နေပုံရသော မေမေက အိမ်ပေါက်ဝတွင် ဆီးကြိုကာမေးလိုက်၍ ကျွန်မအိမ်ပေါ်သို့ ပြေးတက်လာကာ မေမေ့ကို ပြေးဖက်လိုက်မိသည်။

"ဟဲ့ …ဒီကောင်မလေး ဘာဖြစ်လာတာလဲ မိစုရယ်။ အမေ စိတ်ပူအောင် မလုပ်ပါနဲ့။ သမီး ဘာဖြစ်လာတာလဲ"

"ဟို…ဟို"

"ကဲ…ရော့၊ ရေသောက်လိုက်ဦး"

မေမေက တံခါးနံဘေးရှိ ရေအိုးစင်မှ ရေတစ်ခွက်ခပ်ပြီး ကျွန်မကိုကမ်းပေးသည်။ ကျွန်မလည်း မောမောနှင့်ရေကို အငမ်းမရမော့ချလိုက်ပြီးမှ –

"ဟို…သ…သမီးကို သရဲခြောက်လို့ အမေရဲ့"

"အယ်…ဒီကောင်မလေး ပေါက်ပေါက်ရှာရှာတော့ ပြောရော့မယ်။ ဘယ်လိုလုပ် ဒီလမ်းထဲ သရဲရှိမှာလဲ"

"အာ…တကယ်ပါဆို အမေကလည်း၊ သမီးစက်ဘီးကို ခွေးတွေဝိုင်းဟောင်လို့ သမီးက ခွေးကိုက်မှာစိုးတာနဲ့ ခြေထောက်ကို တန်းပေါ်တင်လိုက်မိပါတယ်။ စက်ဘီးက သူ့ဘာသာသူ ဆက်ပြေးနေတယ်။ အမေ စဉ်းစားကြည့်။ သမီးမနင်းဘဲနဲ့ ဆက်ပြေးနေတယ်ဆိုတော့ စက်ဘီးကို သရဲကနင်းလို့ပေါ့"

ကျွန်မစကားကြောင့် အမေက အူလှိုက်သည်းလှိုက်ရယ်လိုက်ရင်း -

"တော်ပါတော့…မိစုရယ်၊ သမီး အိပ်ချင်မူးတူးနဲ့ လျှောက်တွေးနေလို့ပေါ့။ ခွေးဆိုတာ ညဉ့်နက်ချိန် လူစိမ်းတွေ့ရင် ဟောင်မှာပဲ။ စက်ဘီးကလည်း သူ့အရှိန်နဲ့သူ ပြေးနေတာနေမှာပေါ့ကွယ်။ ဒီလမ်းထဲမှာ ဘယ်သူသရဲခြောက်ခံရတယ် ကြားလို့လဲ။ ကဲ…စက်ဘီးက ခု ဘယ်နားမှာလဲ"

"ဟိုဘက် သုံးအိမ်ကျော်လောက်မှာ သမီးပစ်ထားခဲ့တယ်"

"ကဲ…ကဲ…သွား၊ ခြေလက်ဆေးပြီး သွားအိပ်ချေတော့။ စက်ဘီးကို သမီးအစ်ကိုကို ယူခိုင်းလိုက်မယ်"

မေမေက ကျွန်မခေါင်းကို ညင်ညင်သာသာပွတ်သပ်

လိုက်ပြီး အိမ်ထဲသို့ ဝင်သွားလေသည်။ ကိုကြီးကို စက်ဘီး သွားယူ ရန်ပြောခြင်းဖြစ်သည်။ ကျွန်မလည်း ခြေလက်ဆေးရန် မီးဖိုခန်း ဆီသို့ ခပ်သုတ်သုတ်ပြေးဝင်သွားလိုက်သည်။ အကယ်၍ အိမ်ရှေ့တွင် ဆက်နေနေလျှင် ကိုကြီးနှင့်ကိုလတ်ကပါ ကျွန်မ ကိုဝိုင်း၍ လှောင်ပြောင်ကြမည်မှာ အသေအချာ။ ခက်နေသည်က ကျွန်မကိုယ်တိုင် ကြုံတွေ့ခဲ့ရခြင်းဖြစ်၍ မေမေပြောသကဲ့သို့ မဖြစ်နိုင်မှန်း ကျွန်မဘာသာ ခံစားမိသည်။ နို့ပေမယ့် မေမေ ပြောတာလည်း ဟုတ်သား။ ဤလမ်းထဲတွင် တစ်စုံတစ်ဦး သေဆုံးခြင်းလည်းမရှိပါဘဲ ဘာကြောင့်များ ကျွန်မတစ္ဆေခြောက်ခံ ရပါလိမ့်။ ဤသို့ဆိုလျှင် မေမေပြောသကဲ့သို့ စက်ဘီး၏သဘာဝ အတိုင်း သူ့အရှိန်နှင့်သူ ပြေးလွှားနေခြင်းကို ကျွန်မ၏ကြောက် လန့်စိတ်က ကျွန်မကို ပြန်လည်ခြောက်လှန့်နေခြင်းပဲလား။

❒

ထိုကိစ္စကြောင့် ကျွန်မတစ်ညလုံးအိပ်မရဘဲ ဖြစ်နေခဲ့ သဖြင့် မနက်မိုးလင်းသည်နှင့် လှမျိုးကျော်၏အိမ်သို့ ကိုကြီး၏ စက်ဘီးဖြင့် ခပ်သွက်သွက် ထွက်လာခဲ့သည်။ ကျွန်မစက်ဘီး လေးခမျာတော့ ညက ပစ်လဲသွားသည့်အရှိန်နှင့် ဘီးနည်းနည်း ခွင်သွား၍ စက်ဘီးပြင်ဆိုင် ရောက်နေလေပြီ။ နောက်တစ်ချက် အနေနှင့် ကျွန်မ မိုးလင်းမှ သိလိုက်ရသည်က ညက မြဝတီမှ

လာသော ရုပ်ရှင်ဇာတ်ကား ကောင်းသဖြင့် အိမ်တိုင်းကလူတွေ အပြင်မထွက်ကြသလို လက်ဖက်ရည်ဆိုင်ကလူတွေလည်း မထကြသေးသဖြင့် တစ်လမ်းလုံး လူရှင်းနေရခြင်းဖြစ်၏။

"လှမျိုးကျော်…လှမျိုးကျော်ရေ"

"ဟယ်…မိစု၊ ဘာကိစ္စလဲ"

"နင်…မှန်မှန်ပြောစမ်း၊ ညက နင်ဘယ်လမ်းကသွားတာလဲ။ နောက်ပြီး ဘာတွေ့ခဲ့သေးလဲ"

ကျွန်မ၏အမေးကြောင့် လှမျိုးကျော် မျက်စိမျက်နှာပျက်သွားသည်။ ထိုနောက် အသံတုန်ရီရီဖြင့်-

"နင့်ကို ဘယ်သူ ဘာပြောလို့လဲ။ ငါ လမ်းမကြီးအတိုင်းသွားတာပေါ့၊ ဘာတွေ့ရမှာလဲ"

"နင်အပိုတွေ မပြောနဲ့။ ညက နင်ပြန်လာတော့ ကြောက်လန့်လာတာ ငါရိပ်မိတယ်။ နင်…နင် သရဲတွေ့ခဲ့တယ် မဟုတ်လား"

"အာ…ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ။ ဘယ်က သရဲတွေ့ရမှာလဲ။ သရဲတွေ့ရင် ခုလောက်ဆို ကြောက်လို့ ငါအသက်ထွက်လောက်ပြီ။ အိမ်တွေကြားကနေ ဖြတ်သွားတာပါ။ အဲဒါ လမ်းမှာ အသုဘအိမ်တစ်အိမ် တွေ့ခဲ့တယ်။ သေတဲ့သူကလည်း ငါတို့အသိလေဟာ။ ဟို အရက်သမား ဦးတိုးလေ။ နင်လည်း သိပါတယ်။ ငါတို့ကိုဆို သိပ်နောက်တာပဲလေကွာ။ အဲဒီ

ဦးလေးကြီးရဲ့ အသုဘပေါ့။ အဲဒါကြီးတွေ့ခဲ့လို့ ငါကြောက် ကြောက်လန့်လန့်နဲ့ ပြန်လာတာပေါ့။ ငါ့မှာ တစ်လမ်းလုံး သူ ဘယ်နားကများ ပေါ်လာမလဲဆိုတဲ့ အတွေးနဲ့ ကြောက်လိုက်ရတာ အမောပဲ။ တော်သေးတာပေါ့၊ မခြောက်လို့။ ခြောက်လို့ကတော့ လန့်ဖျပ်ပြီး ငါအသက်ထွက်သွားမှာပဲ''

''ဩော်…အဲဒီလိုကိုး။ မပူပါနဲ့၊ သရဲခြောက်တာ အဲဒီ လောက် ကြောက်စရာမကောင်းပါဘူး''

''အံမယ်…နင်က ဘယ်လိုလုပ်သိလဲ''

''ဩော်…နင်ကလည်း၊ ငါလည်း စိတ်မှန်းနဲ့ ပြော တာပေါ့။ သရဲခြောက်လို့ သေတဲ့သူ နင် ကြားဖူးလို့လား။ ဒါနဲ့ ညက ငါနောက်ကျလို့ အမေက စိတ်ပူပြီး ဒီညကနေစပြီး ညတိုင်း ငါ့အစ်ကိုကြီးကို ကျူရှင်ကို လာကြိုခိုင်းတော့မယ်တဲ့''

''ဟင်…ဒါဆိုရင် ငါတို့ စက်ဘီးလျှောက်စီးလို့မရ တော့ဘဲ နေမှာပေါ့။ နင့်အမေကို ပြောကြည့်ပါဦးလား''

''ငါလည်း ပြောကြည့်ပါသေးတယ်။ ဒါပေမဲ့ မေမေ က မိန်းကလေးတစ်ယောက်တည်း ညဥ့်နက်ချိန် ပြန်လာတာကို စိတ်ပူတယ်တဲ့ဟ။ အဲဒါကြောင့် ငါ နင်တို့သိအောင် လာပြော ပြတာ။ ကဲ့…သူငယ်ချင်း၊ ငါပြန်လိုက်ဦးမယ်။ ဈေးသွားရ ဦးမှာ''

''အေးပါ၊ ငါလည်း စိတ်မကောင်းဘူး။ ငါ စက်ဘီး

ွားမိလို့ပါ။ တာ့တာမိစု၊ ညနေမှ တွေ့မယ်”

“အေးအေး”

ကျွန်မ စက်ဘီးပေါ်သို့ ခုန်တက်စီးနင်းရင်းနှင့် ပြောခဲ့သမျှကို ပြန်တွေးကာ ရယ်ချင်သွားမိသည်။ လက်စသတ်တော့ သူက ဖြစ်ပျက်သမျှအားလုံး၏ လက်သည် တရားခံက လူမျိုးကျော်။ ရိုးရိုးလမ်းမတန်းကြီးကနေ အေးအေးဆေးဆေး မသွားဘဲ လမ်းကြိုလမ်းကြားကသွားပြီး အသုဘအိမ်ရှေ့ကတောင် ဖြတ်လာသေးသတဲ့။

တကယ်တော့ သူ့ကို ကျွန်မ အမှန်အတိုင်း မပြောဘဲ ထိမ်ချန်ထားသည်မှာ နှစ်ချက်ရှိ၏။ ပထမတစ်ချက်ကတော့ ယခုမှ ပြောနေလည်း သူ ကြောက်လန့်ရုံကလွဲပြီး ဘာမှ ထူးမည်မဟုတ်၍ မပြောခဲ့တော့ခြင်း ဖြစ်သည်။ ဒုတိယအချက် ကတော့ ကျွန်မအစ်ကို လာကြိုမည်ဆိုသည်မှာ ကျွန်မမေမေက စိတ်ပူ၍ သွားကြိုခိုင်းခြင်း မဟုတ်ဘဲ ည ၈ နာရီ တစ်ယောက် တည်း စက်ဘီးစီးလျက် အိမ်ပြန်မလာရဲတော့သဖြင့် အစ်ကိုကြီးကို ကျွန်မကိုယ်တိုင် လာကြိုဖို့ တောင်းပန်ထားရခြင်းပင် ဖြစ်ပါတော့သည်။

(ဤဇာတ်ကြောင်း ပြောပြသော အစ်မကြီးကို ကျေးဇူး အထူးတင်ပါသည်။)

ဂါဦးနွန်းကို



# ညဖယ်ရီ

## ဂါဦးနွန်းကို

မည်းလိုက်သည့် ည။

အလင်းဖြာဖို့ နေနေသာသာ ကြယ်ပျောက်၊ လပျောက် ည။

ထိုသို့ တိမ်မည်းစိုးသော ညတွင်မှ ကျွန်တော် ရေချိုးနောက်ကျသဖြင့် အလုပ်သို့သွားရန် နောက်ကျခဲ့သည်။ ညနေက ကျွန်တော် လက်ဖက်ရည်ဆိုင် သွားထိုင်ပြီး သူငယ်ချင်းတစ်စုနှင့် စကားကောင်းနေခဲ့သဖြင့် ထိုသို့ ရေချိုးနောက်ကျလေတော့ ပြင်

ဆင်တာ၊ စားတာ၊ သောက်တာ အားလုံး နောက်ကျကုန်ပြီပေါ့။ သို့နှင့် ဖယ်ရီစီးရန် ကားဂိတ်သို့ အပြေးထွက်လာခဲ့ရတော့၏။ ဖယ်ရီကားကို ကျွန်တော် မီမှမီပါမလား။

ကျွန်တော်က HEINE စီးကရက်စက်ရုံတွင် စာရေးတာဝန်ကို လစာနည်းနည်းနှင့် လုပ်ကိုင်နေသူတစ်ဦးဖြစ်သည်။ ကျွန်တော့်လို လစာနည်းပါးသူအဖို့ စက်ရုံကဖယ်ရီကား စီစဉ်ပေးထားသောကြောင့်သာ ကားခအပိုငွေ မကုန်တော့၍ အသက်ရှူချောင်ဖွယ်ရာ ရှိသည်မို့ ဖယ်ရီကားကို မီမှဖြစ်မည်။ ဖယ်ရီမမီလျှင် လစာထဲမှ ကားခအပိုသက်သက် ထပ်ကုန်နေဦးမည်။ ထို့ကြောင့်လည်း အိမ်နှင့်အတော်လှမ်းလှမ်းတွင်ရှိသည့် ကားဂိတ်ဆီသို့ ကျွန်တော် ဒရောသောပါး ပြေးလာခဲ့ရ၏။

ကျွန်တော် ကားဂိတ်ဆီသို့ရောက်တော့ ခုနစ်နာရီထိုးပြီးလို့ ဆယ့်ငါးမိနစ်ခန့်ပင် စွန်းလျက်ရှိပြီမို့ စိုးရိမ်ပူပန်သွားမိသည်။ ကျွန်တော် ကားမှ မီပါတော့မလား။ ဖယ်ရီက ကားဂိတ်၌ ကျွန်တော့်ကို မမြင်၍ ထားရစ်ထွက်ခွာသွားလေပြီလား။ အတွေးမျိုးစုံက ခေါင်းထဲတွင် ထကြွဆူညံလျက်သားနှင့် ကျွန်တော်ကားမှတ်တိုင်ခုံတန်းလေးတွင် ဝင်ထိုင်လိုက်သည်။

ညသည် စောစောက ကျွန်တော် ပြောခဲ့သလိုပင် မှောင်မိုက်မှုတို့ကို ထွေးပွေ့ထားလျက်ရှိသည်။ ကျွန်တော် လည်တဆန့်ဆန့်နှင့် ဖယ်ရီကားကို မျှော်လျက်ရှိစဉ် ဖယ်ရီမဟုတ်သော လိုင်း

ကားပေါင်းစုံက လမ်းမထက်မှ တစီစီနှင့် လျှင်မြန်စွာဖြတ်သန်း မောင်းနှင်သွားကြသည်။ ကားတွေကလည်း အရှိန်ပြင်းလိုက်တာ။ ညဉ့်နက်ချိန် မှောင်မှောင်မည်းမည်းတွင် ထိုသို့ မိုင်များများမောင်း နှင်နေလျှင် ကားလမ်းမဘေး၌ စက်ဘီးစီး၊ ဆိုင်ကယ်စီးနေသူများ အတွက် အန္တရာယ်များလှချည်ဟု ကျွန်တော် တွေးလိုက်မိသည်။ ကားစောင့်နေချိန်ဆိုတော့လည်း အတွေးတွေက အမျိုးမျိုးပေါ့။

ကျွန်တော်စောင့်နေတာ ၁၅ မိနစ်လောက်ရှိပြီ။ မြို့ထဲက AGD ဘဏ်မှာ အလုပ်လုပ်နေတဲ့ ကျွန်တော့်အိမ်နားက ကောင်မ လေးနှစ်ယောက်တောင် ပြန်ရောက်လာကြလို့ ကျွန်တော့်ကိုတောင် စောင်းငဲ့ကြည့်သွားကြသေးသည်။ ဟုတ်တာပဲ။ အရင်နေ့တွေဆို သူတို့ ကျွန်တော့်ကို ဒီအချိန်ဆို ဒီနေရာမှာ မတွေ့ကြရတော့ဘူး လေ။ သေချာပါသည်။ ကျွန်တော့်ကို ဖယ်ရီကား ချန်ရစ်ထားခဲ့ ပါပြီ။

ထိုအတွေးနှင့် ကျွန်တော် ငေးငိုင်သွားရသည်။ ကျွန်တော် လိုင်းကားစီးရတော့မည်။ အပိုငွေကုန်တော့မည်။ ဤလတွင် ကျွန်တော့်ညီမလေးနှင့် ညီလေးတို့ရဲ့ ကျူရှင်လခတွေက တစ် သောင်းစီ တိုးလာတော့မည်။ တစ်မိသားစုလုံးရဲ့တာဝန်တွေက ကျွန်တော့်အပေါ်မှာဆိုတော့ ညနေက သူငယ်ချင်းတွေက အတင်း ခေါ်လို့ လက်ဖက်ရည်ဆိုင် သွားထိုင်မိသည်ကိုပင် နောက်တရ လာမိသည်။ ကျွန်တော်သာ လက်ဖက်ရည်ဆိုင် သွားမထိုင်ဖြစ်

ချင် ကားနောက်ကျလိမ့်မည်မဟုတ်။ ယခုများတော့ ...

ထိုစဉ် ဖယ်ရီကားသည် ကျွန်တော့်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိ ရပ်တန့်သွားသည်။ ကျွန်တော်လည်း အံ့သြမ်းသာစွာနှင့် ကားပေါ်သို့ အသည်းအသန် ပြေးတက်လိုက်ရင်း-

"တော်သေးတာပေါ့ဗျာ။ ကျွန်တော်က ဒီနေ့နောက်ကျမှ ထွက်လာမိလို့ ကျန်ရစ်ခဲ့ပြီတောင် ထင်နေတာ။ ဖယ်ရီကားက တော်တော်နောက်ကျတာပဲ။ ကျွန်တော့်အတွက်တော့ ကွက်တိဖြစ်သွားတာပေါ့ဗျာ"

ထိုစကားကို ကျွန်တော် ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်ရင်း ခပ်ကျယ်ကျယ်အော်ပြောလိုက်ခြင်းဖြစ်သည်။ ကားပေါ်က လူတော်တော်များများက ကျွန်တော့်ရဲ့မိတ်ဆွေအပေါင်းအသင်း ခင်မင်သူတွေဆိုတော့ ကျွန်တော့်ဆီက ထိုစကားမျိုးကြားသည်နှင့်-

"ကျန်ခဲ့လည်း ကောင်းတာပဲ။ မင်းက လိပ်လိုနှေးတာကိုးကွ"

ဟူ၍ ကိုသီဟဦးက အရွှန်းဖောက်တတ်သလို၊ အပျိုကြီးဒေါ်မြင့်မြင့်မာလာကလည်း -

"တော်သေးတာပေါ့ဟယ်၊ ကျန်ခဲ့ရင် သောင်းထိုက်က မထူးဇာတ်ခင်းပြီး အော်ဒါလိုက်သွားရင် ဒုက္ခ"

ဟူ၍ နောက်ပြောင်မည်သာချည်း။ သူတို့ ဘာပြောပြော ကျွန်တော်က စိတ်မဆိုးတတ်။ ကျွန်တော့်ကို ခင်လို့၊ မင်လို့

ကျီစယ်ကြမှန်း နားလည်ပြီးသား။ သို့ပေမဲ့ ခုများတော့ ကျွန်တော့်စကားဆုံးသွားချိန်အထိ နောက်ပြောင်ကျီစယ်သံ သဲ့သဲ့ပင် ထွက်မလာ။ ဘာဖြစ်လို့ပါလိမ့်။ ကိုသီဟဦးတို့၊ ဒေါ်မြင့်မြင့်မာ လာတို့ ပါမလာကြဘူးလား။ ဖယ်ရီကား နောက်ကျသည်ကြောင့် လိုင်းကားစီးပြီး သွားနှင့်ကြပြီလား။ ကျွန်တော် နောက်ခုံတွေဆီသို့ လှည့်ကြည့်လိုက်မိ၏။

"ဟင်…"

ကားပေါ်က လူတွေအားလုံး ခေါင်းငိုက်စိုက်နှင့်။ ကျွန်တော်တို့ဖယ်ရီက ဘီအမ်ကားကြီးဖြစ်၍ တစ်ယောက်တစ်ခုံစီ၊ တစ်နေရာစီ ထိုင်နေကြရပေမယ့် တစ်ယောက်နှင့်တစ်ယောက် စစရာ၊ နောက်စရာရှိလျှင် အော်ဟစ်နောက်ပြောင်ကြစမြဲ။ ယခုများတော့ အားလုံးက ခေါင်းငိုက်စိုက်နှင့် ငြိမ်သက်နေကြသဖြင့် ကျွန်တော် မှင်တက်အံ့သြသွားခဲ့ရသည်။

"ဟော့လူတွေ…ဘာဖြစ်နေကြတာလဲ။ ကိုသီဟ… ခင်ဗျား နေ့လယ်က မိန်းမနိုပ်စက်လို့ မအိပ်ခဲ့ရဘူးလား"

ခပ်လှမ်းလှမ်းခုံတွင် ထိုင်နေသော ကိုသီဟဦးကို တွေ့လိုက်ရ၍ ကျွန်တော် လှမ်းခေါ်နောက်လိုက်သည်။ ထိုသို့ ကျီစားလိုက်တော့မှ ကိုသီဟဦးတစ်ယောက် ခေါင်းထောင်လာလေသည်။ သို့ပေမယ့် ရွှင်ရွှင်ပြုံးပြုံး မျက်နှာမျိုးနှင့်တော့မဟုတ်။ ပြူးကြောင်ကြောင် မျက်လုံးအဝိုင်းသားနှင့် မှုန်တေတေမျက်နှာ

သေကြီးကို တွေ့လိုက်ရသဖြင့် ကျွန်တော် ဆက်လက်နောက် ပြောင်ဖို့ကို တွန့်ဆုတ်သွားတာကြောင့် ပါးစပ်ပိတ်လျက် ရှေ့သို့ ငြိမ်လှည့်နေလိုက်သည်။

ဘယ်လိုတွေပါလိမ့်။ ကျွန်တော့်စိတ်ထဲမှာ ဖယ်ရီကား တစ်စီးလုံး ကြောက်စရာအတိဖြင့် ပြည့်နှက်နေသလို ခံစားလာမိသည်။ ယနေ့ည ဖယ်ရီကားစီးနေရပုံမှာ ယခင်နေ့များနှင့် အကွာကြီး ကွာခြားနေရုံသာမက၊ အသံဗလံတွေ လုံးဝတိတ်ဆိတ်နေပုံကလည်း ကျွန်တော့်အတွေးကို ပိုလို့ပင် အားဖြည့်ပေးလျက်ရှိ၏။ ဘာလဲ …ကျွန်တော်တို့ ဖယ်ရီကားကြီးကို အပမှီသွားပြီလား။ အစီပွာယ်မရှိတဲ့ အတွေးပေါင်းစုံက ကျွန်တော့်ခေါင်းထဲမှာ တရစပ်။

"ဟာ…ဟေ့လူ၊ ရှေ့မှာ ကားကြီး…ကုန်တင်ကားကြီး တိုက်မိတော့မယ်၊ ရှောင်လေ…ရှောင်"

ဝေဝေဝါးဝါး အတွေးများဖြင့် ကားရှေ့ဆီသို့ ကြည့်လိုက်မိခိုက် တစ်ဖက်ယာဉ်ကြောဆီမှ မဆင်မခြင် မောင်းနှင်လာသော ကုန်တင်ကားကြီးတစ်စီးကို ရုတ်တရက် တွေ့လိုက်ရ၍ ကျွန်တော် ဒရိုင်ဘာကြားအောင် အသည်းအသန် အော်လိုက်မိ၏။ ကားကြီးက အရှိန်ပြင်းစွာနှင့် ကျွန်တော်တို့ဖယ်ရီကားဆီသို့ တစ်ရှိန်ထိုးဝင်လာပြီ။ ဘုရား…ဘုရား…ကားကြီးနှစ်စီး အရှိန်ပြင်းစွာ နှင့် တိုက်မိကြတော့မည်။ သေရမည်ကို ထိတ်လန့်ကြောက်ရွံ့လွန်း

လို့ ကျွန်တော့်မှာ သွေးပျက်တုန်ယင်နေရသလောက်၊ တစ် ကားလုံးကတော့ ထိုအဖြစ်အပျက်ကို တစိုးတစိမျှ မသိရှိသည့် အလားအေဘ်သံ၊ ငိုသံသဲ့သဲ့ပင် မကြားရ။ သို့ကြောင့် ကျွန်တော် အနောက်ဘက်က လူတွေကို စောင်းငဲ့ကြည့်လိုက်ရာ -

"အား...."

အေးစက်အသက်မဲ့တဲ့ မျက်လုံးများစွာက ကျွန်တော့်မျက်နှာဆီသို့ စုပုံရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရသဖြင့် ကျွန်တော့်ရဲ့ ကြောက်လန့် ချောက်ချားစိတ်က အထွတ်အထိပ်သို့ ရောက်ရှိသွားတာကြောင့် သတိလက်လွတ် အော်ဟစ်လိုက်မိပါတော့သည်။

❐

"ဟော့...သူငယ်၊ ဟော့..."

မျက်လုံးတွေကိုမှိတ်ပြီး ထိတ်လန့်တကြား အော်ဟစ်နေမိခိုက် ကျွန်တော့်ပခုံးတွေကို ခပ်ကြမ်းကြမ်း လှုပ်ရမ်းလိုက်ခြင်းကြောင့် ကျွန်တော် မျက်လုံးတွေကို အသာအယာ ဖွင့်ကြည့်မိတော့ -

"ဟင်...ဘယ်...ဘယ်လိုဖြစ်တာလဲ"

"အဲဒီစကားက ဦးလေးမေးရမှာပါ ငါ့တူရယ်။ ဘယ့်နယ်လုပ်ပြီး ကားဂိတ်မှာအိပ်ပျော်နေရတာလဲ"

"ဩော်...ကျွန်တော် ဒီမှာ အိပ်ပျော်သွားတာလား။ အမယ်လေးဗျာ...ဒါဆို အိပ်မက်မက်နေတာပေါ့။ အမယ်လေးလေး...တော်ပါသေးရဲ့"

"ကဲ...တော်ပါသေးရဲ့ လုပ်မနေနဲ့တော့။ အိမ်လေးဘာလေး ပြန်တော့။ ကားဂိတ်မှာအိပ်မနေနဲ့"

ထိုအခါမှ ကျွန်တော် စိတ်လက်ပေါ့ပါးစွာနှင့် အိမ်သို့ ခပ်သုတ်သုတ်ပြန်လာခဲ့သည်။ အဖြစ်အပျက်တွေကို အသေအချာ ပြန်စဉ်းစားကြည့်မှပဲ အကြောင်းအရာတွေက ခပ်ရေးရေးပေါ်လာသည်။ ကောင်မလေးနှစ်ယောက် ပြန်သွားသည်ကို ငေးကြည့်နေရာမှ ကျွန်တော့်မျက်လုံးတွေ မှေးစင်းလာပြီး ကားဂိတ်တွင် ငုတ်တုတ်အိပ်ပျော်သွားကာ ဖယ်ရီကို စိတ်စွဲလျက် အိပ်မက်တွေမြင်မက်နေမိခြင်းဖြစ်သည်။ အိပ်ပျော်သွားတော့လည်း တစ်ချိုးတည်းပဲ။ မနက်တောင် မိုးစင်စင်လင်းနေပြီ။

အိမ်သို့ရောက်တော့ မေမေနှင့် ညီမလေးတွေက ကျွန်တော့်ကို တအံ့တဩ ဝိုင်းကြည့်ကြသည်။ မုံစံတွေက တကယ့်ကို တစ္ဆေသရဲကို တွေ့လိုက်ရသလို။

"သား...မင်း...မင်းပြန်လာတယ်"

"အစ်...အစ်ကိုကြီး လူပါနော်"

"ဗျာ...အာ...အမေကလည်း ကျွန်တော်က ပြန်မလာလို့ ဘယ်သွားရမှာလဲ။ ဟိတ်...ကောင်မလေး၊ ငါက လူမဟုတ်

လို့ နတ်ဖြစ်ရဦးမှာလား။ လူပေါ့ဟ"

"ဟယ်...အမယ်လေး...သားလေးရဲ့။ တော်သေးတာပေါ့။ မသေကောင်း၊ မပျောက်ကောင်းကွယ်။ ဘယ်လိုဖြစ်ရတာလဲ"

"တော်သေးတာပေါ့ ကိုကြီးရယ်။ ညီမလေးတို့မှာ ငိုလိုက်ရတာ"

အမေနှင့်ညီမတွေက ကျွန်တော့်ကိုပြေးဖက်ကာ ငိုကြသည်။ ကျွန်တော့်မှာ ယောင်လည်လည်ရယ်။ ဘာတွေဖြစ်ခဲ့လို့ပါလိမ့်။

"ပြောပါဦး သားရယ်။ ဘယ်လိုလုပ်ပြီး သားကြီးကအသက်ရှင်ကျန်ရှိတင်မက ဒဏ်ရာတောင် မရခဲ့တာလဲ"

"ဘာကို ဒဏ်ရာမရတာလဲ အမေရဲ့။ ကျွန်တော်ကဘာဖြစ်ရမှာလဲ"

"ဩော်...စောစောကတင် ဖုန်းဆက်တယ်။ ညကသားတို့ဖယ်ရီကား မြို့အစပ်က ချောက်နားမှာ ကုန်တင်ကားကြီးတစ်စီးနဲ့ တိုက်မိလို့ ချောက်ထဲကျသွားတယ်တဲ့။ အခုထက်ထိဆယ်လို့မရသေးဘူးဆိုတာပဲ။ အမေ့မှာ ကြားကြားချင်း ရင်ထဲကိုဆို့သွားတာပဲ သားရယ်။ တော်သေးတာပေါ့။ အမေ့သားလေးမသေလို့"

"ဗျာ ..."

မေမေ့စကားအဆုံး၌ ကျွန်တော် အံ့ဩလွန်းလို့ မယုံနိုင်အောင်ဖြစ်သွားခဲ့ရသည်။ ကျွန်တော် အိပ်မက်မက်ခဲ့သည့်အတိုင်း ညက အမှန်တကယ်ပင် ဖြစ်ပျက်ခဲ့သည်တဲ့။ ဤသို့ဆိုလျှင် ကျွန်တော့်အိပ်မက်သည် သဘာဝအလျောက် မြင်မက်သော အိပ်မက်ရိုးရိုးမှ ဟုတ်ပါရဲ့လား။ သေဆုံးသူမိတ်ဆွေတစ်သိုက်က ယနေ့ညတွင်မှ ထူးထူးခြားခြား ဖယ်ရီကားနောက်ကျပြီး အသက်ရှင်ကျန်ရစ်ခဲ့သူ ကျွန်တော်သိအောင် အိပ်မက်ကတစ်ဆင့် သူတို့ရဲ့အဖြစ်အပျက်တွေကို ရင်ဖွင့်ပြောပြခဲ့ခြင်းပဲလား။ ထိုသို့ နက်နဲသော သဘာဝလွန်ဖြစ်ရပ်မျိုးပဲလား ဆိုသည်ကိုတော့ ကျွန်တော် တိတိကျကျ မသိနိုင်တော့ပါ။ ဘာပဲပြောပြော ယခုကဲ့သို့ ကျွန်တော် အသက်ရှင်ကျန်ရစ်ခဲ့ခြင်းမှာ မိခင်နှင့် မောင်နှမများအပေါ် သိတတ်လိမ္မာစွာ လုပ်ကိုင်ကျွေးမွေးနေသော အကျိုးကျေးဇူးများပင် ဖြစ်ပါလိမ့်မည်။

ဘဝ၌ တစ်ခါတစ်ရံတွင် ထိုသို့ ရှုပ်ထွေးပွေလီသော ဖြစ်ရပ်ဆန်းမျိုးကို ကြုံတောင့်ကြုံခဲ ရင်ဆိုင်တွေ့ဆုံတတ်ကြသည်။ ထိုကြုံခဲသော အဖြစ်အပျက်မျိုးကို ရင်ဆိုင်ဆုံစည်းခဲ့ဖူးပြီဆိုလျှင်လည်း ထိုအဖြစ်အပျက်သည် ထိုကြုံဖူးသူ၏နှလုံးအိမ်ထဲတွင် ထာဝရကိန်းအောင်းတည်ရှိသွားမည်သာ ဖြစ်ပါတော့သည်။

ဂါဦးနွန်းကို



# လူနာစောင့်

ဂါဦးနွန်းကို

“အမယ်လေး…လုပ်ကြပါဦး၊ မြစိန်သစ်ပင်ပေါ်က ပြုတ်ကျလို့တဲ့”

“ဟယ်…ဒီအဘွားကြီး အိုကြီးအိုမကျခါမှ ဒုက္ခပါပဲ။ ကျိုးပဲ့သွားပြီလား။ အသက်ကော ရှိသေးရဲ့လား”

“မပြောတတ်ပါဘူး။ သူ့မြေးမလေး အော်နေတာ ကြားလို့သာ။ လာလာ…သွားကြည့်ရအောင်”

တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်ခေါ်ငင်ကာ ဒေါ်မြစိန့်ရှိရာ တဲဘက်သို့ အပြေးထွက်လာခဲ့ကြသည်။ မိုးရာသီမို့ လယ်ကွင်းတွင် သူရင်းငှားကောက်စိုက်သမားများသာမက လယ်ရှင်၊ တဲရှင်တို့ဖြင့် ပြည့်နှက်နေချိန်။ တစ်ယောက်နှင့်တစ်ယောက်ကလည်း တစ်ရွာတည်းသားချင်းတွေသာမက ဆွေမျိုးမိတ်ဆွေချည်းသာ။ ဒေါ်မြစိန်ကလည်း နှယ်နှယ်ရရမဟုတ်။ လူတိုင်းသိ၏။ သိရလောက်အောင်လည်း ဒေါ်မြစိန်က သတင်းမွေးသည်။ ဟိုတစ်လောကလည်း သရက်ပင်ပေါ်မှ ပြုတ်ကျဖူးသည်။ တစ်မြန်နှစ်ကလည်း ဆီးပင်ပေါ်က ချော်ကျဖူးသည်။ ယခုလည်း ဥသျှစ်ပင်ပေါ်က လိမ့်ကျပြန်သတဲ့။ ဤတစ်ကြိမ်တော့ သွားရှာပြီလားဟု တွေးကာ အပြေးသွားကြည့်ကြလေသည်။

"အမယ်လေး...မမြစိန်၊ ညည်းနေသာရဲ့လား"

လူက သစ်ပင်ခြေရင်းတွင် ပက်လက်။ နံဘေးပတ်လည်တွင် ဥသျှစ်ရွက်တို့က ပြန့်ကျဲကာနေလေသည်။ ဒေါ်အိမ်သစ်က ဒေါ်မြစိန်ကို ပြေးဝင်ပွေ့ထူရင်း မေးလိုက်သည်။ ဒေါ်မြစိန်ထံမှ "အင်း...အင်း"ဟူသော ညည်းညူသံပေလား၊ ဖြေသံပေလားမသိသော အသံသဲ့သဲ့ ထွက်ပေါ်လာသည်။

"ဟဲ့...ဘာလုပ်နေကြတုန်း။ သွား...လှည်းသွားပြင်ချေ။ မြစိန်ကို ဆေးရုံပို့ရမယ်။ ဖိုးဝင်း...မင်းက ရွာထဲက သူ့ချွေးမနဲ့ သားသမီးတွေကို သွားအကြောင်းကြားလှည့်"

အသက်ကြီးကြီး ရွာသားတစ်ယောက်က ရွာသား သုံး၊ လေး၊ ငါးဦးကို လှည်းပြင်ခိုင်းသည်။ ခပ်လှမ်းလှမ်းတွင်တော့ ငိုကြွေးနေသော ဒေါ်မြစိန်၏မြေးမလေးကို မိန်းမတစ်ယောက်က ချော့မြှူလို့နေသည်။

မိန်းမကြီး သုံး၊ လေးယောက် ဒေါ်မြစိန်နားမှာ ဝိုင်းထိုင်ကာ တစ်ယောက်တစ်မျိုး အားပေးနေကြသော်လည်း ဒေါ်မြစိန် ကောင်းကောင်းမကြား။ ကျောဘက်ကအောင့်ကာ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက် ရှိသည်။ ရုတ်တရက် ချောင်းတစ်ချက်ဟက် လိုက်စဉ် ပါးစပ်ထဲမှသွေးများ ပွက်ခနဲထွက်ကျလာသည်။

"အမယ်လေးတော့…သွေး…သွေးတွေ၊ မ …မမြစိန် ညည်း …ညည်းသတိထားဦးနော်"

"ဟဲ့ ဟဲ့ …ဟိုမှာ လှည်းလာပြီ။ ပွေ့ …မမြစိန်ကို ပွေ့ပြီးလှည်းပေါ်တင်ကြ။ ဖြည်းဖြည်းသက်သာ လုပ်ကြဦးနော်။ အေး အေး …ဖြည်းဖြည်း ဖြည်းဖြည်း"

ဒေါ်မြစိန်ကို ရွာသားလေး၊ ငါးယောက်က ဝိုင်းပွေ့ချီကာ လှည်းပေါ်သို့ တင်လိုက်ကြပြီး နွားကိုကြိမ်တို့ကာ ခပ်မှန်မှန် ထွက်ခွာသွားကြသည်။ မြန်မြန်သွားလိုသော်လည်း မဖြစ်။ လူနာ မသက်သာမည်စိုး၍ လှည်းကိုခပ်မှန်မှန်သာ သွားစေသည်။ ဆေးရုံကိုတော့ လှည်းနှင့်သွား၍မရ။ လှည်းနှင့်က ကားဂိတ်အထိသာ သွားလို့ရ၏။ ကားဂိတ်ရောက်မှ ကားစီးစဉ်ကာ မော်လမြိုင်ဆေးရုံ

ကြီးဆီသို့ ပို့ဆောင်ရပေမည်။

"အမယ်လေး ...အမေ၊ အမေ"

ရှာထိပ်ကားဂိတ်တွင် ဒေါ်မြစိန်၏သမီးငယ် မစိန်ခင်က ရောက်နှင့်ကာ အမေ့သတင်းကြားသဖြင့် မအေကိုတွေ့တော့ မျက်ရည်စက်လက် ဖြစ်နေသည်။

"ဟဲ့...အမေ၊ အမေ လုပ်မနေနဲ့။ ဘယ်မှာလဲ စီစဉ် သားတဲ့ကား။ အေး ...တင် ဆေးရုံပို့ရမယ်"

ကျောင်းဆရာလည်းဟုတ်၊ တရားပြဆရာလည်းဟုတ်၊ ဒေါ်မြစိန်၏အစ်ကိုလည်းဟုတ်သော ဦးမြမောင်ကပြော၍ မစိန်ခင် မျက်ရည်စက်လက်ဖြင့် အမေကို ဝိုင်းပင့်သည်။ ဒေါ်မြစိန် ထံမှ အင့်ခနဲညည်းသံတစ်ချက် ထွက်ပေါ်လာ၏။

"ကဲ ကဲ ...သွားမယ်၊ နောက်ကျရင် လူနာအတွက် မကောင်းဘူး"

ဦးမြမောင်က သတိပေးသဖြင့် ကားပေါ်သို့ မစိန်ခင်နှင့် ချွေးမ မအေးသန်းပါ တက်လိုက်လာကာ မော်လမြိုင်ဆေးရုံသို့ မောင်းနှင်လာလိုက်၏။ ဒေါ်မြစိန်၏ပါးစပ်ထဲမှ တစ်ချက်တစ် ချက် သွေးများပျို့အန်ထွက်လာတုန်း။

ဖြစ်ပုံက ဤသို့။ အသက် ၆၀ အရွယ် ဒေါ်မြစိန်က ရန်ကုန်မြို့မှ မြေးငယ်နှင့် ချွေးမအလည်အပတ်လာခိုက် ဥသျှစ် ပြုတ် တို့မစားဖူးသဖြင့် ကျွေးချင်ဇောကပ်ကာ ဥသျှစ်ရွက်နုတက်

ခူးစဉ် ခြေချော်ကျခြင်းဖြစ်သည်။ ဒေါ်မြစိန်ကိုယ်တိုင်ကလည်း စိတ်မြန်လက်မြန်။ သားတွေရောက်လာကာမှ ခူးဆွတ်ခိုင်းလျှင် လည်း ရသည်သာ။ သို့ပေမဲ့ စောင့်နေလျှင် အချိန်ကြာမည်စိုး သဖြင့် ကိုယ်တိုင်ကိုယ်ကျတက်ခူးရာမှ ယခုလို ခြေချော်ကျရ လေသည်။ တော်သေးသည်က အဆင်းဖြစ်၍ ခပ်နိမ့်နိမ့်အမြင့်မှ ပြုတ်ကျသောကြောင့်သာ အသက်နှင့်ခန္ဓာ မြဲနေရခြင်းဖြစ်သည်။

ကားက ဟိုင်းလတ်ကားလေးဖြစ်သဖြင့် တလှစ်လှစ်နှင့် အပြေးလေးသွားလျက်ရှိ၏။ ကားပေါ်တွင် မစိန်ခင်က တအီအီငို နေသည်။ ချွေးမဖြစ်သူ မအေးသန်းကလည်း သူ့ကြောင့်ဖြစ်ရတာ ဟုတွေးကာ စိတ်မကောင်းဖြစ်ရရှာသည်။ ဒေါ်မြစိန်ကတော့ ချွေးမနှင့်သမီး၏ ငိုသံများကို ကြားတစ်ချက်၊ မကြားတစ်ချက်။ ဝေဒနာ၏နှိပ်စက်မှုကြောင့် သတိလက်လွတ်ဖြစ်လုမတတ်ရှိ သည်။

မုတ္တမနှင့်မော်လမြိုင်က ယခင်တုန်းကလိုမျိုး ကားတစ် တန်၊ လှေတစ်တန်နှင့် သွားရန်မလိုတော့။ သံလွင်မြစ်ကြီးခြား နေသော်လည်း မုတ္တမ-မော်လမြိုင်တံတားကြီးကို တည်ဆောက် လိုက်ပြီဖြစ်၍ ဟိုင်းလတ်ကားကလေးနှင့် ရွှတ်ခနဲဖြတ်သန်းကာ မော်လမြိုင်ဆေးရုံသို့ ရောက်ရှိသွားတော့သည်။

ဆေးရုံသို့ရောက်တော့ တောသူမ မိစိန်ခင် ဘာလုပ်လို့ ဘာကိုင်ရမည်မသိ။ မအေးသန်းကသာ ဆရာဝန်ရှာ၊ အခန်းရှာ

နှင့် အားလုံးစီမံခန့်ခွဲကာ ဒေါ်မြစိန်အတွက် စိတ်ချရသည်အထိ စောင့်ကြည့်ကြရသည်။

"အီးဟီးဟီး …အမေရဲ့ ဘာမှမဖြစ်ပါနဲ့တော်။ ကျုပ်သရဲကြောက်လို့ပါ"

မစိန်ခင်က operation room ရှေ့တွင် အော်ငိုနေသဖြင့် မအေးသန်းက တိုးတိုးကျိတ်၍ ဆူရသေးသည်။ သူ့ငိုသံကြောင့် ခပ်လှမ်းလှမ်းမှ နာ့(စ်)မတွေပြုံးသွားကြသည်။ တော်ပါသေးရဲ့၊ ဒေါ်မြစိန်တစ်ယောက် ဘုရားသိကြားမလို့ နံရိုးမကျိုး၊ အဆုတ်မကွာဘဲ အကြောနာရုံအဆင့်ဖြင့် ဆေးရုံတွင် တစ်ပတ်ကျော်ကျော် အနားယူရုံလောက်သာ။ ထိုနေ့ တစ်ညတွင်တော့ အထူးကြပ်မတ်ကုသဆောင်၌ ဒေါ်မြစိန်ကိုထားရ၏။ ညစောင့်တာဝန်က စိန်ခင်။

"အစ်မရယ် …ရွာကလူတစ်ယောက် လွှတ်ဖို့ကလည်း နောက်ကျနေပြီ။ စောင့်မယ့်သာစောင့်ရမှာ။ ကြောက်တော့ ကြောက်သား"

"ဟယ် …စိန်ခင်ကလည်း ဘာကြောက်စရာရှိလို့လဲ။ ဆေးရုံမှာ လူတွေ၊ ဆရာဝန်တွေမှ အများကြီးရယ်။ နောက်ပြီး အခန်းထဲမှာ တခြားလူနာစောင့်တွေရော ရှိတာပဲ။ ညဂျူတီကျတဲ့ နာ့(စ်)မတွေလည်း ဘေးခန်းတွေမှာ ရှိတယ်။ ဘာမှမကြောက်နဲ့။ အစ်မက စောင့်ချင်ပေမယ့် အိမ်မှာသမီးလေးကျန်ခဲ့တယ်လေ။ ကဲ …အစ်မပြန်တော့မယ်"

ညနေစောင်းတော့ မအေးသန်း ဟိုင်းလတ်ကားစီးကာ ရွာသို့ပြန်သွားလေသည်။ မစိန်ခင်တစ်ယောက်တည်းသာ ဆေးရုံတွင် လူနာစောင့်အဖြစ်နှင့် အားငယ်ကြောက်လန့်လျက် ကျန်ရစ်ခဲ့ရသည်။

ဆေးရုံစောင့်ရသည့်ည။ မစိန်ခင် ရတနာသုံးပါးကိုတော့ မပြတ်ရွတ်လျက်ရှိသည်။ အမေက နှာခေါင်းတွင် ပိုက်သွင်းထားရပြီး အကြောဆေးလည်း သွင်းထားရသည်။ မစိန်ခင် အမေ့အတွက်လည်း စိုးရိမ်ပူပန်ရသလို မမြင်ရသည့်ပုဂ္ဂိုလ်များကိုလည်း ကြောက်လန့်နေမိသေးသည်။

မစိန်ခင် ဘယ်ဘက်ခုတင်မှ လူနာကိုလှမ်းကြည့်လိုက်တော့ အောက်ဆီဂျင်ပိုက်တပ်ထားပြီး အကြောဆေးလည်း သွင်းထားသည်။ လူနာကိုကြည့်ရသည်မှာ ဖြူဖျော့ဖျော့ဖြစ်လျက်ရှိသည်။ အင်း …သူ့ထက်စာရင် အမေကမှ တော်ပါသေးတယ်ဟု တွေးကာ မစိန်ခင် စိတ်သက်သာရာရမိ၏။ မစိန်ခင်ကြောက်မည့်သာ ကြောက်နေသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ခုတင် ၆ လုံးရှိပြီး ခုတင် ၄ လုံးခန့်တွင် လူနာများရှိသည်။ အချို့လူနာများတွင် မိသားစုဝင်များက မစိန်ခင်ကဲ့သို့ပင် လူနာစောင့်အဖြစ် လာရောက်စောင့်နေကြသည်။

ည ၈ နာရီလောက်တွင် ဆရာဝန်များ လာကြည့်ကာ သွေးပေါင်ချိန်၊ အပူချိန်တိုင်းကြသည်။ မနက်ကျလျှင် ရိုးရိုးအခန်း

သို့ ပြောင်းရွှေ့ရတော့မည်ဖြစ်ကြောင်း ပြောပြကြသည်။ မစိန်ခင်လည်း သူတို့ပြောပြသည့် နိုင်ငံခြားနာမည်နှင့် ရောဂါများကိုနားမလည်သော်လည်း ပြောင်းရွှေ့ရတော့မည်။ သက်သာသွားပြီဖြစ်သောကြောင့် ဝမ်းသာမိသည်။ ဆရာများက တာဝန်ပြီးသည်နှင့် အခန်းတွင်းမှ အသီးသီးထွက်ခွာသွားကြသည်။

"အစ်မက ဇင်းကျိုက်ကလား"

တစ်ဖက်ခုတင်မှ လူနာစောင့်က မေးသဖြင့် မစိန်ခင်ခေါင်းညိတ်အဖြေပေးရင်း -

"အေး…ညီမကကော ဘယ်ရွာကလဲ"

"ကျွန်မက မော်လမြိုင်ကပါပဲ။ အစ်မကိုမြင်ဖူးလို့။ဩော်…အစ်မက ရေတံခွန်နားမှာ စားသောက်ဆိုင်ဖွင့်ထားတာမဟုတ်လား။ ကျွန်မတို့ ရေတံခွန်ကို လာလည်တုန်းက အစ်မတို့ဆိုင်မှာ ဝင်စားကြတယ်လေ။ ဒါကြောင့် မြင်ဖူးပါတယ်လို့"

"ဩော်…ညီမက ရေတံခွန်ကို အလည်လာဖူးတယ်လား"

"ဟာ…လာဖူးတာပေါ့အစ်မရဲ့၊ ဇင်းကျိုက်ရေတံခွန်က နာမည်ကြီးပဲဥစ္စာ။ မော်လမြိုင်တက္ကသိုလ်က ကျောင်းသူတွေဆို မိုးတွင်းဘက် ကျောင်းအားရင် အဲဒီကိုပဲ အလည်သွားကြတာ။ အရမ်းလှတာပဲနော်"

ဟုတ်တော့လည်း ဟုတ်သည်။ ဇင်းကျိုက်ရေတံခွန်(ဝါ)

ကျောက်သဘော်ရေတံခွန်က အမှန်ပင် ရှုခင်းလှပသော ရေတံခွန်ကြီးဖြစ်သလို မိုးတွင်းအခါတွင်လည်း အလွန်လူစည်ကားလှသည်။ မော်လမြိုင်၊ သထုံကဲ့သို့ မွန်ပြည်နယ်မှ မြို့နယ်များသာမက ရန်ကုန်၊ ပုသိမ်ကဲ့သို့ မြို့ကြီးများမှ ဧည့်သည်များပင် လာရောက်လည်ပတ်ကြသည်။ သို့ပေမဲ့ တချို့လေ့လာစိတ်လွန်ကဲသောလူငယ်များက ရေတံခွန်ကျောက်သားများပေါ်သို့ ကုတ်ကတ်တက်ကြရာမှ ခြေချော်ကျမှုများ၊ လူသေမှုများ ဖြစ်ပွားတတ်သဖြင့် ရွာခံများက ရေတံခွန်သို့ ဧည့်စိမ်းများလာရောက်လည်ပတ်လျှင် ရင်တမမ ဖြစ်နေတတ်ကြရသည်။

"အစ်မနာမည်က မစိန်ခင်ပါ။ ညီမနာမည်ကကော"

"ကျွန်မနာမည်က သွယ်သွယ်ပါ အစ်မ"

"ညီမလည်း လူနာစောင့်နေတာထင်ရဲ့။ အမျိုးပဲလား"

မစိန်ခင်ရဲ့ စပ်စုအမေးကြောင့် မသွယ်သွယ်က ချိုချိုလွင်လွင်ကလေး ရယ်မောလိုက်ရင်း"

"မပြောချင်ပါဘူး အစ်မရယ်။ ကျွန်မက တစ်လမှာ ဒီအထူးကုဆေးခန်းကို သုံး၊ လေးခေါက် လာစောင့်ပေးရတယ်။ စီးပွားရေးပဲပြောပြော၊ လူမှုရေးပဲပြောပြော ဆေးရုံမှာ နား(စ်)မငှားနိုင်တဲ့လူတွေကို ကျွန်မက ဈေးနှုန်းနည်းနည်းနဲ့ လာစောင့်ပေးတယ်။ သူတို့ကလည်း စေတနာရှိသလောက် ကျေးဇူးဆပ်တယ်ပေါ့။ ကျွန်မက ဒီနားတင်နေတာလေ။ ဆေးရုံက လူတော်တော်

များများနဲ့လည်း သိနေပြီ''

''ဩော် ...ဟုတ်လား''

မစိန်ခင်က ခပ်တိုးတိုးရေရွတ်ပြောဆိုရင်း အိပ်ချင်နေပြီဖြစ်သော မျက်လုံးနှစ်ဖက်ကို ပွတ်သပ်လိုက်မိသည်။

''အစ်မ ...အိပ်ချင်နေပြီထင်တယ်။ အိပ်ချင်အိပ်လေ။ ကျွန်မ အဘွားကိုကြည့်ပေးထားမယ်။ ဒါနဲ့ အဘွားကဘောဘာဖြစ်တာလဲ''

မစိန်ခင် အမှန်အတိုင်း ဖြေလိုက်လျှင်ကောင်းမလားစဉ်းစားလိုက်သော်လည်း မဖြစ်ချေ။ သားသမီးတွေရှိလျက်သားနှင့် ဒီအသက်အရွယ်ကြီး အပင်ပေါ်က ပြုတ်ကျရသည့်ကိစ္စမှာများစွာ ရှက်စရာကောင်းလှသည်။

''ဩော် ...အိမ်အပေါ်ထပ်က ချော်ကျလို့လေ''

''ဟုတ်လား ...ကျွတ် ...ကျွတ် ဖြစ်မှဖြစ်ရလေ။ ကဲ ...အစ်မ မှေးချင်မှေးလိုက်နော်။ ကျွန်မ ကူကြည့်ပေးပါ့မယ်''

မသွယ်သွယ်က စီးပွားရေးသဘောမျိုးထက် ကူညီတတ်သည့်စိတ်ထားက ပိုမိုရှိပုံရသည်။ ယခုလည်း မစိန်ခင်ဆီမှ ဘာကိုမှ မမျှော်ကိုးဘဲ အကူအညီပေးနေသည်ကြောင့် မစိန်ခင်၏စိတ်ထဲက ကျိတ်၍ချီးကျူးမိသည်။

''အင်း ...ဒီကောင်မလေး စိတ်ကောင်းအရှိသား''

"အင်းလေ…ဒါဆိုလည်း အစ်မ ခဏလှဲလိုက်ဦးမယ်။ ညီမအိပ်ချင်ရင်ပြောနော်။ အစ်မကိုနိူးလှည့်"

မစိန်ခင်က ပြောပြောဆိုဆိုဖြင့် နံဘေးလွတ်နေသည့် ခုတင်ပေါ်သို့ တက်ထိုင်လိုက်သည်။ တစ်ခန်းလုံးတွင် လူနာများ လေးဦးခန့်ရှိသဖြင့် ခုတင်နှစ်လုံးသာ လွတ်လျက်ရှိသည်။ ထို ခုတင်လွတ်နှစ်လုံးတွင်မှ ဟိုဘက်ခြမ်းတွင်ရှိသော ခုတင်တစ်လုံး ပေါ်တွင် လူနာစောင့်တစ်ဦး လှဲအိပ်နေလေသည်။ မစိန်ခင်လည်း အားကျမခံ ကျန်ခုတင်အလွတ်ပေါ်သို့ တက်လှဲရန်ပြင်လိုက်စဉ်–

"ဟို…အစ်…အစ်မ၊ လူနာဘေးက ထိုင်ခုံမှာပဲ လှဲပါလား"

"ဘာ…ဘာဖြစ်လို့လဲ။ လူနာစောင့်တွေ ခုတင်ပေါ်တက်အိပ်လို့မရဘူးလား။ ဟိုဘက်မှာလည်း တစ်ယောက်အိပ်နေတယ်လေ"

မသွယ်သွယ်က ကမန်းကတန်းတားမြစ်သလို ပြောဆိုလိုက်သဖြင့် မစိန်ခင် တအံ့တသြမေးလိုက်မိသည်။ ခုတင်မှာ လူနာမရှိတာတော့ သေချာပါသည်။ အိပ်ရာခင်းကလည်း သန့်သန့်ရှင်းရှင်းရယ်။ ဘယ်လိုအကြောင်းကြောင့် မအိပ်စေချင်ရတာ ပါလိမ့်။ မသွယ်သွယ်က ခုတင်ကိုတစ်လှည့်၊ မစိန်ခင်ကိုတစ်လှည့် ကြည့်ရင်း –

"မဟုတ်ပါဘူး။ ဟို…ဟိုဒင်း"

မသွယ်သွယ်က တစ်စုံတစ်ခုကို ပြောလျှင်ကောင်းမလား မပြောလျှင်ကောင်းမလား ချိန်ဆနေပုံရသည်။ နှုတ်ကတရွရွဖြစ်နေပေမယ့် စကားသံက ထွက်မလာသေး။ နောက်ဆုံး စိတ်ကို ဒုန်းဒုန်းချလိုက်ပြီး -

"ဘာ...ဘာမှ မဟုတ်တော့ပါဘူး အစ်မရယ်၊ အိပ် အိပ်"

မစိန်ခင်လည်း မသွယ်သွယ် မတားမြစ်တော့သည်နှင့် ကျောချင်းဆန့်ကာ လှဲချလိုက်ရင်း ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ခြင်း မပြုတော့ဘဲ တစ်ချိုးတည်း အိပ်ပျော်သွားတော့သည်။

"ဟဲ့...ဩော်၊ ထ...ဆင်း...ဆင်း။ ဒါ...ငါ့ အိပ်ရာ"

မစိန်ခင် ပြူးတူးပြဲတဲဖြင့် လန့်နိုးလာသည်။ နံဘေးသို့ မော့ကြည့်လိုက်တော့ မိန်းမဝဝကြီးတစ်ယောက်။ သူမက မစိန်ခင်ကို ခပ်စိန်းစိန်းကြီး ကြည့်လို့နေသည်။ တစ်ဆက်တည်းမှာပင် သူ့ကိုဆွဲခါလှုပ်ယမ်းရင်း ခုတင်ပေါ်က အတင်းဆင်းခိုင်းနေသည်။

"ရှင်...ဒါ...ဒါ အဒေါ့်အိပ်ရာလား။ ဩော်...ကျွန်မက လူနာမရှိဘူးထင်လို့ တက်အိပ်နေတာ"

မစိန်ခင် အားတုံ့အားနာဖြင့် တောင်းပန်ရင်း စောစောက ဒီခုတင်မှာ လူနာမရှိတာသေချာပါတယ်ဟု တွေးတောနေမိသည်။

"အောင်မာ…ဘာလို့မရှိရမှာလဲ။ ငါ ဒီအိပ်ရာမှာ နေနေတာ ဆေးရုံတစ်ခုလုံးသိတယ်။ နင်သာ သူများအိပ်ရာပေါ် ကို မမေးမစမ်းနဲ့ တက်အိပ်ဦး…ကဲ"

မစိန်ခင် တစ်စုံတစ်ရာ တောင်းပန်လို့မရလိုက်ခင်မှာဘဲ ထိုမိန်းမဝဝကြီးက မစိန်ခင်ကို ခုတင်ပေါ်မှ တွန်းချလိုက်လေသည်။

"အမယ်လေးတော့"

မစိန်ခင် အမှန်တကယ်ပင် ခုတင်ပေါ်မှ တစ်ပတ်လည် ပြုတ်ကျသွားလေတော့သည်။

"ဟယ်…အစ်မ …အစ်မ ဘယ့်နှယ်ဖြစ်တာလဲ"

မသွယ်သွယ်က မစိန်ခင်အနားသို့ ပြေးသွားကာ ဆွဲထူသည်။ နံဘေးခုတင်မှ လူနာစောင့်များလည်း အနားသို့ရောက်လာကြသည်။ မစိန်ခင် နာသွားသော တင်ပါးနှင့်ကျောကို အသာပွတ်ရင်း စောစောက သူမကိုတွန်းချလိုက်သော မိန်းမကြီးကို ရှာဖွေကြည့်မိသည်။

"အယ်တော်…ဟို…ဟို…မိန်းမဝဝကြီးကော၊ ဒီ … ဒီခုတင်ပိုင်ရှင်ဆိုတာလေ။ သူ…သူ အစ်မကို ခုတင်ပေါ်က တွန်းချတာ"

မစိန်ခင်က ကတုန်ကယင်ဖြင့် ပြောလိုက်သည်ကို နံဘေးမှ လူနာစောင့်အမျိုးသမီးငယ်က မစိန်ခင်ကို နားမလည်ဟန်

ဖြင့်ကြည့်ရင်း -

"အာ…အစ်မကလည်း ဘယ်ကမိန်းမကြီးလဲ။ ကျွန်မလည်း မအိပ်သေးပါဘူး။ ဘယ်မိန်းမမှ မလာဘူး။ အစ်မဘာသာလိမ့်ကျတာပါ"

မစိန်ခင်က အထွန့်တက်ဖို့ ကြိုးစားလိုက်သော်လည်း ဘာပြောလို့ပြောရမှန်းမသိ။ မိမိဘာသာ အိပ်မက်မက်ကာ ယောင်ယမ်းခြင်းပေပဲလား။ သို့ပေမဲ့ အိပ်မက်မက်၍ ယောင်ယမ်းလိမ့်ကျတာမျိုး မဟုတ်မှန်း မစိန်ခင် အလိုလိုသိနေပါသည်။ ဒါ…ဒါဆို အဲဒီမိန်းမကြီးက ဘယ်ပျောက်နေပါလိမ့်။

မစိန်ခင်အားလုံးကို တောင်းပန်စကား ပြောဆိုလိုက်ပြီး ထိုခုတင်တွင် မအိပ်ဝံ့တော့၍ အမေ့အိပ်ရာဘေး ထိုင်ခုံလေး၌သာ ထိုင်ငိုက်ရင်း မိုးလင်းသွားတော့သည်။

"အစ်မ…အစ်မ၊ ဟိုမှာ ဆရာဝန်လေးတွေ လာနေပြီ၊ ထတော့"

မသွယ်သွယ် လှုပ်နှိုးလိုက်သဖြင့် မစိန်ခင် ငိုက်နေရာမှ နိုးလာသည်။ မျက်လုံးကို ပွတ်သပ်လိုက်ရင်း နာရီကိုကြည့်လိုက်သည်။ ဩော် …နံနက် ၅ နာရီတောင် ခွဲနေပြီပဲ။ ဆရာဝန်လေးတွေက ထုံးစံအတိုင်း လုပ်ရိုးလုပ်စဉ်ကိုလုပ်ပြီး သက်သာကြောင်း အားပေးစကား ပြောကြပါသည်။ အမေ့မျက်နှာသည်လည်း ညကထက် သိသိသာသာ လန်းဆန်းလျက်ရှိသည်။

"အစ်မရေ …ကျွန်မနဲ့နေ့ဂျူတီလာချိန်းမယ့် လူနာရဲ့ မိသားစုက ၆ နာရီဆို လာကြတော့မှာ။ သူတို့ တော်ကြာနေ ရောက်ကြတော့မယ် ထင်တယ်"

"ဟုတ်လား …အစ်မလည်း ညီမကို ကျေးဇူးတင်ပါ တယ်ကွယ်။ မနက်စာကို အစ်မနဲ့ တစ်ခုခုစားသွားပါလား"

"ရပါတယ် အစ်မရယ်၊ ဒါနဲ့ ကျွန်မမသွားခင် အစ်မကို တစ်ခု ပြောသွားချင်လို့။ ညကတည်းက ပြောချင်နေတာ၊ အစ်မ ကြောက်မှာစိုးလို့"

မသွယ်သွယ်၏စကားကြောင့် မစိန်ခင် ရင်တလှပ်လှပ် ခုန်သွားသည်။ ညက ခုတင်နှင့်ပတ်သက်လေမလားဟု စိတ်ထဲ က တွေးဆကြည့်နေမိသည်။

"အင်း…ပြော ညီမ"

"ဟိုလေ…ညက အစ်မအိပ်သွားတဲ့ ဟိုခုတင်က သရဲခြောက်တယ် အစ်မရဲ့။ ဒီခုတင်မှာ အကြောင်းသိတွေဆို ဘယ်တော့မှ သွားမအိပ်ကြဘူး။ သွားအိပ်တဲ့လူဆိုရင်လည်း ညက အစ်မကြုံခဲ့ရသလို ခုတင်ပေါ်က တွန်းချခံထိတာချည်းပဲ။ ဒါ ကြောင့် ကျွန်မက အစ်မကိုသွားမအိပ်ဖို့တားတာ။ ပွင့်ပွင့်လင်း လင်း ပြောပြရင်လည်း မယုံတဲ့သူဆို ကျွန်မကို အထင်လွဲမှာစိုး လို့။ အကြောင်းစုံ မပြောပြခဲ့တာပါ။ အစ်မ အတော်လန့်သွား မှာပဲနော်"

မသွယ်သွယ်၏အပြောကြောင့် မစိန်ခင်ညက အိပ်မက်လိုလို အဖြစ်အပျက်ကို ပြန်လည်မြင်ယောင်ကြည့်မိသည်။ ဒါဒါခုတင်ဆိုပြီး တွန်းချလိုက်သည့် မိန်းမဝဝကြီး။ ဒါ…ဒါဆိုဒါ သရဲခြောက်ခံထိတာပေါ့။

"ဟို …ဒါ …ဒါဆို အဲဒီ မိန်းမဝဝကြီးက သရဲပေါ့။ ဟုတ်…ဟုတ်လား"

"ကျွန်မကတော့ တစ်ခါမှ သွားမအိပ်ဖူးလို့ မသိပေမယ့် အခြောက်ခံရတဲ့လူတွေ ပြောပြတာတော့ မိန်းမဝဝကြီးတစ်ယောက်က တွန်းချတာတဲ့။ အဲဒီ မိန်းမကြီးကို ကျွန်မတောင်လာစောင့်ပေးလိုက်ရသေးတယ်။ သွေးတိုးရောဂါနဲ့ ဆေးရုံလာတက်ရင်း မတည့်တာတွေခိုးစားပြီး အဲဒီခုတင်ပေါ်မှာပဲ ဆုံးသွားရှာတာ။ သေခါနီး မတွယ်တာသင့်တာကို တွယ်တာမိသွားတယ်ထင်ပါရဲ့ အစ်မရယ်။ ဟော …ဟိုမှာ လူနာရှင်လာပြီ။ ကျွန်မသွားတော့မယ်နော်"

မသွယ်သွယ် နှုတ်ဆက်သည်ကို မစိန်ခင်က အပြုံးဖြင့် တုံ့ပြန်ရင်း အတွေးနယ်ချဲ့နေမိသည်။ ဩော် …တကယ်တော့ မတွယ်တာသင့်တာကို တွယ်တာနေတဲ့ ဒီမိန်းမကြီးဟာ အတော်သနားစရာကောင်းပါလား။ ဒါထက် ဘာမဟုတ်တဲ့ ကိုယ့်ထက်နိမ့်ကျတဲ့ ပရလောကသားတွေကို ကြောက်လန့်နေမိတဲ့ငါကပိုတောင်သနားစရာ ကောင်းနေပါလားဟု ဆင်ခြင်မိ၍ မစိန်ခင်

ရှက်ရွံ့လာမိသည်။ ထို့နောက် တရားအသိတစ်ခုကို နှလုံးသွင်းမိတာကြောင့် မစိန်ခင်၏ရင်ထဲ၌ ပီတိရေယဉ်လေးတစ်ခု စီးဆင်းသွားသလို ခံစားလိုက်ရ၏။

မစိန်ခင် အရှေ့အရပ်ကို မှန်းဆကာ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို ရည်စူးပြီး လက်အုပ်ချီမိုး ရှိခိုးပူဇော်လိုက်သည်။ သရဏဂုံများကို ရွတ်ဆိုပွားများလိုက်သည်။ ငါးပါးသီလကို ခံယူ ဆောက်တည်ပြီး မကျန်းမာသော မိခင်ကြီးကို ရည်မှန်းကာ မေတ္တာပို့သသည်။ ၃၁ ဘုံကျင်လည်ကုန်သော သတ္တဝါအပေါင်းကို မေတ္တာပို့သသည်။ ထို့နောက် ဤအခန်းတွင်း ခုတင်တစ်လုံးကို တွယ်တာလျက် မကျွတ်လွတ်သေးသော ထိုမိန်းမကြီးအပါအဝင် အလုံးစုံသော သတ္တဝါအပေါင်းကို အမျှပေးဝေလိုက်သည့်နောက် အခန်းတွင်းမှ တစ်စုံတစ်ဦး ထွက်ခွာသွားသည့်အလားလေနုအေးများ တိုက်ခတ်သွားသည်ကို အခန်းတွင်းရှိ လူနာစောင့်အားလုံး ခံစားမိလိုက်ရပါတော့သည်။

ဂါဦးနွန်းကို



# အပမှီခဲ့သော အရုပ်ကလေး

ဂါဦးနွန်းကို

ယခင်တုန်းကလည်း အပမှီခြင်းနှင့်စပ်လျဉ်းသော တစ်ဆင့်ပြော အဖြစ်အပျက် အကြောင်းအရာတချို့ကို ရေးသားခဲ့ဖူးပါသည်။ မိမိကိုယ်တိုင် မကြုံတွေ့ဖူးခဲ့ပါက ထိုသို့သော အဖြစ်အပျက်များကို အမှန်တကယ် ဖြစ်ပွားနိုင်သည်ဟူ၍ ယုံကြည်မိလိမ့်မည် မထင်ပါ။ "ပြောမှယုံ၊ ကြုံဖူးမှသိ" ဆိုသည့်အတိုင်း

ကိုယ်တိုင် နဖူးတွေ့၊ ဒူးတွေ့ဆုံလိုက်တော့မှပဲ တတွတ်တွတ်ရွတ်ဆိုနေကျဖြစ်၍ အလွတ်ရနေသော သမ္ဗုဒ္ဓေဂါထာတော်ကိုပင် ဖြောင့်အောင် မဆိုနိုင်တော့၍ ဘုရား …ဘုရားဟူ၍သာ ရေရွတ်ခဲ့ရသည့်အဖြစ်ကို ယခုထက်တိုင် မှတ်မိနေပါသေးသည်။ ထို အပမှီသော အရုပ်ကလေးအကြောင်း ပြန်ပြောင်းတွေးပြီး ရေးရမည်ဆိုပါလျှင် လွန်ခဲ့သော ၁၀ နှစ်ဝန်းကျင်သို့ သမင်လည်ပြန် ငေးကြည့်ရမည်သာ ဖြစ်ပါတော့၏။

ထိုစဉ်က ကျွန်မ၏အသက်မှာ ၁၀ နှစ်ဝန်းကျင်သာ ရှိသေးသည်။ မိသားစုထဲတွင် အငယ်ဆုံး သမီးကလေးမို့ ထို အရွယ်သို့ ရောက်သည့်တိုင် ဟိုဟာ သည်ဟာ စိတ်မဝင်စားနိုင်သဲ ကလေးတစ်ယောက်လို ဘဝကိုကုန်ဆုံးနေသည့်အချိန်။ အသက်က ၁၀ နှစ်ဖြစ်၍ ငါးတန်းတက်ရန် ပြင်ဆင်နေသည့်ကာလဖြစ်၏။ ၂၁ ရာစု၏ ခေတ်ကာလသမီးပျိုပီပီ မြန်မာပြည်၏ပညာရေးစနစ်နှင့် လျော်ညီမှုရှိစေရန်အတွက် ကြိုတင်ဘွတ်ကင်ဆွဲကာ ကျူရှင်တက်နေရသော ကာလလည်း ဖြစ်သည်။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် ကျွန်မကစာကျက်ပျင်းသော ကလေးမလေး။ စာကျက်သည်ထက် စာဖတ်သည်ကိုပို၍ အားသန်ပြီး ပျင်းရိသည့်အခါတိုင်း အရုပ်မလေးများနှင့်ဆော့ကစားကာ အချိန်ဖြုန်းနေတတ်သည်။ ထိုစဉ်က ကျွန်မ၏မိဘနှစ်ပါးမှာ ငွေကြေးပြည့်စုံခြင်းမရှိ၍ ကျွန်မအတွက် အရုပ်အမျိုးမျိုး

လက်ဆောင်ဝယ်ပေးနိုင်ခြင်း မရှိသောကြောင့် ကျွန်မမှာ ရှိရင်းစွဲ အရုပ်ကလေးများနှင့်သာ ဆော့ကစားနေခဲ့ရသည်။

ကျွန်မ၌ အရုပ်များများစားစား မရှိပါ။ သုံးနှစ်သမီး ကတည်းက လက်ဆောင်ရထားခဲ့သော မွေးကင်းစ ကလေးတစ်ယောက် အရွယ်ရှိ ကော်ပတ်ရုပ်မလေးနှင့် ၉ နှစ်ပြည့်မွေးနေ့တုန်းက ဦးလေးတစ်ယောက် လက်ဆောင်ဝယ်ပေးခဲ့သော "အမြွာနှစ်ယောက်"အမည်ရ ပုပုသေးသေး ကော်ပတ်ရုပ်မလေးတို့သာ ရှိ၏။ အရုပ်က စုစုပေါင်း သုံးရုပ်ဖြစ်သော်လည်း ပထမဆုံးအရုပ်က အရုပ်ဟုပင် အမည်မပေးနိုင်လောက်အောင် အချိန်ကြာညောင်းခဲ့မှုကြောင့် အနည်းငယ် ဟောင်းနွမ်းနေရုံမက ကျွန်မငယ်စဉ်က လက်သည်းနီများဖြင့် လက်စွမ်းပြထားမိ၍ အရုပ်မလေး၏ မျက်နှာပြင်တစ်ခုလုံး နီရဲတွတ်ကာ ရုပ်ဆိုးနေသည်။

နာမည်ကြီးလှသည့် နိုင်ငံခြားရုပ်ရှင်ကားတစ်ကားဖြစ်သော Conjuring ဇာတ်ကားထဲက နတ်ဆိုးပူးနေသည့် အရုပ်မလေးကမှ ကျွန်မ၏ဘိုမထက် ရုပ်လှပါသေးသည်။ ကျွန်မ၏ဘိုမရုပ်က မျက်နှာပြင်တွင် လက်သည်းနီတို့ ရဲနေရုံသာမက၊ ခေါင်းတွင်လည်း ဆံပင်မွေးများက ကျိုးတိုးကျဲတဲ။ ထိုသို့ဖြစ်အောင်လည်း ကျွန်မကပဲ (မသိနားမလည်သည့် အရွယ်တုန်းက) ကတ်ကြေးတစ်လက်နှင့် လက်စောင်းထက်ထားခဲ့လေတော့ နဂိုချောလှသည့် အရုပ်မလေးခမျာ ကြည့်ရက်စရာမရှိ။ သို့သော်လည်း

ထိုရုပ်ဆိုးမလေးကို ကျွန်မ မပစ်ရက်ပါ။ ထိုအရုပ်လေးက ကျွန်မ ၏ဖခင် ပညာတော်သင်သွားစဉ်က နိုင်ငံခြားမှ (ရှိစုမဲ့စုကြား ဖခင်၏မေတ္တာ၊ စေတနာတို့နှင့်) ဝယ်ယူလာခဲ့သော အရုပ်လေး တစ်ရုပ်ဖြစ်၍ အမှတ်တရအနေနှင့် အမြတ်တနိုး ထိန်းသိမ်းထား ခြင်းဖြစ်သည်။ သို့သော်လည်း ထိုမြတ်နိုးတန်ဖိုးထားသည့်စိတ်က အရုပ်မလေးကို အပမမှီခင်ကသာ နှလုံးအိမ်ထဲတွင် တည်ရှိနေခဲ့ ခြင်း ဖြစ်ပါ၏။

ကျွန်မ၏ ကစားပုံ၊ ကစားနည်းကို ရှင်းလင်းရပေဦး မည်။ ကျွန်မက ၁၀ နှစ်သမီးဖြစ်၍ အရုပ်လေးများကို နားကြပ် သေးသေးလေးနှင့် ဟိုစမ်း၊ သည်စမ်းလုပ်ရင်း "နေကောင်းသွား မှာပါ၊ ဆေးသောက်"ဟုဆိုပြီး ဆရာဝန်အိုက်တင်ဖမ်းကာ ဆော့ ကစားခြင်းမျိုး မဟုတ်ပါ။ ကျွန်မကိုယ်တိုင်လည်း သွေးအလွန် ကြောက်တတ်သောကြောင့် ဆရာဝန်ဖြစ်ချင်သော စိတ်ကူးမျိုး ငယ်စဉ်ကတည်းက မရှိခဲ့ပေ။ ကျွန်မဆော့ပုံဆော့နည်းက အရုပ်မ လေးများကို အဝတ်အစားချုပ်ပေးခြင်း၊ အလှပြင်ပေးခြင်း၊ ခေါင်းဖြီးပေးခြင်းနှင့် တစ်ခါတစ်ရံ အထီးကျန်သည့်အခါ သူတို့ လေးတွေကို သက်ရှိပမာ သဘောထားကာ စကားပြောခြင်းတို့ ဖြစ်ပါသည်။

အပမှီသည့်အကြောင်းကို ဦးတည်ပြောရသော ဇာတ် လမ်းဖြစ်တည်မည့် အစဆီသို့ ကျွန်မတို့သွားရောက် ကြည့်ရှုရ

သိမ့်မည်။ အပမှီခြင်း၏ သဘောသဘာဝမှာ ပြင်ပမှ မမြင်အပ်သော တစ်စုံတစ်ယောက်၏ မှီတွယ်ခြင်း ခံရသည်ကို ဆိုလိုဟန်ဘူပါသည်။ သို့ကြောင့် ထိုအရုပ်ကလေးကသာ အိမ်တွင်းပုန်းလုပ်နေပါက အပမှီစရာအကြောင်းမရှိ။ သို့သော် ထိုနေ့က ကျွန်မကိုယ်တိုင် ကျူရှင်အိမ်ဆီသို့ အရုပ်ကလေးကို သယ်သွားမိခဲ့ခြင်းဖြစ်၏။

× × ×

"ဟယ်…ပါလာပြီဟေ့။ ဖြူဖြူရဲ့ ဘိုမရုပ်လေးက ရုပ်ဆိုးချက်ကွာ"

"အေးဟယ်…မျက်နှာကလည်း နီရဲနေရော။ ကေကလည်း ခေါင်းတုံးဆံပင်ပေါက်အတိုင်းပဲ။ ဆိုးလိုက်တာဟယ်"

"ဟွန်း…နင်တို့ကလည်း သူများအရုပ်ကိုများ မှိုချိုးမျှစ်ချိုး ပြောနေလိုက်ကြတာ။ နင်တို့မှာရော ဒီလောက်ကြီးတဲ့အရုပ်မျိုး ရှိလို့လား။ ဒါက နယ်နယ်ရရ မဟုတ်ဘူးနော်။ နိုင်ငံခြားက ပါလာတဲ့ ဘိုမရုပ်အစစ်"

သူငယ်ချင်းများ၏ ဝေဖန်စကားကို ကျွန်မက ခပ်ကြွားကြွားလေး ချေပလိုက်တော့ သူတို့တစ်တွေ ပါးစပ်ပိတ်သွားကြသည်။ ကျွန်မ၏ မြောက်ကြွကြွအပြောလေးကို ကျူရှင်ဆရာမ ဒေါ်သီတာ၏မိခင် ဘွားမေသန့်က သဘောကျသွားဟန်ဖြင့် တဟင်းဟင်းရယ်မောရင်း ကျွန်မလက်ထဲက အရုပ်ကလေးကို

လှမ်းယူလိုက်၏။

"အံမယ်…ပွင့်ဖြူလေးရဲ့ ဘိုမက ရုပ်ဆိုးတာမဟုတ်ပါဘူး။ ဒါ အင်္ဂလိပ်ချောချောတာလို့ ခေါ်တယ်။ အသားနီတာရဲလေးနဲ့"

"ဘွားမေ…သမီးရဲ့ဘိုမလေးကို အင်္ကျီလှလှလေးချုပ်ပေးနော်"

"အမလေး…စိတ်ချ၊ အခုပဲ ချုပ်ပေးလိုက်မယ်။ ဘွားမေမှာ အဝတ်စ ပိုတာတွေရှိတယ်။ ဂါဝန်လှလှလေး ချုပ်ပေးမှာ။ သမီးသာ စာသေချာသင်"

"ဟုတ်ကဲ့ …ဘွားမေ"

ဘွားမေ၏ကတိစကားကြောင့် ကျွန်မပျော်ရွှင်သွားခဲ့ရပြီ။

ယခင်က ဘွားမေသန့်သည် အပ်ချုပ်ဆိုင် ဖွင့်ထားသူဖြစ်သဖြင့် သူမတွင် အပ်ထည်များမှ ပိုလျှံသော အစပိုများရှိနေသည်။ ဟိုတစ်စ၊ သည်တစ်စမှ ပိုလျှံ၍ ကျန်နေခဲ့ခြင်းဖြစ်သည်ကြောင့် အနည်းအများ မတူသလို၊ အရောင်အသွေးလည်း မတူပေ။ နောက်ပြီး ပိုလျှံသော အစများက နောက် တစ်ယောက်စာလည်း ချုပ်မရသဖြင့် အလဟဿ ဖြစ်နေလေရာ ဘွားမေသန့်က ထိုအစပိုများကို ကျွန်မတို့လို ကလေးများအတွက် အသုံးချပေးရန် စဉ်းစားခဲ့သည်။ ကလေးတွေအတွက် အဝတ်ချုပ်ပေးရန် မဖြစ်နိုင်သော်လည်း အဝတ်ရုပ်လေးများ ချုပ်ပေးခဲ့ရာ ကျွန်မတို့မှာ အလွန်

သဘောကျကြသည်။ ထိုအထဲကမှ ပိုကဲလိုသော ကျွန်မက ကျွန်မ ၏ဘိုမရုပ်လေးကို အင်္ကျီချုပ်ပေးရန် တောင်းဆိုခဲ့သည်။ ကျွန်မတို့ အပေါ် ချစ်ခင်နေသော ဘွားမေသန့်က မငြင်းပါ။ အရုပ်မကို ယူလာခဲ့ဖို့မှာ၍ ယခုကဲ့သို့ သယ်လာခဲ့ရခြင်းဖြစ်သည်။

"ကဲ...ရော့ သမီးပွင့်ဖြူ၊ သမီးရဲ့ဘိုမလေး လှမသွားဘူးလား"

ကျူရှင်ဆင်းသည့် ညနေစောင်းအခါတွင် သူငယ်ချင်းများနှင့် စကားတွတ်ထိုးနေသည့် ကျွန်မက အရုပ်မလေးကိုပင် မေ့နေကာ အိမ်ပေါ်မှဆင်းလာခဲ့သည့်အခိုက် ဘွားမေသန့်က ခပ်သုတ်သုတ်လိုက်လာပြီး အရုပ်မလေးကို ကျွန်မလက်ထဲသို့ ထိုးပေးခဲ့သည်။

"ဟယ်...လှလိုက်တာ ဘွားမေရယ်၊ ဒီလောက်ခဏလေးကို ဘွားမေ ဘယ်လိုချုပ်လိုက်တာလဲ။ သမီးက မနက်ဖြန်မှ ရမယ်ထင်နေတာ"

"အမလေး ...သမီးရယ်၊ အရင်ကဆို ဘွားမေက လူတွေအတွက် အဝတ်အစားချုပ်ပေးခဲ့သူပါ။ ဒီအရုပ်မလေး အရွယ်လောက်တော့ ခဏလေး ပြီးတာပေါ့။ ကဲ ...ဘယ့်နှယ့် သဘောမကျဘူးလား"

"သဘောကျတာပေါ့ ဘွားမေရ။ သမီးရဲ့ရုပ်ဆိုးဆိုး ဘိုမတောင် ပိုချောသွားပြီ...ဟိဟိ"

"ကဲ…ကဲ၊ မိုးတောင်ချုပ်တော့မယ်။ အိမ်ကို တန်းတန်းမတ်မတ် ပြန်ကြတော့"

"ဟုတ်ကဲ့ပါ…ဘွားမေ"၊

ဂါဝန်စိမ်းဖန့်ဖန့်လေးနှင့် အမြင်ဆန်းသစ်နေသည့် ဘိုမရုပ်လေးကို စက်ဘီးခြင်းတောင်းထဲသို့ထည့်ကာ သုံးယောက်သား လမ်းလျှောက်လာခဲ့ကြသည်။ သုံးယောက်သားဆိုသည်မှာ ကျွန်မနှင့် ကျွန်မ၏သူငယ်ချင်းများဖြစ်သော ယုဝေနှင့်ခန့်လွင်။ သူတို့နှစ်ဦးက စက်ဘီးပါမလာကြ၍ ကျွန်မကပါလာသော စက်ဘီးကို တွန်းကာ သူတို့နှင့်အတူ လမ်းလျှောက်နေခြင်းဖြစ်သည်။ ဘွားမေက အိမ်ကိုတန်းတန်းမတ်မတ်ပြန်ဟု မှာသည်က အကြောင်းမဲ့မဟုတ်။ ကျွန်မတို့ ကလေးတစ်အုပ်ကလည်း ကျွန်မတို့ပါပဲ။ ကျူရှင်ဆင်းချိန်ဆို အိမ်သို့ချက်ချင်း မပြန်ဘဲ ကျူရှင်ရှေ့ တောင်ကုန်းကမူတစ်ဖက်က မြက်တောထဲတွင် တူတူပုန်းတမ်း ကစားကြသေးသည်။

ကလေးတစ်ရပ်နီးပါး ရှည်လျားမြင့်မားသော မြက်တောကြီးထဲတွင် မြွေမကြောက်၊ ကင်းမကြောက် ပြေးလွှားဆော့ကစားကြသည်။ ပြေးရင်း၊ လွှားရင်း ချွေးသံတို့တရွှဲရွှဲဖြင့် နေလုံးပျောက်သည့်အခါမှ ကျွန်မတို့ သုံးယောက် အိမ်ပြန်ကြသည်။ ယနေ့တော့ ကျွန်မအိမ်သို့ စောစောပြန်ချင်လှပြီ။ ဘိုမ၏ဂါဝန်ကို မိဘများမြင်အောင် ပြချင်လှပြီ။ သို့ကြောင့် -

"ဟဲ့ ...ဒီနေ့တော့ မဆော့နဲ့တော့ဟာ။ စောပြန်ကြစို့"

ဟု ကျွန်မက နှိုးဆော်လိုက်ပေမယ့် ယုဝေနှင့် ခန့်လွင်က လက်မခံ။

"အာ...မပြန်ပေါင်။ ငါတို့ဆော့ကြဦးမယ်လေ"

"အေးလေဟာ...ညနေတိုင်းဆော့နေကျကို"

"ဟယ်...နင်တို့ကလည်း ဒီနေ့က အရင်နေ့တွေနဲ့ မတူဘူးလေ။ ငါ့ဘိုမရဲ့ဂါဝန်ကို မေကြီးတို့၊ ဖေကြီးတို့မြင်အောင် ပြချင်လို့ဟ"

"ဩော်...နင်က နင့်မှာဘိုမရုပ်ကြီး ရှိတယ်ဆိုတာနဲ့ ငါတို့ကို အဖက်မလုပ်တော့ဘူး ဆိုပါတော့"

"ဟာ...အဲဒီလိုတော့ ဘယ်ဟုတ်မလဲ။ နင်တို့နဲ့ ဘိုမကို နှိုင်းလို့ဘယ်ရပါ့မလဲ"

"မယုံဘူးဟာ။ နင်ပြန်ရင် ငါတို့ကတော့ အဲဒီလို သဘောထားမှာပဲ။ နင့်ကို မခေါ်ဘဲနေမှာ။ ဟုတ်တယ်နော် ယု"

"အေး ...ခန့်လွင်ပြောတာ ဟုတ်တယ်"

အဆိုးဆုံးက မိန်းကလေးနှစ်ယောက်နှင့်ဝင် ယှဉ်ပြိုင်နိုင်လောက်အောင် အငြင်းသန်သော ခန့်လွင်။ ယခုလည်း ယောက်ျားလေးတန်မဲ့ စကားနာထိုးနေပြန်ရာ ကျွန်မလည်း သူတို့ကို လိုက်လျှောလိုက်ရသည်။ စိတ်မပါ၊ လက်မပါဆိုပေမယ့် သူတို့နှစ်ဦးနှင့်အတူ ကမ္ဘာတစ်ဖက်ရှိ မြက်ချုံတောထဲတွင် တူတူပုန်းတမ်း

ကစားလိုက်ကြတာ မည်မျှကြာသွားသည်မသိ။ နေဝန်းကြီး လုံးလုံးပျောက်၍ အလင်းရောင်မှုန်ပျပျသာ ကျန်ရှိတော့မှပဲ အိမ်ပြန်ရန်သတိရတော့၏။

“ဟဲ့…ကောင်မတို့၊ ဟိုမှာ နေမရှိတော့ဘူး”

“အဲဒါ မသိဘူးလား။ အနောက်နိုင်ငံတွေကို ခရီးထွက်သွားတာလေ။ နင်ကလည်း အ,ပါ”

“ဩော် …ယုရယ်၊ ငါက နေမရှိတော့ဘူး။ မိဘတွေ စိတ်ပူနေတော့မယ့်အကြောင်း ပြောတာ”

“အေး…ဟုတ်သားပဲ။ တို့ပြန်ကြစို့ ခန့်လွင်”

ထိုအခါမှ သုံးယောက်သား ဒရောသောပါး အိမ်ပြန်လာခဲ့ကြသည်။

ခန့်လွင်၏အိမ်က အနီးဆုံးဖြစ်၍ ငါးမိနစ်ခန့် လျှောက်လာပြီးနောက် သူ့အိမ်ရှေ့သို့ရောက်၏။ ခန့်လွင်၏အမေက စိတ်ပူနေပြီး အိမ်ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကာ ခန့်လွင်ကို မျှော်နေသည်။

“ဟယ်…သားရယ်၊ နောက်ကျလိုက်တာ။ ခုပဲ သားဖေဖေ လာကြိုတော့မလို့”

“ဟိုကောင်မလေးတွေပေါ့ မေမေရယ်၊ သားကပြန်ပါမယ်ဆိုတာကို မပြန်ခိုင်းဘဲ အတင်းဆော့ခိုင်းနေလို့”

ခန့်လွင်က သူ့အပြစ်ကို သူများအပြစ်ဖြစ်အောင်လုပ်ပြီ။

ဤသည်က သူ့အကျင့်ဖြစ်နေ၍ ကျွန်မတို့လည်း ရှင်းပြမနေတော့ဘဲ သူ့ကိုသာ လက်သီးထောင်ပြပြီး ဆက်လျှောက်လာခဲ့ကြသည်။ ခန့်လွင်၏အမေကတော့ သူ့သားအကြောင်း ကောင်းကောင်းသိသောကြောင့် မည်သူမည်ဝါကိုမျှ အပြစ်တင်မနေဘဲ ပြုံးလျက်နှင့် သားပခုံးကိုဖက်ကာ အိမ်ထဲသို့ဝင်သွားလေ၏။

ယုဝေနှင့်ကျွန်မ၏ အိမ်က အကွာအဝေး အတူတူဟုပင် ဆို၍ရမည်။ လမ်းလေးခုဆုံ နေရာသို့ရောက်သည့်အခါ ဘယ်ဘက်လမ်းထဲသို့ ကွေ့ဝင်သွားရပြီး ယုဝေကတော့ သူ့အိမ်တည်ရာ ညာဘက်လမ်းထဲသို့ ချိုးကွေ့သွားရသည်။ ကွေ့ဝင်ပြီး မကြာ၊ အိမ်ရှေ့သို့ ရောက်ရှိသွားမည်သာ ဖြစ်သည်။ နေရောင်က မှုန်ဖျော့ဖျော့သာ ကျန်တော့သည်။ လမ်းလေးခွသို့ ရောက်နေပြီမို့ သူငယ်ချင်းနှစ်ယောက် တစ်နေ့တာအတွက် ခွဲခွာနှုတ်ဆက်ရတော့မည်။

"ကောင်မရေ…မနက်ဖြန်မှ တွေ့ကြမယ်"

"အေး…ယု၊ တာ့တာ"

နှစ်ဦးသား တစ်ပြိုင်နက်ဆိုသလို ကျောခိုင်းလိုက်ကြပြီး လမ်းထဲသို့ အသီးသီးဝင်ရောက်လာလိုက်၏။ ဤသည်မှာ နေ့စဉ်နိစ္စဓူဝ အဖြစ်အပျက်ဖြစ်၍ ကျွန်မတို့သူငယ်ချင်းနှစ်ယောက်အဖို့ အဆန်းတကြယ်မဟုတ်။ သို့သော် ယနေ့ကျမှ ယုဝေက မည်သို့ စိတ်ကူးပေါက်သည်မသိ နှစ်ယောက်သား ကျောခိုင်းပြီး ခြေနှစ်လှမ်းလောက် လှမ်းရုံရှိသေး -

"ဟဲ့…အမလေး ပွင့်ဖြူ နင့်နောက်မှာ သရဲ…သရဲ"

ဟု လှမ်းအော်လိုက်၍ ကျွန်မမှာ ကြက်သီးတဖြန်းဖြန်း ထကာ တစ်ကိုယ်လုံးတောင် ဆတ်ခနဲတုန်သွားပြီး နောက်ဘက်သို့ အလန့်တကြား လှည့်ကြည့်မိသည်။ မြင်တွေ့လိုက်ရတာတော့ ပြုံးဖြီးဖြီးကြီး ရယ်နေသည့် မိယုဝေ။

"ဟဲ့…ဘယ်မှာတုံး သရဲ"

"ဟီးဟီး…ညည်းကို စတာပါ ယောက်မရယ်၊ ညည်းက သရဲကြောက်တတ်သလား"

"ဟဲ့…မကြောက်ဘဲ နေမလား။ ဒီမှာ ကြက်သီးတွေတောင် ထကုန်ပြီ"

"ဟီး ဟီး …သိဘူးလေ၊ ညည်းအရုပ်မက သရဲထက်တောင် ကြောက်စရာကောင်းသေးတော့ ညည်းသရဲမကြောက်တတ်တော့ဘူးလို့ ထင်နေတာ"

"အရှုးမ…တော်ပြီ။ နင့်ကိုငါ မခေါ်တော့ဘူး"

"ဟီး…ဟီး…"

ကျွန်မက စိတ်တိုတိုဖြင့် ယုဝေကိုဆဲဆိုပြီး ဆတ်တောက်ဆတ်တောက်နှင့် ထွက်လာခဲ့၏။ ယုဝေကတော့ ကျွန်မစိတ်ဆိုးသွားသည့်ပုံစံကိုကြည့်ပြီး တဟီးဟီးလှောင်ရယ်နေတုန်း။

× × ×

ကျွန်မတွင် အစ်မနှစ်ယောက် ရှိသည့်အကြောင်း ထည့်

ပြောရန် မေ့ခဲ့သည်။ ကျွန်မက မွေးချင်းထဲတွင် အငယ်ဆုံးဖြစ်ပြီး ကျွန်မအထက်တွင် ရှစ်နှစ်/ ခြောက်နှစ်ကွာသည့် အစ်မနှစ်ယောက်ရှိ၏။ ထိုစဉ်က ကျွန်မ၏အစ်မကြီးမှာ ၁၈ နှစ်ခန့်ရှိနေပြီဖြစ်၍ သူမနှင့်အသက်အတော်ကွာသော ကလေးသာသာညီမငယ်နှင့် ရောနှောပတ်သက်ခြင်း သိပ်မရှိတော့သဖြင့် ကျွန်မမှာ အစ်မလတ်နှင့်သာ တဒူးဒူး တွဲဖြစ်ခဲ့ကြသည်။ အထူးသဖြင့် ကြောက်တတ်သော ကျွန်မ၏အကျင့်ကြောင့် အသက် ၁၆ နှစ်ရှိပြီဖြစ်သော အစ်မလတ်ခမျာ တစ်ကိုယ်တည်း အိပ်စက်ခွင့်မရ။ ကျွန်မနှင့်အတူ လာအိပ်ပေးရသည်။

ကျူရှင်မှအပြန် အိမ်သို့ရောက်သည့်အခါ ကျွန်မမှာ ခေါင်းကိုက်ခြင်းဝေဒနာကို ရုတ်ခြည်းခံစားလာရသည်။ စောစောက မကျီစယ်စဖူး ကျီစယ်လိုက်သော သူငယ်ချင်းမ ယုဝေကြောင့် စိတ်လှုပ်ရှားကာ ခေါင်းကိုက်သွားခြင်း ဖြစ်မည်ဟု တွေးမိကာ ယုဝေအပေါ် ဒေါသထွက်မိသည်။ ခေါင်းကိုက်နေ၍ အရုပ်မ၏ ဂါဝန်လှလှကိုလည်း မိဘများမြင်အောင် မပြဖြစ်တော့ဘဲ ရှိုးကေ့စ်ထဲ ထိုးထည့်ကာ အမေတိုက်သည့် အင်္ဂလိပ်ဆေးကို သောက်ပြီး စောစီးစွာအိပ်ရာဝင်ခဲ့၏။

× × ×

“ဟေး…ပွင့်ဖြူ၊ ဟေး…ပွင့်ဖြူ”

အသံက တိုးတစ်လှည့်၊ ကျယ်တစ်ခါ ကြားနေရသဖြင့်

ကျွန်မလည်း အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့သည်။ နိုးနိုးချင်း မျက်လုံးများကို ဖွင့်လိုက်တော့ ပတ်ဝန်းကျင်က မှောင်မည်းနေသည်။ အသံဗလံတို့ တိတ်ဆိတ်နေသည်။ ရုတ်တရက် ကြောင်စီစီနှင့် ငါဘယ်ကိုရောက်နေပါလိမ့်ဟု တွေးလိုက်မိသေး။ ဪ ငါ့အိမ်မှာပဲဟု သတိရလိုက်မှ ဘာကြောင့်မှန်းမသိ တစ်ကိုယ်လုံး စိမ့်ခနဲဖြစ်ကာ ကြက်သီးမွေးညင်းများ ထသွား၏။ ထိုစဉ် -

"ဟေး...ပွင့်ဖြူ၊ ဟေး...ပွင့်ဖြူ"

ဆိုသော ကွဲအက်အက်အသံကို တိုးတိုးညင်းညင်း ကြားလိုက်ရ၍ ကျွန်မမျက်လုံး ပြူးသွားခဲ့ရသည်။ စောစောကလည်း ထိုအသံကြောင့်ပဲ လန့်နိုးလာခဲ့သည် မဟုတ်လား။ ဘယ်သူဘယ်ဝါ၏ အသံပါလိမ့်။ ဘယ်သူကများ **မိမိကိုခေါ်နေပါလိမ့်ဟု** တွေးကာ နားစွင့်လိုက်မိသည့်အခိုက် **အသံက** စောစောကထက်ပို၍ ကျယ်လောင်လာသည်။

"ဟေး...ပွင့်ဖြူ၊ ဟေး...**ပွင့်ဖြူ**"

ဘယ်သူများလဲ။ တစ်**ဖက်ခန်းမှ မိဘများ၏**ယောင်ယမ်းသံလားဟု တွေးမိပေမယ့် ထိုအတွေးမှာ အဖြစ်မှန်မဟုတ်ကြောင်း ကိုယ့်ဘာသာကိုယ် အသိဆုံး။ မနက်မိုးလင်း မအေ ဖင်ပုတ်နှိုးမှ ထတတ်သည့်ကလေးက ထိုအသံ မတိုးမကျယ်ကြောင့် ဖြန်းခနဲ လန့်နိုးလာရုံမက၊ ကြောက်စိတ်တို့ဝင်ကာ ကြက်သီးတဖြန်းဖြန်း ထနေခြင်းမှာ သွေးရိုးသားရိုး မဖြစ်နိုင်။ ထို့ကြောင့် ခေါ်သံကြား

ပေမယ့် အသံမပြုသေးဘဲ အသံပျောက်သွားချိန်အထိ တိတ်တိတ်ကလေး စောင့်ကြည့်နေမိသည်။ သို့သော်အသံက ပျောက်မသွားသည့်အပြင် တစ်စထက်တစ်စ တိုး၍ပင်ဆိုးလာသေး။

"ဟေး…ပွင့်ဖြူ၊ ဟေး…ပွင့်ဖြူ"

ဤတစ်ကြိမ်တွင် အသံမှာ သာမန်မကဘဲ အာခေါင်ခြစ်အော်နေသကဲ့သို့ ဆူညံစွာထွက်ပေါ်လာခြင်းဖြစ်ရာ ကျွန်မမှာနေစရာမရှိတော့အောင် ထိတ်လန့်လာရသည်။ တော်ပါသေး၏။ နံဘေးတွင် အစ်မလတ်ရှိနေ၍သာ စိတ်သက်သာတော့၏။ နို့မို့သာဆိုလျှင် ထိုနေရာ၌ပင် ကြောက်စိတ်ကြောင့် ကျွန်မအသက်ထွက်သွားနိုင်သည်။ အသံက ကျယ်လောင်ရုံမက ဖော်ပြရခက်လောက်အောင် ဝိညာဉ်အော်သံအလား ကွဲအက်အက်၊ ပြာတာတာနှင့် ရင်ခေါင်းသံကြီး။ ဘယ်သူဘယ်ဝါမှန်း မသိပေမယ့် ကျွန်မထူးလည်း မထူးရဲ၊ အပြင်လည်း ထွက်မကြည့်ရဲသဖြင့် အစ်မလတ်ကိုသာ ဖက်ကာကြိတ်ငိုနေမိသည်။ ခေါ်သံနက်ကြီးကအိမ်ပွင့်ထွက်မတတ် ကျယ်လောင်နေပေမယ့် မည်သူတစ်ဦးတစ်ယောက်မျှ လန့်နိုးခြင်း မရှိသည်ကတော့ အံ့အားသင့်စရာ။

"ဟေး…ပွင့်ဖြူ၊ ဟေး…ပွင့်ဖြူ၊ လာ…ဆော့မယ်လေ။ လာ…ဆော့ကြတာပေါ့"

အသံက သာ၍ဆိုးလာပြီ။ အစတွင် နာမည်ခေါ်ရုံဖြစ်သော်လည်း ယခုတော့ အပြင်ထွက်လာကာ သူနှင့်ဆော့ရန်ပါ

တောင်းဆိုနေပြီး ရပ်နားခြင်းမရှိဘဲ ဆက်တိုက်ထွက်ပေါ်လေနေရာ ကျွန်မမှာ စိတ်မခိုင်ဘဲ ထွက်သွားမိရင် ဒုက္ခပဲဟု တွေးမိပြီး အစ်မလတ်ကို ဖွတ်အတင်းလှုပ်ရမ်းကာ အားကိုးရှာမိသော်လည်း သူမက တုတ်တုတ်မျှမလှုပ်။

အစ်မလတ်ကို နှိုးမရမှန်း သိလိုက်၍ ကျွန်မလည်း ဘုရားကိုသာ သတိရမိသည်။ မေမေ ပြောပြချက်အရ ဘုရားစာရွတ်လျှင် သရဲပြေးသည်ဟုသိထား၍ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဆိုရန် စိတ်ကူးမိသော်လည်း နှုတ်က သမ္ဗုဒ္ဓေဟုသာ ရေရွတ်ပြီး ဆက်ဆိုရန် စာသားများမှာ စဉ်းစားမရတော့။ အားလုံးအသိဉာဏ်ထဲမှ ပြေးခွာပျောက်သွား၍ "သမ္ဗုဒ္ဓေ ...ဘုရား၊ သမ္ဗုဒ္ဓေ ...ဘုရား" ဟူ၍သာ အထပ်ထပ်အခါခါ ရေရွတ်နေမိသည်။ အသံကတော့ ပျောက်မသွားသေးပါ။ သို့သော် ဘုရားစာကို စတင်ရေရွတ်လိုက်သည်နှင့်တစ်ပြိုင်နက် ဆက်တိုက်ထွက်ပေါ်နေသော ခေါ်သံသည် တစ်စတစ်စ ကြိမ်နှုန်းလျော့ကျသွားပြီး တဖြည်းဖြည်းနှင့် အသံတိုးသွား၍ ကျွန်မအားတက်သွားမိသည်။ သို့ကြောင့် ဘုရားစာကိုသာ စိတ်အာရုံညွှတ်ကာ ထပ်ခါထပ်ခါ ရွတ်ပွားနေမိ၏။ ကျွန်မတစ်ကိုယ်လုံးလည်း ကြောက်စိတ်တို့ကြောင့် ချွေးစေးတို့ ပြန်ကာရွှဲစိုနေပြီ။

အသံကိုပင် ဂရုမစိုက်တော့ဘဲ မည်မျှကြာအောင် ရေရွတ်နေမိသည်မသိ။ ကျွန်မ သတိရ၍ နားစွင့်လိုက်သည့်အခါ

ခေါ်သံကို မကြားရတော့ပေ။ နောက်ပြီး စောစောက ကျွန်မစိတ်သန္တာန်ကို လွှမ်းမိုးချုပ်ကိုင်ထားသော ကြောက်စိတ်၊ လန့်ဖျားစိတ်တို့သည်လည်း လေနှင်သော ရွက်ကြွေပမာ ဝေးလွင့်ဖယ်ခွာသွားခဲ့ပြီ။ ထိုအခါမှပဲ ကျွန်မ ဆီးသွားချင်နေသည်ကို သတိပြုမိ၏။ သို့ပေမဲ့ ကျွန်မတစ်ယောက်တည်း အခန်းပြင်မထွက်ရဲပါ။ နေရာမှ ရွေ့လိုက်သည်နှင့် တစ်စုံတစ်ရာကို တွေ့လိုက်ရမည်စိုး၍ တစ်လက်မမှ မရွေ့လျားဘဲ ငြိမ်ငြိမ်ကလေး လှဲနေမိသည်။ အစ်မလတ်ကိုလည်း တင်းတင်းကျပ်ကျပ် ဖက်ထားဆဲ။

၅ မိနစ်ကို ကျွန်မ၏စိတ်တွင် ၅ နာရီခန့်ထင်နေမိခဲ့သည်။ ကျွန်မငြိမ်နေပြီး မကြာ တစ်ဖက်ခန်းဆီမှ တံခါးဖွင့်သံကြားလိုက်ရ၍ ကျွန်မ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အပြင်မီးချောင်းဖွင့်လိုက်၍ အခန်းတွင်းသို့ မီးရောင်ဖျော့ဖျော့ ဝင်လာ၏။ တစ်စုံတစ်ယောက် အိပ်ရာနိုးလာခဲ့ပြီ။ သို့သော် မထွက်ရဲသေးဘဲ မည်သူမည်ဝါလဲဆိုတာ သိရှိရစေရန် ပိတ်ထားသော တံခါးရွက်ကြားမှ ကျွန်မ ချောင်းကြည့်လိုက်တော့ ကျွန်မအခန်းဆီသို့ လျှောက်လာသော မေမေ့ကို တွေ့လိုက်ရသည်။ တံခါးပွင့်သည်နှင့်တစ်ပြိုင်နက် ကျွန်မ မေမေ့ကို ပြေးဖက်လိုက်သည်။

"ဟဲ့…သမီးငယ်၊ နိုးနေပြီလား။ ဟယ်…တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနေတာပဲ။ အင်္ကျီလဲရအောင်"

မေမေက ကျွန်မကိုဆွဲကာ တစ်ဖက်ခန်းထဲသို့သွားပြီး

အဝတ်အစားလဲပေး၏။ ကျွန်မက ယခုချိန်ထိ အတန်ငယ် ကြောက်ရွံ့နေဆဲမို့ မေမေ့လက်ကို ဖွတ်အတင်းဆုပ်ကိုင်ထား၍ မေမေကတောင် ကျွန်မပုံစံကိုကြည့်ကာ စိုးရိမ်စိတ်ဝင်နေသေးသည်။ ကျွန်မကတော့ မေမေမည်ကဲ့သို့ ထင်မြင်ပါစေ။ ဂရုမစိုက်တော့ဘဲ မေမေ့လက်ကိုသာ ဖွတ်အတင်းဆွဲကိုင်ထားရင်း ကြောက်ရွံ့သည့်စိတ်ကို ဖြေဖျောက်နေရသည်။

စောစောက ခေါင်းသံနက်ကြီးနဲ့ အော်နေတာ ဘယ်သူများလဲ။ ဘယ်ကလဲ။ အိမ်ရှေ့ကလို့တော့ ထင်တာပဲ။ စသည်ဖြင့် တွေးတောနေမိပေမယ့် ညဘက်ကြီးဖြစ်၍ သွားမစပ်စုရဲသေး။ အချိန်ကလည်း ည ၂ နာရီခန့်သာ ရှိသေးသောကြောင့် တစ်ရေးပြန်အိပ်လိုက်ရ၏။

× × ×

အကယ်၍ အဖြစ်မှန်ကိုသာ ညက သိလိုက်ရလျှင် ကျွန်မ ပြန်အိပ်ပျော်လိမ့်မည်မထင်။ မနက်မိုးအလင်း တစ်အိမ်လုံး အိပ်ရာထသည့်အခါမှ ကျွန်မ အိမ်ရှေ့ထွက်ကြည့်မိတော့ မြင်တွေ့လိုက်ရသော မြင်ကွင်းက ကျွန်မကို အံ့ဩသွားစေခဲ့သည်။

"ဟင်..ဘိုမကို ဘယ်သူက အိမ်ပြင်ထုတ်ထားတာလဲ"

မနက်စာ စားသောက်နေချိန် ဖြစ်သဖြင့် မည်သူကမျှ ကျွန်မမေးသည့်မေးခွန်းကို ဖြေဆိုရန်စိတ်မဝင်စားကြ။ ထိုမေးခွန်း

က သိပ်အရေးပါလှမှန်း သူတို့တစ်တွေမှမသိကြဘဲကိုး။ ကျွန်မလည်း အဆူခံရလျှင် ခံရပါစေတော့၊ သိရမှဖြစ်မည်ဟုတွေးကာ ထပ်ခါထပ်ခါအော်ရင်း တစ်ယောက်ချင်းစီကို လိုက်မေးမိသည်။

"ဩော်...သမီးငယ်ရယ်၊ အမေက ထားစရာလား။ သမီးအထားမှားတာနေမှာပေါ့"

"ဖေကြီးလည်း ဘယ်သိပါ့မလဲ။ ဖေကြီးက သမီးအရုပ်ကို ကိုင်မလား"

"ဟယ်...ရှုပ်တီးရှုပ်ယှက်၊ နင့်အရုပ်စုတ်ကို ငါက အိမ်ရှေ့တင်မကဘူး အမှိုက်ပုံးထဲမှာ ထားချင်တာ"

"ငါမကိုင်ဘူး။ နင်ကျူရှင်ကအပြန် အိမ်ရှေ့မှာ မေ့ကျန်ထားခဲ့တာ နေမှာပေါ့"

"ဟင့်အင်း ...သမီးမထားဘူး မလတ်၊ ဘယ်သူမှလည်းမထားဘဲ အဲဒီအရုပ်က ဘယ်လိုလုပ်ပြီး အိမ်ရှေ့ရောက်နေရတာလဲ။ သေချာတယ် ညက သမီးသူ့ကို ရှိုးကေ့စ်ထဲမှာ ထည့်ထားခဲ့တာ"

နောက်ဆုံး တစ်အိမ်သားလုံးသာ ကုန်သွားသည် ဘိုမရုပ်ကို ရှိုးကေ့စ်အပြင်ဘက် ထုတ်ယူပြီး အိမ်အပြင်သို့ သွားထားသည့် တရားခံကို ရှာမတွေ့ခဲ့ချေ။ ထိုဖြစ်ရပ်အပေါ် နားလည်နိုင်စွမ်း မရှိသော်လည်း မသိစိတ်က ညကအဖြစ်အပျက်သည် ထိုအရုပ်နှင့် ပတ်သက်မှုရှိနေသည်ဟုခံစားမိ၍ ဘိုမရုပ်ကို အစ်မ

ကြီး၏စိတ်ကူးအတိုင်း အမှိုက်ပုံးတွင် သွားလွှင့်ပစ်ခဲ့လိုက်၏။

ထိုစဉ်က ထိုဖြစ်ရပ်အပေါ် နားမလည်ခဲ့ပေမယ့် ယခု အရွယ်ရောက်သည့်အခါ၌ ရေးတေးတေး သဘောပေါက်လာမိသည်က ညနေစောင်းအချိန်တွင် လူသူကင်းမဲ့သည့် ကမူ/မြက်တောထဲမှ ဖြတ်လာသောကြောင့် မမြင်အပ်သူ တစ်စုံတစ်ရာက အရုပ်အပေါ် အမှီသဟဲပြုကာ တွယ်ကပ်လာနိုင်သလို၊ လမ်းလေးခွဆုံနေရာ၌ သူငယ်ချင်းက ကျွန်မ၏နောက်ကျောကိုကြည့်ပြီး သရဲ ...သရဲဟု အော်လိုက်သောကြောင့် မကျွတ်လွတ်သေးသည့် အမှောင့်ပယောဂတို့ကို သတိပေးသလိုဖြစ်ပြီး ကျွန်မထံပါးသို့ ပြေးလာကြကာ တွယ်ကပ်၍ ရနိုင်မည့်အရုပ်ဆီတွင် မှီခိုကာ အိမ်ထဲသို့ ဝင်လာကြခဲ့ကြခြင်း ဖြစ်ပေလိမ့်မည်ဟု ကျွန်မ သုံးသပ်မိပါသည်။ အကယ်၍ ကျွန်မသာ ဘုရားစာကို မရွတ်ဆိုဘဲ စိတ်ချောက်ချားကာ အပြင်သို့ ပြေးထွက်လာမိခဲ့လျှင်၊ (သို့မဟုတ်) စိတ်မထိန်းနိုင်ဘဲ အိမ်ရှေ့သို့ ထွက်သွားခဲ့လျှင် မည်ကဲ့သို့ ဆက်ဖြစ်မလဲဆိုတာကို ကျွန်မ မမှန်းဆတတ်ပါ။ လောကတွင် လူတို့၏ အသိဉာဏ်ဖြင့် တွေးခေါ်မှန်းဆ၍ မရနိုင်သောဖြစ်ရပ်ဆန်းကြယ် ကိစ္စရပ်များ အမှန်တကယ် တည်ရှိနေသည့်အကြောင်းကို ဤဖြစ်ရပ်မှန် ဝတ္ထုငယ်လေးနှင့် သက်သေထူလိုက်ရပါတော့၏။

ဂါဦးနွန်းကို